# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အလျှဒါနကို ဝမ်းမြောက်နိုင်၏**

စေးနည်းဝန်တိုသူတို့သည် နတ်ပြည်သို့ မရောက်နိုင်ကြကုန်။ လူမိုက်တို့သည် အလျှုဒါနကို မချီးမွမ်းကြကုန်။ ပညာရှိသည်သာ အလျှုဒါနကို ဝမ်းမြောက်နိုင်၏။ ထိုဝမ်းမြောက်မှုကြောင့်သာလျှင် ထိုပညာရှိသည် တမလွန်ဘဝ၌ ချမ်းသာရ၏။

လောကဝင် (ဓမ္မပဒ-၁၇၇)


၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက် | ၂၀၂၃ ခုနှစ်၊ အောက်တိုဘာ ၂၁ ရက်၊ စနေနေ့ | အတွဲ (၆၃)၊ အမှတ်(၀၂၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၃ ခုနှစ်၊ နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် အောက်တိုဘာ ၂၀

၂၀၂၃ ခုနှစ်၊ နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကျောက်မျက်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ၊ ပြည်တွင်း၊ ပြည်ပမှကျောက်မျက်လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ◆



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၃ ခုနှစ်၊ နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ရောင်းချရန် ပြသထားသော ကျောက်စိမ်းအတွဲများကို ကြည့်ရှုစစ်ဆေးစဉ်။




# ပြောင်းလဲလာသည့်ရာသီဥတုနှင့် လိုက်လျောညီထွေသည့် စိုက်နည်းစနစ်ကျင့်သုံး

ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုက စိုက်ပျိုးရေးလုပ်ငန်းများအပေါ်တွင် အကျိုးသက်ရောက်မှုများစွာ ဖြစ်ပေါ်စေသည်။ စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းရေးအတွက် လိုအပ်သော သွင်းအားစုများ၊ လုံလောက်သည့် ရေ၊ နည်းပညာနှင့် လုပ်အားများ စသည်တို့ ပြည့်စုံလုံလောက်စွာ မည်မျှစိုက်ထုတ်လုပ်ကိုင်စေကာမူ ရာသီဥတုဖောက်ပြန်လိုက်သည်နှင့် ကြိုးပမ်းလုပ်ကိုင်ခဲ့သမျှတို့ အရာမထင်သည့်အဖြစ်များကို တောင်သူလယ်သမားတို့ ကြုံတွေ့လာကြရပြီဖြစ်ရာ ပြောင်းလဲလာသည့် ရာသီဥတုနှင့် လိုက်လျောညီထွေသည့် စိုက်ပျိုးနည်းစနစ်များကို ကျင့်သုံးရန် လိုအပ်လျက်ရှိပြီဖြစ်သည်။

ရာသီဥတုပြောင်းလဲလာမှုအနေဖြင့် မြန်မာနိုင်ငံတွင် မုတ်သုံအဝင်နောက်ကျ၊ အထွက်စောကာ မုတ်သုံရာသီရက်တိုလာခြင်း၊ မိုးရွာသွန်းမှုပုံစံပြောင်းလဲလာခြင်း၊ ပျမ်းမျှအပူချိန်မြင့်တက်လာခြင်း စသည်တို့ကို တွေ့မြင်နိုင်သည်။ မိုးရွာသွန်းမှုကာလ ရက်တိုခြင်းကြောင့် မိုးရေရရှိမှုနည်းပါးလာရသလို မိုးသည်းထန်စွာရွာသည့်အခါရှိ၊ မိုးရွာရက်ဝေးသည့်အခါဝေး စသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းက စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းမှုကို ထိခိုက်စေသည်။ အချို့ရာသီဥတုအခြေအနေများတွင် သီးနှံဖျက်ပိုးမွှားများ ပေါက်ပွားမှုကို ပိုမိုဖြစ်ပေါ်စေပြီး စိုက်ခင်းများပိုးကျမှုတို့ ပိုမိုကြုံတွေ့လာရစေသည်။ ကမ္ဘာ့အပူချိန် (၁) ဒီဂရီတိုးတိုင်း စိုက်ပျိုးသီးနှံထွက်နှုန်း ၁၀ ရာခိုင်နှုန်း လျော့ကျစေသည်ဟု ပညာရှင်များကဆိုကြပြီး ကမ္ဘာ့အပူချိန်မြင့်မားလာမှုနှင့် ဆက်နွယ်၍ သီးနှံအထွက် ကျဆင်းလာမှုကြောင့် လွန်ခဲ့သည့် နှစ်ပေါင်း ၄၀ ကျော်အတွင်း ကမ္ဘာ့နိုင်ငံပေါင်း ၁၀၀ ကျော်တွင် စားနပ်ရိက္ခာပြတ်လပ်မှုဒဏ် ခံစားရသူများ သန်း ၁၀၀ နီးပါးခန့် တိုးလာသည်ဟုလည်း ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့က ထုတ်ပြန်ထားသည်။

မြန်မာနိုင်ငံအလယ်ပိုင်းသည် မိုးနည်းရေရှားရပ်ဝန်းဖြစ်ပြီး အပူချိန်မြင့်တက်လာခြင်းနှင့် မိုးရွာသွန်းမှု မမှန်ခြင်း၊ မိုးရေချိန်မညီမျှမှုသိသာစွာ တိုးလာခြင်းတို့က စားနပ်ရိက္ခာစိုက်ပျိုးထုတ်လုပ်မှုအပေါ် ထိခိုက်စေသည်။ အပူပိုင်းဒေသ မိုးနည်းရေရှားရပ်ဝန်းသည် နိုင်ငံ့ကုန်းမြေဧရိယာ စုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းခန့်ရှိပြီး နိုင်ငံ့လူဦးရေ၏ သုံးပုံတစ်ပုံတို့ နေထိုင်ကြရာ နေရာဖြစ်သည်။ စိုက်ပျိုးရေးအတွက် အချက်အချာကျသော ဒေသတစ်ခုဖြစ်ပြီး စိုက်ပျိုးရေရရှိရေးနှင့် ပြောင်းလဲလာသည့် ရာသီဥတုနှင့် လိုက်လျောညီထွေသည့် စိုက်နည်းစနစ်များ ဖြန့်ဝေပေးရန်တို့ အပြင် အခြားဝင်ငွေရရှိနိုင်သည့် လမ်းကြောင်းများအဖြစ် ရာသီဥတုဒဏ်ခံနိုင်သော မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန် အားပေးကူညီမှုများလည်း ဆောင်ရွက်ရန် လိုအပ်သည်။

ယခုနှစ်တွင် အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ကမ္ဘာလုံးဆိုင်ရာ အပူချိန်များ စံချိန်တင်မြင့်တက်လာနိုင်ကြောင်း ခန့်မှန်းထားပြီး နိုင်ငံတိုင်းက စားနပ်ရိက္ခာဖူလုံရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေကြရသည်။ မြန်မာနိုင်ငံအဖို့ စိုက်ပျိုးမွေးမြူရေးသည် အဓိကစီးပွားရေးဖြစ်သည့်အလျောက် အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် သီးနှံများ ပျက်စီးဆုံးရှုံးမှု၊ အထွက်နှုန်းကျဆင်းမှု၊ အရည်အသွေး ကျဆင်းမှုများ မဖြစ်စေရေး မျိုးစေ့ရွေးချယ်သည်မှ စိုက်ပျိုး၊ ရိတ်သိမ်းသည်အထိ ကြိုတင်ပြင်ဆင်ဖွယ်တို့ကို အသိပညာပေးမှုများ၊ မွေးမြူရေး၊ သားငါးထုတ်လုပ်ရေးကဏ္ဍတို့တွင်လည်း ကြိုတင်ပြင်ဆင်ရန်နှင့် ဆောင်ရွက်ရန် အကြောင်းအရာများကို အသိပညာဖြန့်ဝေမှုများ ပြုလုပ်လျက်ရှိသည်။

ရာသီဥတုပြောင်းလဲဖောက်ပြန်မှုနှင့် အယ်နီညိုကဲ့သို့သော ရာသီဥတုဖြစ်စဉ် စသည်တို့မှာ မိမိတို့အနာဂတ်တစ်လျှောက် ရင်ဆိုင်သွားရတော့မည့် အခြေအနေများပင်ဖြစ်ရာ မြန်မာနိုင်ငံ၏ အဓိကစိုက်ပျိုးသီးနှံများဖြစ်သော ဆန်စပါးနှင့် ပဲမျိုးစုံတို့အပြင် အခြားရာသီသီးနှံများ အားလုံးတို့တွင်လည်း စိုက်ပျိုးသည့်မျိုးများ၊ စိုက်ပျိုးသည့်နည်းစနစ်များ၊ သီးထပ်ပုံစံများ စသည်တို့ကို ဖြစ်ပေါ်လာမည့်အခြေအနေများနှင့် လိုက်လျောညီထွေဖြစ်အောင်၊ ရာသီဥတုပြောင်းလဲမှု၏ ဒဏ်များကို ခံနိုင်အောင် ပြုပြင်ပြောင်းလဲခြင်းဖြင့် နိုင်ငံ၏အဓိကစီးပွားနှင့် ၇၀ ရာခိုင်နှုန်းသော ပြည်သူလူထု၏ မှီခိုအားထားရာ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို ဆက်လက်ဆောင်ကြဉ်းကြရပါမည့်အကြောင်း။ ။

## ၂၀၂၃ ခုနှစ်၊ (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄) ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပုဗ္ဗသီရိမြို့နယ်၌ မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့် စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းများဆောင်ရွက်



နေပြည်တော် အောက်တိုဘာ ၂၀

ကျင်းပမည့် ရွေးကောက်ပွဲများတွင် အသုံးပြုမည့် မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့် စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းများကို ယနေ့တွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အေးမြင့်သာယာကျေးရွာအုပ်စု အေးချမ်းသာယာခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များဖြစ်သည့် ဦးကိုကိုလွင်နှင့် ဦးခင်ဇော်၊ ကော်မရှင်မှ တာဝန်ရှိသူများက အဆိုပါလုပ်ငန်းစဉ်နှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးကြသည်။

အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိန်ကြည်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အောင်သာယာရပ်ကွက်၊ ရွာတော်ကျေးရွာအုပ်စု၊ ဘဲကုန်းကျေးရွာအုပ်စုနှင့် အေးမြင့်သာယာကျေးရွာအုပ်စုတို့မှ အုပ်ချုပ်ရေးမှူးများ၊ အတွင်းရေးမှူးများနှင့် မဲဆန္ဒရှင်ပြည်သူများ တက်ရောက်၍ လက်တွေ့စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ကြသည်။

လက်တွေ့စမ်းသပ်မဲပေးရာတွင် မဲဆန္ဒရှင်များက မဲပေးစက်၏ ထိန်းချုပ်စက် (Control Unit) ကို ကိုင်တွယ်၍ ဆောင်ရွက်ခြင်းနှင့် မဲပေးပြီးသည့်အချိန်တွင် မဲပေးစက်မှထုတ်ပေးသည့် မဲရလဒ် စာရွက်နှင့် မဲပုံးအတွင်းရှိ မဲလက်မှတ်များကို တိုက်ဆိုင်စစ်ဆေး၍ မဲရလဒ်မှန်မမှန် စိစစ်ခြင်းတို့ကို လက်တွေ့ဆောင်ရွက်ကြသည်။

မဲဆန္ဒရှင် ပြည်သူများအနေဖြင့် မဲပေးစက်အသုံးပြု၍ လက်တွေ့စမ်းသပ်မဲပေးရာတွင် အချိန်တိုအတွင်း ရိုးရှင်းလွယ်ကူစွာ မဲပေးနိုင်ခြင်း၊ ပယ်မဲများ မရှိခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ မဲရလဒ်များအား အချိန်တိုအတွင်း သိရှိနိုင်ခြင်း၊ မဲမသမာမှုများကို ထိန်းချုပ်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်သည့်အတွက် မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် ဆန္ဒမဲပေးခြင်းအပေါ် ယုံကြည်သဘောကျ နှစ်သက်မှုရှိကြောင်း တွေ့ရှိရသည်။

ထိုသို့ လက်တွေ့ စမ်းသပ်မဲပေးခြင်းကို ပုဗ္ဗသီရိမြို့နယ်အတွင်း၌ လေးရက်မြောက် ဆောင်ရွက်ခြင်းဖြစ်ပြီး ရပ်ကွက်နှင့် ကျေးရွာအုပ်စု လေးခုမှ မဲဆန္ဒရှင်ပြည်သူများ၊ ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ စုစုပေါင်းအင်အား ၉၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ သတင်းစဉ်

## သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများလှူဒါန်း

ရန်ကုန် အောက်တိုဘာ ၂၀

မြန်မာနိုင်ငံ စာရေးဆရာအသင်းက ၁၃၈၅ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ် (၃၆) ကြိမ်မြောက်သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် စေတနာရှင်များက



အလှူငွေများ ဆက်လက်လှူဒါန်းလျက်ရှိသည်။ တောင်ဥက္ကလာပမြို့နယ် စာရေးဆရာအသင်းနှင့် သာကေတမြို့နယ် စာရေးဆရာအသင်းတို့က အလှူငွေကျပ်နှစ်သိန်းစီ၊ ဦးဖေသက်ညွန့် (ဆွေဇင်ညွန့်) မိသားစု၊ တောင်ဥက္ကလာပမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌဦးမြကျော် (မောင်မြကျော်) နှင့် လေအန်ကုန်းစာပေရပ်ဝန်းတို့က ငွေကျပ်တစ်သိန်းစီ၊ မိတ္ထီလာမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးတင်ထွဏ်း (တင်တော်) နှင့် မိတ္ထီလာမြို့နယ်စာရေးဆရာအသင်းတို့က ငွေကျပ်ငါးသောင်းစီ၊ ဆရာပန်းမျိုးခင် (တောင်ဥက္ကလာပမြို့နယ်) နှင့် စာရေးဆရာမင်းမြတ်မိုး(မန်းမြေ) အောင်မြေသာစံ မြို့နယ်တို့က အလှူငွေကျပ်နှစ်သောင်းစီ ပေးအပ်လှူဒါန်းကြရာ အသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)၊ အတွင်းရေးမှူး ဦးညွန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်)၊ တွဲဖက်အတွင်းရေးမှူးများ ဖြစ်ကြသည့် ဦးအောင်သန်းဦး (ပုသိမ်အောင်သန်းဦး)နှင့် ဦးအောင်ကြည် (အောင်ကြည်ညွန့်- တက္ကသိုလ်) တို့က လက်ခံယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာရေးဆရာအသင်း အမှတ် (၁၇၃/၁၇၅) ပန်းဆိုးတန်းလမ်း (အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း- ၀၁-၂၅၃၃၁၇၊ ၀၉-၅၀၀၉၀၃၈၆သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ သတင်းစဉ်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ ကျောက်မျက်ရတနာပစ္စည်းများ ထုတ်လုပ်ရောင်းချမှုနှင့် ၂၀၂၃ ခုနှစ်၊ နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲအခမ်းအနားကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ကြည့်ရှုကြစဉ်။

◆ *ရွှေဖုံးမှ*

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ကျောက်မျက်ရတနာ ပြပွဲများ ကျင်းပရောင်းချခဲ့မှု၊ မြန်မာ့ပုလဲများ ထုတ်လုပ်မှုနှင့် ရောင်းချနိုင်မှု၊ ကျောက်မျက်ရတနာပစ္စည်းများ ထုတ်လုပ်မှုနှင့် ၂၀၂၃ ခုနှစ်၊ နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲအခမ်းအနား ကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ကြည့်ရှုကြသည်။

**လိုအပ်သည်များ မှာကြား**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ၂၀၂၃ ခုနှစ်၊ နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ရောင်းချရန် မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း ပြသထားသော ကျောက်စိမ်း၊ ကျောက်မျက်အတွဲများနှင့် ပုလဲအတွဲများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပုဂ္ဂလိက ကျောက်မျက်ရတနာအချောထည် အရောင်းပြခန်းများ ဖွင့်လှစ်ရောင်းချနေမှုကို လိုက်လံကြည့်ရှုအားပေးပြီး ခန်းမအပြင်ဘက်တွင် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းရိုင်းအတွဲများကို ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိရန်နှင့် နိုင်ငံသားများအတွက်စီးပွားရေးအကျိုးဖြစ်ထွန်းမှုများ ရရှိနိုင်စေရန်အတွက် တူးဖော် ထုတ်လုပ်ထားသည့် ကျောက်မျက် ရတနာများကို

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၃ ခုနှစ်၊ နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ရောင်းချရန် ပြသထားသော ပုလဲအတွဲများကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပုဂ္ဂလိကကျောက်မျက်ရတနာအချောထည် အရောင်းပြခန်းများ ဖွင့်လှစ်ရောင်းချမှုကို ကြည့်ရှုအားပေးစဉ်။

❖ **ယခုရတနာပြပွဲတွင် ပုလဲအတွဲပေါင်း ၃၀၀၊ ကျောက်မျက်အတွဲပေါင်း ၁၆၀ နှင့် ကျောက်စိမ်းအတွဲပေါင်း ၄၀၂၅ တွဲတို့ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်**

❖ **ပုလဲအတွဲနှင့် ကျောက်မျက်အတွဲတို့ကို အမေရိကန်ဒေါ်လာဖြင့် ကြမ်းခင်းဈေးသတ်မှတ်ထားကာ ဝယ်ယူခွင့်ရရှိသည့် ပြည်ပရတနာကုန်သည်များအနေဖြင့် အမေရိကန်ဒေါ်လာ၊ ယူရိုငွေ၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေတို့ဖြင့်လည်းကောင်း၊ ပြည်တွင်းရတနာကုန်သည်များအနေဖြင့် ကျပ်ငွေဖြင့်လည်းကောင်း ပေးချေဝယ်ယူနိုင်မည်ဖြစ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခန်းမအပြင်ဘက်တွင် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းရိုင်းအတွဲများကို ကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၃ မှ*

ရောင်းချနိုင်မည့် မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို ၁၉၆၄ ခုနှစ်မှ စတင်၍ ကျင်းပခဲ့သည်။ ယခုရတနာပြပွဲတွင် ပုလဲအတွဲပေါင်း ၃၀၀၊ ကျောက်မျက်အတွဲပေါင်း ၁၆၀ နှင့် ကျောက်စိမ်းအတွဲပေါင်း ၄၀၂၅ တွဲတို့ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ပြီး ပုလဲအတွဲနှင့် ကျောက်မျက်အတွဲတို့ကို အမေရိကန်ဒေါ်လာဖြင့် ကြမ်းခင်းဈေး သတ်မှတ်ထားကာ ဝယ်ယူခွင့်ရရှိသည့် ပြည်ပရတနာကုန်သည်များ အနေဖြင့် အမေရိကန်ဒေါ်လာ၊ ယူရိုငွေ၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေတို့ဖြင့်လည်းကောင်း၊ ပြည်တွင်းရတနာကုန်သည်များ အနေဖြင့် ကျပ်ငွေဖြင့်လည်းကောင်း ပေးချေဝယ်ယူနိုင်မည်ဖြစ်သည်။

**အုပ်စု(၃)စု ခွဲခြားထား**

ကျောက်စိမ်း အတွဲများ ရောင်းချရာတွင် အုပ်စု(၃)စုခွဲခြားထားပြီး နိုင်ငံခြားငွေရရှိရန်အတွက် ကျောက်စိမ်းအတွဲအုပ်စု (အေ)နှင့်(ဘီ)ဖြင့်လည်းကောင်း၊ MSME လုပ်ငန်းရှင်များကို အားပေးမြှင့်တင်ရန်အတွက် အုပ်စု(စီ)ဖြင့်လည်းကောင်း သတ်မှတ်ထားသည်။

**ပေးချေဝယ်ယူရမည်**

ကျောက်စိမ်းအတွဲ ၅၀၀ ပါဝင်သည့် အုပ်စု(အေ)ကို အမေရိကန်ဒေါ်လာဖြင့် ကြမ်းခင်းဈေး သတ်မှတ်ထားပြီး ပြည်ပရတနာကုန်သည်များသာမက ပြည်တွင်းရတနာကုန်သည်များပါ အမေရိကန်ဒေါ်လာ၊ ယူရိုငွေ၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေ စသည့်နိုင်ငံခြားငွေဖြင့် ပေးချေဝယ်ယူရမည်ဖြစ်သည်။

ကျောက်စိမ်းအတွဲ ၁၇၃၃ တွဲ ပါဝင်သည့် အုပ်စု(ဘီ)ကို အမေရိကန်ဒေါ်လာဖြင့် ကြမ်းခင်းဈေး သတ်မှတ်ထားပြီး ပြည်ပရတနာကုန်သည်များ အနေဖြင့် နိုင်ငံခြားငွေဖြင့် လည်းကောင်း၊ ပြည်တွင်းရတနာကုန်သည်များ အနေဖြင့် ကျပ်ငွေ (သို့မဟုတ်) နိုင်ငံခြားငွေဖြင့် လည်းကောင်း ပေးချေဝယ်ယူနိုင်မည်ဖြစ်သည်။



၂၀၂၃ ခုနှစ်၊ နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပမှုကို တွေ့ရစဉ်။

MSME လုပ်ငန်းရှင်များကို အားပေးမြှင့်တင်ရန် ရည်ရွယ် ရောင်းချသည့် ကျောက်စိမ်းအတွဲ ၁၇၉၂ တွဲပါဝင်သည့် အုပ်စု(စီ)ကို ကျပ်ငွေဖြင့် ကြမ်းခင်းဈေး သတ်မှတ်ထားပြီး ပြည်တွင်းရတနာကုန်သည်များကသာ ကျပ်ငွေဖြင့် ပေးချေဝယ်ယူခွင့်ရှိကြောင်း သိရသည်။

ယခု ကျင်းပပြုလုပ်သည့် ၂၀၂၃ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲကို အောက်တိုဘာ ၂၀ ရက်မှ ၂၈ ရက်အထိ ခင်းကျင်းပြသရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ၂၀၂၃ ခုနှစ်၊ နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ စတင်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၀**

၂၀၂၃ ခုနှစ်၊ နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပထမနေ့ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပရာ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များဖြင့် စည်ကားလျက်ရှိသည်။

နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များသည် ခန်းမအတွင်း ပြသထားသည့် ပုလဲအတွဲများ၊ ကျောက်စိမ်း၊ ကျောက်မျက်အတွဲများနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအရိုင်းအတွဲများကို စိတ်ကြိုက်လေ့လာ ကြည့်ရှုကြသည်။



ထို့နောက် ရတနာကုန်သည်များသည် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည့် ပုလဲအတွဲများနှင့် ကျောက်မျက်အတွဲများအတွက် ဈေးနှုန်း တင်သွင်းလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ပုလဲအတွဲများကို အောက်တိုဘာ ၂၀ ရက်တွင် စတင်ခင်းကျင်းပြသပြီး အောက်တိုဘာ ၂၁ နှင့် ၂၂ ရက်များတွင် ရောင်းချပေးသွားမည်ဖြစ်၍ ကျောက်မျက်အတွဲများကို အောက်တိုဘာ ၂၀ ရက်မှ ၂၂ ရက်အထိ ခင်းကျင်းပြသပြီး အောက်တိုဘာ ၂၃ ရက်တွင် ရောင်းချပေးသွားမည်ဖြစ်ကာ ကျောက်စိမ်းအတွဲများကို အောက်တိုဘာ ၂၀ ရက်မှ ၂၇ ရက်အထိ ခင်းကျင်းပြသပြီး အောက်တိုဘာ ၂၄ ရက်မှ ၂၈ ရက်အထိ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။



ထို့ပြင်မဏိရတနာကျောက်စိမ်းခန်းမအတွင်း၌ ကျောက်မျက်ရတနာနှင့် လက်ဝတ်ရတနာ အရောင်းဆိုင်များကိုလည်း ဖွင့်လှစ်ထားရှိရာ လာရောက်လေ့လာဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်။

ယခုရတနာပြပွဲတွင် ပုလဲအတွဲပေါင်း ၃၀၀၊ ကျောက်မျက်အတွဲပေါင်း ၁၆၀ နှင့် ကျောက်စိမ်းအတွဲပေါင်း ၄၀၂၅ တွဲတို့ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကာ ပုလဲအတွဲများကို အမေရိကန်ဒေါ်လာဖြင့် ကြမ်းခင်းဈေး သတ်မှတ်ထားပြီး ဝယ်ယူခွင့်ရရှိသည့် ပြည်ပရတနာကုန်သည်များအနေဖြင့် အမေရိကန်ဒေါ်လာ၊ ယူရိုငွေ၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေတို့ဖြင့်လည်းကောင်း၊ ပြည်တွင်းရတနာကုန်သည်များအနေဖြင့် ကျပ်ငွေဖြင့်လည်းကောင်း ပေးချေဝယ်ယူနိုင်မည်ဖြစ်သည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ခေါင်းဆောင်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရုံး (၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့် အပါအဝင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာနတို့မှ အဆင့်မြင့်အရာရှိကြီးများ ပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့တွင် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ကျင်းပသော တတိယအကြိမ် ရပ်ဝန်းနှင့် ပိုးလမ်းမ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် (Third Belt and Road Forum for International Cooperation) သို့ တက်ရောက်ခဲ့ပြီး အောက်တိုဘာ ၁၉ရက် ညပိုင်းက မြန်မာနိုင်ငံသို့ လေကြောင်းခရီးစဉ်ဖြင့် ပြန်လည်ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။




### (၁၀) နှစ်ပြည့် အထိမ်းအမှတ်

တတိယအကြိမ် ရပ်ဝန်းနှင့် ပိုးလမ်းမ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ကို အရည်အသွေးမြင့် ပိုးလမ်းမ ပူးပေါင်းဆောင်ရွက်မှုကို ဖော်ဆောင်၍ စီမံကိန်းတွင် ပါဝင်သည့် နိုင်ငံများအားလုံး၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောရေးအတွက် အတူလက်တွဲ ပူးပေါင်းဆောင်ရွက်ရန်နှင့် ပိုးလမ်းမ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ် (Third Belt and Road Initiative) စတင်ခဲ့သည့် (၁၀) နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ကျင်းပခြင်းဖြစ်ပြီး အရည်အသွေးမြင့် ပိုးလမ်းမပူးပေါင်းဆောင်ရွက်မှုကို ဖော်ဆောင်၍ နိုင်ငံများအားလုံး၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောရေးအတွက် အတူလက်တွဲ ပူးပေါင်းဆောင်ရွက်ကြပါစို့ (High-quality Belt and Road Cooperation: Together for Common Development and Prosperity) ခေါင်းစဉ်ဖြင့် ပြုလုပ်သည့် ယခုနှစ် Belt and Road ဖိုရမ်အား High-Level Forum on Digital Economy၊ High Level Forum on Green Development နှင့် High Level Forum on Connectivity ဟူ၍ High-Level Forum (၃) ခုနှင့် ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲ (၆)ခုတို့ဖြင့် တစ်ပြိုင်တည်း ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

### တက်ရောက်ဆွေးနွေး

ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ဦးဆောင်သည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်အဖွဲ့သည် High-Level Forum on Digital Economy တက်ရောက်ဆွေးနွေးခဲ့သည်။

ဖိုရမ်ဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၈ရက် နံနက်ပိုင်းက China Great Hall ပြည်သူ့ခန်းမဆောင်၌ ကျင်းပပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ရှီကျင့်ဖျင် တက်ရောက်ဖွင့်လှစ်ပေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် China National Convention Center (CNCC) ၌ ပြုလုပ်သည့် High-level Forum on Digital Economy သို့ တက်ရောက်ခဲ့သည်။

Digital Economy Forum တွင် ချီလီနိုင်ငံ၊ အာဂျင်တီးနားနိုင်ငံ၊ ကွန်ဂိုနိုင်ငံ၊ ကင်ညာနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ နိုင်ဂျီးရီးယားနိုင်ငံနှင့် ဂရိနိုင်ငံတို့မှ နိုင်ငံခေါင်းဆောင်တို့က ၎င်းတို့ နိုင်ငံအသီးသီးတွင် ဒစ်ဂျစ်တယ်စီးပွားရေးနှင့် ဒစ်ဂျစ်တယ် ပြုပြင်ပြောင်းလဲမှု ဆောင်ရွက်နေသည့် အခြေအနေများ၊ BRI စီမံကိန်းများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် ပြည်တွင်း ဒစ်ဂျစ်တယ်အခြေခံအဆောက်အဦများ တည်ဆောက်ခြင်းတွင် ပါဝင်ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများကို Leaders Statement များအဖြစ် ရှင်းလင်းပြောကြားကြသည်။

ယင်းဖိုရမ်တွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက “The Opportunities of Digital Economy for shared benefits and mutual learning” ခေါင်းစဉ်ဖြင့် BRI မိတ်ဖက်နိုင်ငံ ၁၅နိုင်ငံမှ ဒစ်ဂျစ်တယ်စီးပွားရေးဆိုင်ရာ ဝန်ကြီးများနှင့်အတူ Speaker အဖြစ် ပါဝင်ဆွေးနွေးခဲ့သည်။

မြန်မာကိုယ်စားလှယ် အဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန (၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်တို့သည် Thematic Session on People-to-people Bonds သို့လည်းကောင်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးလှမောင်သိန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် High-Level Forum on Green Development သို့လည်းကောင်း တက်ရောက်ဆွေးနွေးခဲ့ကြသည်။

### ပူးတွဲကြေညာချက်ထုတ်ပြန်

တတိယအကြိမ် ရပ်ဝန်းနှင့်ပိုးလမ်းမ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်တွင် “Beijing Initiative on the Belt and Road International Digital Economy Cooperation” နှင့် “Initiative on International Trade and Economic Cooperation Framework for Digital Economy and Green Development” ပူးတွဲကြေညာချက်တို့ကို ထုတ်ပြန်ခဲ့သည်။

အောက်တိုဘာ ၁၇ ရက်က စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်သည် တရုတ်နိုင်ငံ China Association of Science and Technology မှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး စက်မှုဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသည့် သက်မွေးသင်တန်းကျောင်းတွင် လျှပ်စစ်ကားများ ပြုပြင်ထိန်းသိမ်းမှုဆိုင်ရာ သင်တန်းများအတွက် သင်ကြားရေးတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေး အခြေအနေများနှင့် သတ္တုဗေဒဆိုင်ရာနှင့် စက်မှုနည်းပညာကဏ္ဍ ပူးပေါင်းဆောင်ရွက်နိုင်မှု အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

အောက်တိုဘာ ၁၇ ညပိုင်းတွင် မြန်မာ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ကိုယ်စားလှယ်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်တို့သည် တတိယအကြိမ် ရပ်ဝန်းနှင့်ပိုးလမ်းမ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် အထိမ်းအမှတ်အဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ရှီကျင့်ဖျင်က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ကြသည်။

ယခုကျင်းပသည့် ဖိုရမ်တွင် နိုင်ငံပေါင်း ၂၅နိုင်ငံမှ နိုင်ငံတော်အကြီးအကဲများ၊ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်နှင့် နိုင်ငံပေါင်း ၁၅၀မှ ဝန်ကြီးများ၊ အဆင့်မြင့်အရာထမ်း ကိုယ်စားလှယ်များ၊ နိုင်ငံတကာအဖွဲ့အစည်း ၃၀ ကျော်တို့မှ ကိုယ်စားလှယ်များနှင့် ကျွမ်းကျင်သူပညာရှင်များ အပါအဝင် စုစုပေါင်း ၄၀၀၀ ခန့် ပါဝင်တက်ရောက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ဝေါမြို့နယ်အတွင်း ရေကြီးနစ်မြုပ်ခဲ့သည့် မိုးစပါးကေများအား ထိခိုက်ပျက်စီးမှု အနည်းဆုံးဖြင့် ရိတ်သိမ်းနိုင်ရေး စပါးရိတ်သိမ်းခြွေလှေ့စက်များဖြင့် ဆောင်ရွက်ပေးလျက်ရှိ

**ဝေါ အောက်တိုဘာ ၂၀**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ဝေါမြို့နယ်အတွင်း ရေကြီးနစ်မြုပ်ခဲ့သည့် မိုးစပါးကေများအား ထိခိုက်ပျက်စီးမှု အနည်းဆုံးဖြင့် ရိတ်သိမ်းနိုင်ရေးအတွက် စပါးရိတ်သိမ်းခြွေလှေ့စက်များဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ မွန်းလွဲပိုင်းတွင် အင်းတိုင်စုကျေးရွာ၊ စိုင်တီစုကျေးရွာနှင့် အရှေ့ဘက်ကမ်း ရပ်ကွက်အတွင်းရှိ လယ်များအား ရိတ်သိမ်းဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ မိုးစပါးကေများအား ထိခိုက်ပျက်စီးမှု အနည်းဆုံးဖြင့် ရိတ်သိမ်းနိုင်ရေးအတွက် စပါးရိတ်သိမ်း ခြွေလှေ့စက်များဖြင့် ဆောင်ရွက်ပေးလျက်ရှိရာတွင် မြို့နယ်စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးသီဟထွန်းနှင့် ကော်မတီဝင်များက ကွင်းဆင်းကြီးကြပ်၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **စိုးမိုး(ပြန်/ဆက်)**

## ဘီးလင်းမြို့နယ်၌ ရေပေးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ဘီးလင်း အောက်တိုဘာ ၂၀**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေကျပ် ၂၄ ဒသမ ၈၄ သန်းဖြင့် အောင်မြန်မာလင်းကုမ္ပဏီမှ တင်ဒါအောင်မြင်ဆောင်ရွက်သည့် ဘီးလင်းမြို့နယ် ပိုင်ဒံလေးကျေးရွာ တွင်းနက်တူးဖော်ခြင်းလုပ်ငန်း ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးမှုနှင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေကျပ် ၂၄ ဒသမ ၅ သန်းဖြင့် Standard Bilin ကုမ္ပဏီမှ တင်ဒါအောင်မြင်ဆောင်ရွက်သည့် မရမ်းကုန်းကျေးရွာကွက်သစ် တွင်းနက်တူးဖော်ခြင်းလုပ်ငန်း ၈၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးမှုများကို ကျိုက်ထိုခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး၊ ဘီးလင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက အောက်တိုဘာ ၂၀ ရက်က ကြည့်ရှုစစ်ဆေးပြီး တင်ဒါအောင်ကုမ္ပဏီအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ တွင်းနက်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ နွေရာသီရေရှားပါးမှုပြဿနာများကို ဖြေရှင်းနိုင်မည်ဖြစ်ပြီး ကျေးလက်နေပြည်သူများအနေဖြင့် သန့်ရှင်းသော သောက်သုံးရေများကို အသုံးပြုလာနိုင်မည်ဖြစ်သည်။ **မြို့နယ်(ပြန်/ဆက်)**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၂၀**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# နယ်ချဲ့မီဒီယာ၊ ဒီမိုကရေစီ၊ ရေနံနိုင်ငံရေး၊ အကြမ်းဖက်မှုဝေါဟာရရှင်းတမ်း

တက္ကသိုလ်မြတ်သူ

*(ယမန်နေ့မှအဆက်)*

ဆရာကြီးက ဤစာရေးသူဖတ်ရန်ဟုပြောကာ အမေရိကန်မှ ဘာသာဗေဒ ပါမောက္ခစာရေးဆရာ ပညာရှင် နိုအမ်ချွမ်စကီး(Noam chumski)ရေးသားသော အရှေ့တောင်အာရှနိုင်ငံများတွင် အမေရိကန်မွေနှောက်နေပုံ စာအုပ်တစ်အုပ်ပေးခဲ့သည်။

ထိုစာအုပ်ကိုဖတ်ပြီး အသက် ၈၀ ကျော် ဘာသာဗေဒပါမောက္ခ အမေရိကန်စာရေးဆရာကြီး နိုအမ် ချွမ်စကီး၏လက်ရာကို သဘောကျသွားသဖြင့် နိုအမ်ချွမ်စကီး၏ ရေးသားသော စာအုပ် ၁၅ အုပ်ခန့်ရအောင် ရှာဝယ်စုဆောင်းလေ့လာခဲ့သည်။ အချို့ကို ထုတ်နုတ်ရေးသားခဲ့သည်။ ထိုစာအုပ်အားလုံး ၂၄-၁၁-၂၀၂၂ ရက်နေ့က နေပြည်တော်အမျိုးသား စာကြည့်တိုက်သို့ ဤစာရေးသူ၏ ကိုယ်ပိုင်စာကြည့်တိုက်တစ်ခုလုံး ပေးအပ်လှူဒါန်းရာ၌ ထိုစာအုပ်များပါသွားခဲ့ပါပြီ။ ယင်းစာအုပ်များတွင် PERILOUS POWER (အန္တရာယ်ကြီးမားသော အာဏာပါဝါ)စာအုပ်ကို ပါမောက္ခ နိုအမ်ချွမ်စကီး (ယနေ့ဆိုလျှင် အသက် ၉၀ ကျော် ၁၀၀ အတွင်း) နှင့် ယခုအခါ ပြင်သစ်နိုင်ငံ ပါရီတက္ကသိုလ်တွင် နိုင်ငံရေးနှင့် နိုင်ငံတကာဆက်ဆံရေးဘာသာ ပို့ချနေသော ပါမောက္ခ ဂီးလ်ဘတ်အက်ချ်ကာ(GILBERT ACHCAR)တို့ ပူးပေါင်းရေးသားပြီး စတီဗင်အာရ်ရှာလွမ်က အမှာစာ ရေးသားထားပါသည်။ (STEPHEN R. SHALON)။ ထိုစာအုပ်မှ ရှာလွမ်၊ အက်ချ်ကာနှင့် နိုအမ်ချွမ်စကီးတို့ အပြန်အလှန်ဆွေးနွေးကြပုံကို ထုတ်နုတ်တင်ပြအပ်ပါသည်။ ဖတ်ရှုကြည့်တော်မူကြပါကုန်။ စတီဗင်အာရ်ရှာလွမ်မှာ အမေရိကန် နယူးဂျာစီ ဝီလျံပတ်တာဆင်တက္ကသိုလ်မှ ပါမောက္ခဖြစ်သည်။

(ရှာလွမ်) “အကြမ်းဖက်မှုဆိုတဲ့စကားလုံးကို ကျိုးကြောင်းဆီလျော်အောင် ဘယ်လိုအဓိပ္ပာယ်ဖွင့်ကြမလဲ။”

**အကြမ်းဖက်မှုအဓိပ္ပာယ်**

(ချွမ်စကီး) “၁၉၈၁ ခုနှစ်ကတည်းက အကြမ်းဖက်မှုအကြောင်း ကျွန်တော်ရေးခဲ့တာပါဗျာ။ အဲဒီတုန်းက အမေရိကန်သမ္မတ ရော်နယ်ရီဂင်နဲ့ နိုင်ငံခြားရေးဝန်ကြီး ဂျော့ရှူလ်ဇ် (SHULTZ) တို့ အစိုးရလူကြီးများကိုယ်တိုင် ဦးဆောင်ညွှန်ကြားတဲ့ နိုင်ငံတကာအကြမ်းဖက်မှုတိုက်ဖျက်ရေး စစ်ပွဲဆင်နွှဲရမယ်လို့ နိုင်ငံအချို့ကို ရည်ရွယ်ပြောကြားခဲ့တယ်။ အကြမ်းဖက်မှုဟာ ဒီနေ့ခေတ်ရဲ့ ပလိပ်ရောဂါ(ကူးစက်မြန်ပြီး မချိမဆံ့ခံစားသေဆုံးလွယ်သောရောဂါ)ဖြစ်တယ်။ ဘာဘေးရီးယန်း လူရိုင်းကြီးတွေရဲ့ခေတ်ကို တစ်ကျော့ပြန် ရောက်လာနေပြီ။ အကြမ်းဖက်မှုတွေ ကူးစက်ပျံ့နှံ့လာပေပြီ စတဲ့စကားတွေ အများကြီး ပြောခဲ့ကြတယ်။ ကျွန်တော်တို့ဖွင့်ဆိုတဲ့ အကြမ်းဖက်မှုအဓိပ္ပာယ်ကတော့ နိုင်ငံရေးအရ၊ ဘာသာရေးအရ၊ သဘောတရား (အယူဝါဒရေးရာအရ) ကိုယ်ထိလက် ရောက်တိုက်ခိုက်လာရင် သို့မဟုတ် တိုက်ခိုက်မယ်လို့ ခြိမ်းခြောက်ရင် အကြမ်းဖက်မှုပဲဖြစ်တယ်။”

“သမ္မတ ရီဂင်အစိုးရက ဖိအားပေးမှုကြောင့် ၁၉၈၇ ခုနှစ် ဒီဇင်ဘာလမှာ ကုလသမဂ္ဂအထွေထွေ ညီလာခံက အကြမ်းဖက်မှုတိုက်ဖျက်ရေးကို အစိုးရများ ပူးပေါင်းလုပ်ဆောင်ရမယ်ဆိုတဲ့ ဆုံးဖြတ်ချက်ချခဲ့တယ်။ အဲဒီဆုံးဖြတ်ချက်ကို ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ၁၅၃ နိုင်ငံက ထောက်ခံမဲပေးခဲ့တယ်။ (အဖွဲ့ဝင်အားလုံးရဲ့ လေးပုံသုံးပုံ ထောက်ခံမဲဖြစ်သည်) ကန့်ကွက်ခဲ့တဲ့ နှစ်နိုင်ငံကတော့ အမေရိကန်ပြည်ထောင်စုနဲ့ အစ္စရေးနိုင်ငံတို့ပဲဖြစ်တယ်။ အဲဒီဆုံးဖြတ်ချက်မှာ “ယခုဆုံးဖြတ်ချက်သည် နိုင်ငံများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းဆုံးဖြတ်ခွင့်၊ လွတ်လပ်ခွင့်တို့ကို ကုလသမဂ္ဂပဋိညာဉ်စာချုပ်အရ ကြိုးပမ်းလုပ်ဆောင်မှုများကို မထိခိုက်စေရ”လို့ ဆိုပါတယ်။ အဲဒီလိုပါတာကို အမေရိကန်နဲ့အစ္စရေးတို့က မကြိုက်ကြဘူး။ တိုင်းတစ်ပါးလက်အောက် ကျရောက် ကျွန်ဖြစ်နေရတဲ့ လူမျိုးတွေ၊ အဲဒီပြည်သူတွေရဲ့ လွတ်လပ်ရေးပြန်ရအောင် တိုက်တာတွေဟာ အကြမ်းဖက်မှုမဟုတ်ဘူးလို့ ကုလသမဂ္ဂဆုံးဖြတ်ချက်က ဆိုလိုတာပါပဲ၊ အမေရိကန်နဲ့ အစ္စရေးဟာ သူတို့ ကျူးကျော်သိမ်းပိုက်ထားတဲ့ ဒေသကလူတွေ လွတ်လပ်ရေးအတွက် တော်လှန်တယ်ဆိုတာ လက်မခံနိုင်ကြဘူးလေ။

(အက်ချ်ကာ) “ဥရောပနိုင်ငံများသမဂ္ဂ ၂၀၀၆ ခုနှစ် ဇွန်လမှာ အကြမ်းဖက်မှုနှင့်ပတ်သက်ပြီး အဓိပ္ပာယ်ဖွင့်ခဲ့တယ်။ ဥရောပသမဂ္ဂ EU ကတော့ အကြမ်းဖက်မှုဆိုတာ စီးပွားရေးထိခိုက်စေရန် ပုဂ္ဂလိကပိုင်ပစ္စည်းကိုဖြစ်စေ၊ဖျက်ဆီးခြင်း၊ဖျက်ဆီးပစ်ရန်ကြံကာ ခြိမ်းခြောက်ခြင်းတို့ ပါဝင်သည်”တဲ့ဗျာ။

> ❖ **အကြမ်းဖက်မှုဟာ ဒီနေ့ခေတ်ရဲ့ ပလိပ်ရောဂါ (ကူးစက်မြန်ပြီး မချိမဆံ့ခံစားသေဆုံးလွယ်သောရောဂါ) ဖြစ်တယ်။ ဘာဘေးရီးယန်းလူရိုင်းကြီးတွေရဲ့ခေတ်ကို တစ်ကျော့ပြန်ရောက်လာနေပြီ**
>
> ❑ **အကြမ်းဖက်မှုဆိုတာ အင်အားသုံးပြီး အရပ်သားများကို ပစ်မှတ်ထားတိုက်ခိုက်တာမျိုး သဘောတရားရေးအရ ဘာသာရေးအရ၊ နိုင်ငံရေးအရ သို့မဟုတ် အခြားရည်ရွယ်ချက်နဲ့ဖြစ်စေ၊ နိုင်ငံတစ်ခုရဲ့ အစိုးရအပေါ် မိမိတို့ ဩဇာလွှမ်းမိုးလိုတဲ့ ရည်ရွယ်ချက်နဲ့ဖြစ်စေ၊ အင်အားသုံးတိုက်ခိုက်တာမျိုး အဲဒီလို အင်အားသုံးတိုက်ခိုက်မယ်လို့ ခြိမ်းခြောက်တာမျိုး တကယ်တမ်းတော့လည်း အရပ်သားပြည်သူတွေကို အဓိကတိုက်ခိုက်တာက တကယ့်အကြမ်းဖက်မှုပဲ**

**ကျူးကျော်မှုအဓိပ္ပာယ်**

(ချွမ်စကီး) “သူတစ်ပါးနိုင်ငံကို အင်အားသုံးပြီး နိုင်လိုမင်းထက် ကျူးကျော်တိုက်ခိုက် (သိမ်းပိုက်)ခြင်းဟာလည်း အကြမ်းဖက်တာပဲဗျာ။ ဒုတိယကမ္ဘာစစ်အတွင်း ဂျာမန်နာဇီတွေ ကျူးလွန်ခဲ့တဲ့ စစ်ရာဇဝတ်မှုတွေကို ၁၉၄၅ ခုနှစ်မှာ နူရင်ဘတ်ခုံရုံးဖွင့်စစ်ဆေးတော့ အကျိုးဆောင် (ရှေ့နေချုပ်) လုပ်ခဲ့တဲ့ ရောဘတ်ဂျက်ဆန်က ကျူးကျော်မှုအဓိပ္ပာယ်ကို အခုကျွန်တော်ပြောသလိုဖွင့်ခဲ့တယ်။ ဒါ့ကြောင့်လည်း ဒုတိယကမ္ဘာစစ်ကြီးဖန်တီးပြီး နိုင်ငံများစွာကို အင်အားသုံး ကျူးကျော်တိုက်ခိုက်ညှဉ်းပန်းမှုတွေလုပ်ခဲ့လို့ နာဇီဂျာမန်၊ အီတလီဖက်ဆစ်၊ ဂျပန်ဖက်ဆစ်ကောင်တွေကို နူရင်ဘတ်စစ်ခုံရုံး၊ တိုကျိုစစ်ခုံရုံးတွေက စွဲချက်တင်အပြစ်ပေးခဲ့တာပေါ့။ ၁၉၇၄ ခုနှစ်က ကုလသမဂ္ဂအထွေထွေညီလာခံမှာ ကျူးကျော်မှု အနက်အဓိပ္ပာယ်ဖွင့်ဆိုတဲ့ အထက်ပါမူကို အတည်ပြုခဲ့တယ်။ ဒါပေမယ့် အလုပ်မဖြစ်ပါဘူးဗျာ။ အဲဒီ ကုလသမဂ္ဂဆုံးဖြတ်ချက်ကို သာ ဆုပ်ကိုင်အကောင်အထည်ဖော်တယ်ဆိုရင် အမေရိကန်သမ္မတအားလုံး စစ်ရာဇဝတ်ကောင်တွေအဖြစ် ခုံရုံးတင်စစ်ဆေး အပြစ်ပေးခံရတော့မှာပေါ့”

(အက်ချ်ကာ) “၂၀၀၅ ခုနှစ် နိုဝင်ဘာလ အီဂျစ်နိုင်ငံ ကိုင်ရိုမြို့မှာ နိုင်ငံတကာအစည်းအဝေး ကျင်းပရာမှာ လက်ရှိ အမေရိကန်အလိုကျ ရွေးခန့်ထားတဲ့ အီရတ်အစိုးရလည်း ပါတယ်လေ။ တိုင်းတစ်ပါးက ကျူးကျော်တိုက်ခိုက်သိမ်းပိုက်မှုကို သက်ဆိုင်ရာပြည်သူတွေ (နိုင်ငံတွေ)က ခုခံတွန်းလှန်တိုက်ခွင့်ရှိတယ်။ ဒါဟာ အကြမ်းဖက်မှုမဟုတ်ဘူး။” (မိမိတို့အချုပ်အခြာအာဏာပိုင်နိုင်ငံကို အန္တရာယ်ပြုရင်ကာကွယ်ခွင့်ရှိတယ်)လို့ အဲဒီအစည်းအဝေးမှာ တင်ပြကြ၊ ဆွေးနွေးကြတယ်။ အဲဒီသဘောတရားအရ အမေရိကန်ရဲ့ အီရတ်နိုင်ငံအပေါ် ကျူးကျော်သိမ်းပိုက်မှုကို အီရတ်ပြည်သူတွေမှာ တွန်းလှန်ခွင့်ရှိတယ်ဆိုတာ ပေါ်လွင်လာတာပါဘဲဗျာ။”

(ချွမ်စကီး) “လမ်းပေါ်မှာ လူတစ်ယောက်ကို သေနတ်နဲ့ပစ်သတ်တာဟာ လူသတ်မှုသက်သက်ပဲ၊ အကြမ်းဖက်မှုမဟုတ်ဘူး။ အကြမ်းဖက်မှုဆိုတာ အင်အားသုံးပြီး အရပ်သားများကို ပစ်မှတ်ထား တိုက်ခိုက်တာမျိုး သဘောတရားရေးအရ၊ ဘာသာရေးအရ၊ နိုင်ငံရေးအရ သို့မဟုတ် အခြားရည်ရွယ်ချက်နဲ့ဖြစ်စေ၊ နိုင်ငံတစ်ခုရဲ့ အစိုးရအပေါ် မိမိတို့ ဩဇာလွှမ်းမိုးလိုတဲ့ ရည်ရွယ်ချက်နဲ့ဖြစ်စေ၊ အင်အားသုံး တိုက်ခိုက်တာမျိုး အဲဒီလို အင်အားသုံးတိုက်ခိုက်မယ်လို့ ခြိမ်းခြောက်တာမျိုး တကယ်တမ်းတော့လည်း အရပ်သားပြည်သူတွေကို အဓိကတိုက်ခိုက်တာက တကယ့်အကြမ်းဖက်မှုပဲ။ အမေရိကန်အစိုးရကိုယ်တိုင်က အကြမ်းဖက်မှုဆိုတာ ဘာလဲလို့ အနက်ဖွင့်ထားတယ်လေ။ အဲဒီဖွင့်ဆိုချက်ဟာ လေထဲမှာ ပျောက်သွားပြီး သူတို့အဓိပ္ပာယ်ဖွင့်တဲ့အတိုင်းဆိုရင် အမေရိကန်အစိုးရတွေရဲ့ လုပ်ရပ်နဲ့ ငြိစွန်းနေတယ်။ အမေရိကန်အစိုးရတွေဟာ အကြမ်းဖက်သမားတွေ ဖြစ်သွားတယ်။”

(ဤစာရေးသူ၏ ဖြည့်စွက်ချက်။ ၁၉၄၅ ခုနှစ် ဩဂုတ်လ ၆ ရက်နှင့် ၉ ရက်နေ့က အမေရိကန်က ဂျပန်နိုင်ငံ ဟီရိုရှီးမားမြို့နှင့် နာဂါဆာကီမြို့များအပေါ် အဏုမြူဗုံးနှစ်လုံးကြဲချခဲ့ရာ အရပ်သားစုစုပေါင်း ငါးသိန်း သေဆုံးခဲ့သည်။ ဗီယက်နမ်ကို အမေရိကန်က ကျူးကျော်တဲ့စစ်ပွဲမှာ ဗီယက်နမ်ပြည်သူ သုံးသန်းကျော် သေဆုံးခဲ့သည်။ ဗီယက်နမ်မှ မိုင်လေရွာသူရွာသားစုစုပေါင်း ၇၀၀ ကို အမေရိကန်စစ်တပ်က ပစ်သတ်ခဲ့သည်။ အီရတ်စစ်ပွဲ၊ အာဖဂန်စစ်ပွဲ၊ ဟောတီစစ်ပွဲ၊ ပနားမားကျူးကျော်စစ်၊ ဆိုမာလီယာ ကျူးကျော်စစ်တို့မှာ အရပ်သားပြည်သူများ သန်းချီပြီးသေခဲ့ရသည်။ အရပ်သားပစ်မှတ်များကို အဓိကတိုက်ခိုက်သတ်ဖြတ်ရာ၌ အမေရိကန်ကို မည်သည့်နိုင်ငံမှ မမီပါချေ။)

(အက်ချ်ကာ) “အကြမ်းဖက်လုပ်ရပ်ရယ်လို့ အမေရိကန်အစိုးရ၊ ဥရောပသမဂ္ဂ၊ ကုလသမဂ္ဂနဲ့ လူအများကဖွင့်ဆိုထားတဲ့ လုပ်ရပ်မျိုးကို တစ်ဦးချင်း တစ်စုချင်းစီက ကျူးလွန်ရင် အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စုဖြစ်သွားရာ အစိုးရတွေစုပေါင်းပြီး အကြမ်းဖက်ရင် အစိုးရများအုပ်စု အကြမ်းဖက်မှုဖြစ်မှာပဲ။ ဥပမာ ၁၉၉၉ ခုနှစ် မတ်လက အမေရိကန်ဦးဆောင်တဲ့ ဥရောပနေတိုးစစ်အုပ်စုက ယူဂိုဆလပ်(ဆားဘီးယား)ကို ကျူးကျော်တိုက်ခိုက်ပြီး အရပ်ဘက်ပစ်မှတ်တွေ ဗုံးကြဲသတ်ဖြတ်ခဲ့တာ အစိုးရများရဲ့ အကြမ်းဖက်မှုပဲပေါ့”

(ရှာလွမ်) “၂၀၀၁ ခုနှစ်(အောက်တိုဘာလမှာ) အမေရိကန်၊ အာဖဂန်နစ္စတန်ကို ကျူးကျော်မှုအပေါ် ခင်ဗျားတို့ ဘယ်လိုသုံးသပ်ကြမှာလဲ”

**ကြီးမားသောရာဇဝတ်မှု**

(ချွမ်စကီး) “ကျွန်တော့်သဘောကတော့ အာဖဂန်စစ်ပွဲဟာ အမေရိကန်ရဲ့ ကြီးမားသောရာဇဝတ်မှုတစ်ခုပဲ။ အမေရိကန်က အာဖဂန်ကို ကျူးကျော်ဗုံးကြဲပြီး အာဖဂန်အရပ်သားပြည်သူ အရပ်သားငါးသန်းကို ဆောင်းရာသီမတိုင်မီနဲ့ ဆောင်းရာသီမှာ ငတ်သေအောင်လုပ်ခဲ့တာ။ ငါးသန်းဆိုပေမယ့် တကယ်ငတ်သေစရာရှိရင် သေမယ့်အရေအတွက်က ခုနစ်သန်းငါးသိန်းရှိတယ်။ ၂၀၀၁ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့က နယူးယောက်နဲ့ ဝါရှင်တန်မှာ အကြမ်းဖက်တိုက်ခိုက်ခံရပြီး ခုနစ်ရက်အကြာ ၂၀၀၁ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့ထုတ် နယူးယောက်တိုင်းမ်သတင်းစာမှာ သတင်းထောက်ချုပ် ဂျွန်အက်ဖ်ဘန်း (John F. Burs)က သတင်းတစ်ပုဒ်ကို အခုလိုရေးထည့်ခဲ့တယ်ဗျာ။ ဝါရှင်တန်(ဘုရှ်ဂျူနီယာ)ဘွတ်ရှ်အစိုးရက အာဖဂန်နစ္စတန်နိုင်ငံတွင်းမှာ လောင်စာဆီဖြန့်ဖြူးမှု လမ်းကြောင်းမှန်သမျှ ပိတ်ပစ်ဖို့ အာဖဂန်ပြည်သူငါးသန်းအတွက် စားနပ်ရိက္ခာနဲ့ ထောက်ပံ့ရေးပစ္စည်းတင်ဆောင်လာတဲ့ မော်တော်ယာဉ်တန်းကြီးကို ပိတ်ဆို့တားမြစ်ဖို့ အမိန့်ပေးထားပြီဆိုသော သတင်းပါပဲဗျာ။”

“အာဖဂန်တာလီဘန်အစိုးရကို ဆန့်ကျင်တဲ့ အတိုက်အခံခေါင်းဆောင် အဗ္ဗဒူဟာတ် (Abrdul Haq) နဲ့ တော်လှန်သော အာဖဂန်အမျိုးသမီးအဖွဲ့ချုပ် (RAWA) တို့က အမေရိကန်တို့ နေ့ညမပြတ် ဗုံးကြဲချနေမှုကို ဆန့်ကျင်ကန့်ကွက်ကြတယ်။ အဲဒီလို ဗုံးကြဲချနေတဲ့အတွက် အာဖဂန်ပြည်သူတွေအတွင်း တာလီဘန်အစိုးရအပေါ် ဆန့်ကျင်မှုများကိုပါ ယုတ်လျော့လာစေတယ်လို့ ဝေဖန်တယ်။”

၂၀၀၁ ခုနှစ် အောက်တိုဘာ ၇ ရက်နေ့ညကစပြီး အာဖဂန်ကို အမေရိကန်တို့က နေ့ညမပြတ် ဗုံးကြဲခဲ့တယ်။ အောက်တိုဘာ ၂၄ ရက်နေ့နဲ့ ၂၅ ရက်နေ့တွေက ပါကစ္စတန်နိုင်ငံ ပက်ရှဝါမြို့မှာ လူ ၁၅၀၀ ကျော်တဲ့ လူထုအစည်းအဝေးကြီး ကျင်းပတယ်။ အာဖဂန်နစ္စတန်က တကယ့်လူမျိုးစုခေါင်းဆောင်တွေ၊ ထင်ရှားတဲ့ အာဖဂန်ပညာရှင်တွေ၊ ပါကစ္စတန်မှာ ရောက်ရှိနေထိုင်တဲ့ အာဖဂန်လူမျိုးတွေ တက်ရောက်ကြတယ်။ နယူးယောက်တိုင်းမ်သတင်းစာပါ သတင်းအရ အဲဒီအစည်းအဝေးမှာ အားလုံးဆန္ဒကတော့ အမေရိကန်တို့ ဗုံးကြဲနေတာရပ်ဆိုင်းဖို့

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

တစ်ခဲနက်တောင်းဆိုကြတယ်။ ဒါပေမယ့် သိကြတဲ့အတိုင်း အမေရိကန်ကတော့ ဆက်ပြီး ဗုံးမိုးရွာနေခဲ့တာပဲ”

(စာရေးသူ၏ ဖြည့်စွက်ချက်။ ။ အမေရိကန်သည် ဗီယက်နမ်စစ်ပွဲတွင် ရှုံးနိမ့်ပြီး အသက်လုထွက်ပြေးခဲ့ရပြီးနောက်ပိုင်း နိုင်ငံများကို ကျူးကျော်တိုက်ခိုက်တိုင်း မြေပြင်စစ်ပွဲကိုရှောင်ပြီး ဝေဟင်မှ ပိုက်ဆံပေါတိုင်း ဗုံးတွေတစ်ပြုံတစ်ခေါင်း ထုတ်လုပ်၍ ဝေဟင်(အဝေးမှ) ဗုံးကြဲသော စစ်ပွဲမျိုးကိုသာ ဆင်နွှဲလာခဲ့သည်။ အာဖဂန်တွင်ရှိနေသော အတိုက်အခံ(တာလီဘန်ဆန့်ကျင်ရေး) စစ်သွေးကြွသူပုန်များကို မြေပြင်မှာတိုက်ကြ၊ အာဖဂန်တစ်နိုင်ငံလုံးကို တိုက်ခိုက်သိမ်းပိုက်နိုင်သော မူဂျာဟစ်သူပုန်အဖွဲ့ အစိုးရဖြစ်မည်ဟုဆိုကာ တိုက်ခိုင်းခဲ့သည်။ ထိုအဖွဲ့များကလည်း တိုက်ပေးကြသည်။ အမေရိကန်တပ်များသည် ထိုနှစ် ဒီဇင်ဘာ ၂၅ ရက်နေ့ မြို့ရွာအားလုံးမှာ တာလီဘန်တို့မရှိတော့မှ လေယာဉ်များဖြင့် အာဖဂန်မြေကို နင်းကြသည်။)

(အက်ချ်ကာ) “စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်မှုကို ဦးဆောင်ကျူးလွန်တဲ့ အိုစမာဘင်လာဒင်နဲ့ အယ်လ်ကိုင်ဒါတပ်ဖွဲ့တွေက အာဖဂန်မှာ တာလီဘန်အစိုးရနဲ့အတူ ရှိနေကြတယ်။ ဒါကြောင့် အိုစမာဘင်လာဒင်နဲ့ အယ်လ်ကိုင်ဒါခေါင်းဆောင်တွေ လွှဲပြောင်းပေးအပ်ရမယ်လို့ အမေရိကန်သမ္မတ ဂျော့ဘုရှ် (ဂျူနီယာ)က တောင်းဆိုတယ်။ တာလီဘန်အစိုးရခေါင်းဆောင် မူလာအိုမာက စက်တင်ဘာ ၁၁ ရက်နေ့ အမေရိကန်မှာ တိုက်ခိုက်ခဲ့တဲ့ကိစ္စမှာ အိုစမာဘင်လာဒင် တရားခံဖြစ်ကြောင်း သက်သေပြပါ။ သက်သေပြနိုင်ရင် အိုစမာဘင်လာဒင်ကို လွှဲပေးမယ်လို့ အကြောင်းပြန်တယ်။ အဲဒီအချိန်က အမေရိကန်အစိုးရမှာ အိုစမာဘင်လာဒင်ကို စွပ်စွဲဖို့ ဘာသက်သေမှမရှိဘူး။”

“သက်သေအထောက်အထားမရှိဘဲ အိုစမာဘင်လာဒင်ကိုလွှဲပေးဖို့ ဘုရှ်က တောင်းတိုင်း တာလီဘန်က ပေးပါ့မလား။ တကယ်လို့ အီရန်အစိုးရက အမေရိကန်သမ္မတဂျော့ဘုရှ်ကို သူတို့လက်လွှဲပေးပါလို့ တောင်းရင်ကော လွှဲပေးမှာလား။ အဲဒီ 9/11 ကိစ္စသက်သေခံအကြောင်း ပြောရဦးမယ်။ စက်တင်ဘာ ၁၁ ရက်နေ့ အကြမ်းဖက်မှုပြီးလို့ ရှစ်လအကြာ ၂၀၁၂ ခုနှစ် ဇွန်လထဲမှာ အမေရိကန်မှုခင်းစုံစမ်းထောက်လှမ်းရေးအဖွဲ့(ကမ္ဘာကျော်)FBI အက်ဖ်ဘီအိုင်အဖွဲ့အကြီးအကဲ ရောဘတ်မွယ်လာ (Robert Mueller) က 9/11 အကြမ်းဖက်မှုမှာ ဘယ်သူပါတယ်ဆိုတာ FBI က မသိသေးနိုင်ပါဘူးလို့ စာနယ်ဇင်းတွေပြောပြတယ်။ အမှန်တကယ် 9/11 ကို ကြိုတင်ကြံစည်ပြင်ဆင်ခဲ့တာက UAE အာရပ်စော်ဘွားများ ပြည်ထောင်စုနဲ့ ပြည်ထောင်စုဂျာမနီ ပြည်ထောင်စုနိုင်ငံအတွင်းမှာပါ။ အမေရိကန်သမ္မတ ဘုရှ်က 9/11 ဖြစ်ပြီးနောက်ပိုင်းမှာပဲ အကြမ်းဖက်သမားကို လက်ခံထားတဲ့အစိုးရတွေကို အမေရိကန်က အဲဒီအစိုးရကိုယ်တိုင် အကြမ်းဖက်သမားတွေလို့ သတ်မှတ်မယ်။ အဲဒီအစိုးရမျိုးကိုလည်း အကြမ်းဖက်သမားလို့ သတ်မှတ်ပြီး အဲဒီအစိုးရမျိုးကိုလည်း အကြမ်းဖက်သမားတွေကို တိုက်သလို တိုက်ပစ်မယ်လို့ပြောပြီး 9/11 အပြီး ၂၇ ရက်အကြာ ၇-၁၀-၂၀၁၀ ရက်နေ့မှာ အာဖဂန်နစ္စတန်နိုင်ငံကို ဗုံးကြဲတိုက်ခိုက်မှု စတင်တာပါပဲ။

“9/11 တိုက်ခိုက်မှုဟာလည်း တကယ်ရာဇဝတ်မှုကြီးပါဗျာ။ “ရာဇဝတ်ပြစ်မှုဆိုတာကို ဘယ်လိုကိုင်တွယ်ကြရသလဲ။ ပထမဦးဆုံး အဲဒီရာဇဝတ်ပြစ်မှုကို ဘယ်သူကျူးလွန်တာလဲဆိုတာ သက်သေအထောက်အထားခိုင်လုံစွာ စွပ်စွဲနိုင်အောင် ဖော်ထုတ်ရမယ်။ သေချာပြီဆိုမှ အဲဒီတရားခံကို ဖမ်းရမယ်။ အခုတော့ အဲဒီ 9/11 ဖြစ် ရှစ်လကြာသည့်တိုင် အမေရိကန်မှုခင်းထောက်လှမ်းရေးအဖွဲ့ FBI အကြီးအကဲကိုယ်တိုင်က 9/11 ကို ဘယ်သူကျူးလွန်တယ်ဆိုတာ မသိရသေးပါဘူးလို့ ဖြေထားပါတယ်။

“ဥပမာတစ်ခုပြောမယ်။ ကမ္ဘာမှာ နာမည်ဆိုးနဲ့ ကျော်ကြားဆုံး အကြမ်းဖက်သမား လူးဝစ်ပိုဆာဒါကာရိုင်းလ်(Louis Posada Carriles)ဆိုတဲ့လူကို ဗင်နီဇွဲလားနိုင်ငံက ရာဇဝတ်ကောင် တရားခံပြေးအဖြစ် အလိုရှိတယ်။ ဘာကြောင့်လဲဆိုတော့ ၁၉၇၆ ခုနှစ်က ဗင်နီဇွဲလားနိုင်ငံမှာ ကျူးဘားနားခေါ် ကျူးဘားလေကြောင်းလိုင်းပိုင် လေယာဉ်ကြီးတစ်စင်းကို လူးဝစ်ပိုဆာ ဒါကာရိုင်းလ်က ဖောက်ခွဲခဲ့တဲ့အတွက် ခရီးသည် ၇၃ ယောက် သေဆုံးခဲ့တယ်။ နောက်ပြီးသူဟာ နီကာရာဂွါနိုင်ငံမှာ သူပုန်ထနေတဲ့ (အမေရိကန် အထောက်ပံ့ခံ ကွန်ထရာသောင်းကျန်းသူတွေကို ကူညီပံ့ပိုးပေးခဲ့တယ်။ တကယ်တော့ အမေရိကန်စစ်တပ်က ဒုတိယဗိုလ်မှူးကြီး အိုလီပါနော့သ်နဲ့အတူ လူးဝစ်ပိုဆာဒါကာရိုင်းလ်၏ အားပေးပံ့ပိုးနေတဲ့ ကွန်ထရာ သူပုန်တွေလက်ချက်နဲ့ သေရတဲ့ အရပ်သားတွေဟာ 9/11 တိုက်ခိုက်မှုမှာ နယူးယောက်နဲ့ ဝါရှင်တန်ပင်တဂွန်စစ်ဌာနချုပ်မှာ သေရတဲ့ လူဦးရေသုံးထောင်နီးပါး၊ သေသူ ၂၉၀၀ ကျော်ရဲ့ အဆများစွာပိုပါတယ်။ လူးဝစ်ပိုဆာ ဒါကာရိုင်းလ်နဲ့အတူ ကျူးဘားလေယာဉ်ကြီးကို ဖောက်ခွဲခဲ့တဲ့ အကြမ်းဖက်သမား အော်လန်ဒိုဘော့ခ် (Arado Bosech)ဟာလည်း အခု အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်မှာ ကောင်းမွန်စွာ နေထိုင်လျက်ရှိပါတယ်။ FBI စုံထောက်အဖွဲ့နဲ့ အမေရိကန်တရားရေးဌာနတို့က အော်လန်ဒိုဘော့ချ်ကို အမေရိကန်နိုင်ငံအတွက် အန္တရာယ်ရှိတဲ့ အကြမ်းဖက်သမားအဖြစ် ပြည်နှင်ဒဏ်ပေးဖို့ကြိုးပမ်းခဲ့တယ်။ အဲဒီတုန်းက အမေရိကန်သမ္မတဖြစ်တဲ့ ဂျော့ဒဗလျူ ဟားဘတ်ဘုရှ်(စီနီယာ)က သမ္မတအခွင့်အာဏာသုံးပြီး လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့တယ်။ အဲဒီ စီနီယာဘုရှ်ရဲ့ သား ဂျူနီယာဘုရှ် သမ္မတဖြစ်လာတော့ ဂျူနီယာဘုရှ်က အကြမ်းဖက်သမားကို လက်ခံပေးတဲ့ နိုင်ငံအစိုးရဟာလည်း အကြမ်းဖက်သမားတွေပဲ ဖြစ်တယ်လို့ သတ်မှတ်ပြီး အဲဒီနိုင်ငံကို ဝင်တိုက်ပစ်ရမယ်လို့ ဘုရှ်မူဝါဒ(Bush Doctrine) ထုတ်ပြန်ထားရာ လူးဝစ်ပိုဆာဒါနှင့် အော်လန်ဒိုအပါအဝင် အကြမ်းဖက်သမားများကိုလက်ခံထားတဲ့အမေရိကန်နိုင်ငံကို ကျူးဘားတို့၊ ဗင်နီဇွဲလားတို့၊ နီကာရာဂွါနိုင်ငံတို့က ဝင်တိုက်ရတော့မလားဆိုတဲ့ မေးခွန်းထုတ်စရာ ဖြစ်လာပြီလေ။”

**“ဒုတိယကမ္ဘာစစ်ပြီးကာလ အာရပ်ရေနံနိုင်ငံများက ၎င်းတို့၏ အဓိကရန်ဘက် အစ္စရေးနိုင်ငံနှင့် စစ်ဖြစ်တိုင်း အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်တို့က အစ္စရေးဘက်မှ ကူညီပံ့ပိုးနေခဲ့ပုံများ အပေါ် မကျေနပ်၍ ၁၉၇၃-၇၄ ခုနှစ်များက အနောက်အုပ်စု နိုင်ငံများအပေါ် ရေနံတင်ပို့မှုရပ်စဲခဲ့သည်။ ရေနံကို လျှော့ထုတ်ကြပြီး ရေနံဈေး မတန်တဆတင်ခဲ့ကြသည်။ ထိုအခါမှစ၍ အမေရိကန်စီအိုင်အေက အရှေ့အလယ်ပိုင်းကို ဝင်မွှေပြီး အမေရိကန်၏ ကျူးကျော်စစ်များအတွက် လမ်းခင်းခဲ့”**

(ရှာလွမ်) “ကဲ အီရတ်နိုင်ငံဘက်လှည့်ကြည့်ကြဦးစို့။ အမေရိကန်က ၂၀၀၃ ခုနှစ် (မတ်လ ၁၉ ရက်နေ့ညကစပြီး)အီရတ်ကို ဘာကြောင့် ကျူးကျော်တိုက်ခိုက်တာလဲ”

(ချွမ်စကီး) ၂၀၀၃ ခုနှစ် မတ်လ ၁၉ ရက်နေ့မှာ အမေရိကန်က အီရတ်ကို ဗုံးကြဲတိုက်ခိုက်ကျူးကျော်ခဲ့တယ်။ အစကတော့ အီရတ်သမ္မတဆက်ဒမ်ဟူစိန်ရဲ့ လက်ထဲမှာ နျူကလီးယားလက်နက်တွေ၊ ဓာတုအဆိပ်လက်နက်တွေ၊ ဇီဝရောဂါပိုးမွှားလက်နက်တွေစတဲ့ လူအစုလိုက်အပြုံလိုက်သေစေတဲ့ လက်နက် WMD တွေရှိနေတယ်။ အမေရိကန်နဲ့ ကမ္ဘာ့နိုင်ငံတွေကို အဲဒီလက်နက်တွေနဲ့တိုက်ဖို့ ဆက်ဒမ်ဟူစိန်က ပြင်ဆင်နေပြီး ကမ္ဘာအတွက်ရော အမေရိကန်အတွက်ပါ အန္တရာယ်ရှိတယ်။ ကုလသမဂ္ဂက အဲဒီလက်နက်တွေ (အကြိမ်ကြိမ်) သွားရောက်ရှာဖွေသော်လည်း မတွေ့ဘူး။ ဒါကြောင့် အမေရိကန်က လက်ဦးမှုယူပြီး (Preemptie) စတင်တိုက်ခိုက်ရမယ်လို့ ကြေညာပြီး (၁၉-၃-၂၀၀၃)တွင် ဗုံးကြဲတိုက်ခိုက်ခဲ့တယ်။ တကယ်ဝင်တိုက်ပြီး WMD လက်နက်တွေ ဘယ်လိုမှမတွေ့တော့(ရှိမှမရှိဘဲ) ၂၀၀၃ ခုနှစ် နိုဝင်ဘာလကျတော့ ဂျူနီယာဘုရှ်က အီရတ်ကို ဒီမိုကရေစီ သွတ်သွင်းပေးဖို့ ဝင်တိုက်တာဟု လေသံပြောင်းသွားတယ်။ (အီရတ်ကို ဝင်မတိုက်မီခြောက်လကြိုပြီး ထိုစဉ်က အမေရိကန်ဒုတိယသမ္မတ ဒစ်ချေနီ (စီနီယာဘုရှ်လက်ထက် ကာကွယ်ရေးဝန်ကြီး လုပ်ခဲ့ပြီး အီရတ်ကို ၁၉၉၀-၉၁ က ဝင်တိုက်ပေးခဲ့သူ) လက်ရှိ ဒုတိယဥက္ကဋ္ဌလုပ်နေသော အမေရိကန်ရေနံကုမ္ပဏီကြီး (ဟယ်လီဘာတန်)ကို ဝင်မတိုက်မီခြောက်လကြိုပြီး အီရတ်ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ကန်ထရိုက်ချပေးခဲ့သည်။ ထိုစဉ်က နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်စ်သည်လည်း ရေနံကုမ္ပဏီကြီးတစ်ခု၏ အမှုဆောင်အရာရှိလုပ်ခဲ့သူဖြစ်သည်။ စီနီယာဘုရှ်နှင့် ဂျူနီယာဘုရှ်သမ္မတ သားအဖနှစ်ယောက်သည်လည်း ရေနံကုမ္ပဏီထောင်ခဲ့ဖူးသည်။ ထိုစဉ်က အီရတ်နိုင်ငံ၏ မြေအောက်မှ ရေနံအရန်သိုက်သည် ကမ္ဘာတွင် ဒုတိယအကြီးဆုံး ရေနံသိုက်ကြီးဖြစ်သည်။)

(အက်ချ်ကာ) “အမေရိကန်က အီရတ်ကို တိုက်တဲ့အပေါ် တစ်မျိုးယူဆကြတာရှိတယ်။ စက်မှုထွန်းကားလွန်းတဲ့ အမေရိကန်ဟာ ရေနံစွမ်းအင် လောင်စာကို အလေးအနက်ထားနေရတယ်။ အမေရိကန်အနေနဲ့ ရေနံလိုအပ်ချက်ရဲ့ ထက်ဝက်လောက်ကို ပြည်ပကဝယ်နေရတယ်။ အဓိကမှာ အရှေ့အလယ်ပိုင်းအာရပ်(မွတ်ဆလင်) နိုင်ငံတွေဆီကပေါ့ဗျာ။ WMD ၏ အန္တရာယ်လက်နက်များ အကြောင်းပြပြီး တိုက်ခိုက်တာက အဲဒီဒေသက ရေနံကို စိတ်ကြိုက်ထုတ်ယူဖို့ဖြစ်တယ်လို့ ယူဆနေကြတယ်။

(အမေရိကန်နှင့် အရှေ့အလယ်ပိုင်းဒေသ ရေနံပြဿနာများကို ဒုတိယကမ္ဘာစစ်ပြီးကာလ အာရပ်ရေနံနိုင်ငံများက ၎င်းတို့၏ အဓိကရန်ဘက် အစ္စရေးနိုင်ငံနှင့် စစ်ဖြစ်တိုင်း အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်တို့က အစ္စရေးဘက်မှ ကူညီပံ့ပိုးနေခဲ့ပုံများ အပေါ် မကျေနပ်၍ ၁၉၇၃-၇၄ ခုနှစ်များက အနောက်အုပ်စုနိုင်ငံများအပေါ် ရေနံတင်ပို့မှုရပ်စဲခဲ့သည်။ ရေနံကိုလျှော့ထုတ်ကြပြီး ရေနံဈေး မတန်တဆတင်ခဲ့ကြသည်။ ထိုအခါမှစ၍ အမေရိကန်စီအိုင်အေက အရှေ့အလယ်ပိုင်းကိုဝင်မွှေပြီး အမေရိကန်၏ ကျူးကျော်စစ်များ အတွက် လမ်းခင်းခဲ့သည်များကိုပါ လေ့လာပါလျှင် ယနေ့ အမေရိကန်နှင့် အနောက်အုပ်စုခေါ် ကမ္ဘာ့မူလလက်ဟောင်း နယ်ချဲ့နိုင်ငံများ အုပ်စုတို့ သမိုင်းကြောင်း၊ ယနေ့လုပ်ရပ်များကို သတင်းအသိများမှ ရယူသုံးသပ်ကြည့်လျှင် အစင်းအစင်းမုန့်တီဟင်းလို ကွင်းကွင်းကွက်ကွက် ရှင်းရှင်းပြက်ပြက် လင်းလင်းလက်လက် မြင်နိုင်ကြမည် ဖြစ်ပါကြောင်း၊ မိမိလူမျိုး မိမိနိုင်ငံကို နယ်ချဲ့အုပ်စုအန္တရာယ်မှရှောင်ကွင်းနိုင် ကြမည်ဖြစ်ကြောင်း ပါခင်ဗျား)။ ။




# ရခိုင်ပြည်နယ် စီးပွားရေးဖိုရမ် ၂၀၂၃ ကျင်းပမည်

**စစ်တွေ အောက်တိုဘာ ၂၀**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ပြည်နယ်အတွင်းဒေသခံ စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းရှင်များ ပေါ်ထွက်လာစေရေးနှင့် ရခိုင်ပြည်နယ်၏ အနာဂတ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများနှင့် ပတ်သက်၍ ရည်ရွယ်ကျင်းပသည့် ရခိုင်ပြည်နယ် စီးပွားရေးဖိုရမ် (၂၀၂၃)ကို အောက်တိုဘာလ ၂၂ ရက်နေ့ နံနက် ၉ နာရီတွင် စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

အဆိုပါ စီးပွားရေးဖိုရမ်တွင် ရခိုင်ပြည်နယ်မှ စီးပွားရေးလုပ်ငန်းဆိုင်ရာပညာရှင်များဖြစ်ကြသည့် ဦးတင်ဇံကျော် (Chair-man၊ Device Business University- DBU)၊ ဦးထွန်းထွန်းနိုင် ( President, We Love Rakhine၊ Chairman & Group of CEOBlue Ocean Investment Co.,Ltd) နှင့် ဒေါ်ပန်းအိဖြူ (Chief Operating Officer၊ Myanmar Payment Solution Services Company)တို့က အဓိကဟောပြောဆွေးနွေးသူများအဖြစ် ဆောင်ရွက်ကြမည်ဖြစ်ပြီး ရခိုင်ပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၊ စီးပွားရှင်ပညာရှင်များ၊ လူငယ်များက အနာဂတ်စီးပွားရေး အလားအလာများနှင့် ပတ်သက်သည့် စကားဝိုင်းဆွေးနွေးပွဲသုံးခုကို ဆောင်ရွက်မည်ဖြစ်သည်။

ထို့ပြင် အခမ်းအနားကျင်းပမည့် ခိုင်သဇင်ခန်းမအတွင်း IT ဆိုင်ရာပစ္စည်းများ၊ အစားအသောက်နှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာ ရောင်းချသွားမည်ဖြစ်ပြီး ပညာရေးဝန်ဆောင်မှုများ၊ စာအုပ်အရောင်းဆိုင်နှင့် စာအုပ်ပြခန်းများ၊ အလုပ်အကိုင်အခွင့်အလမ်းနှင့်ပတ်သက်သည့်ပြခန်းများကို ထည့်သွင်းထားကာ မည်သူမဆို အခမဲ့ တက်ရောက်လေ့လာနိုင်ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# “အခြေခံအဆောက်အအုံကဏ္ဍ ရင်းနှီးမြှုပ်နှံမှု” ခေါင်းစဉ်ဖြင့် အသိပညာမျှဝေဆွေးနွေးပွဲ ကျင်းပ





နေပြည်တော် အောက်တိုဘာ ၂၀

**ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရန် ရည်ရွယ်သည့် Knowledge Sharing Programme (KSP) သောကြာနေ့ စကားဝိုင်း (Friday Talk)၏ အမှတ်စဉ်(၃၄) ဆွေးနွေးပွဲကို “အခြေခံအဆောက်အအုံကဏ္ဍ ရင်းနှီးမြှုပ်နှံမှု” ခေါင်းစဉ်ဖြင့် ယနေ့ မွန်းလွဲပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၁)၌ ကျင်းပသည်။**

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ယနေ့ ဆွေးနွေးတင်ပြမည့် အကြောင်းအရာခေါင်းစဉ်ပါ “အခြေခံအဆောက်အအုံကဏ္ဍ ရင်းနှီးမြှုပ်နှံမှု”သည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လွန်စွာအရေးကြီးပါကြောင်း၊ အခြေခံအဆောက်အအုံဆိုရာတွင် အမာစားအခြေခံအဆောက်အအုံ (Hard Infrastructure) ကို ရုပ်ဝတ္ထုဆိုင်ရာအခြေခံအဆောက်အအုံ (Physical Infrastructure)နှင့် စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အအုံ (Economic Infrastructure) ဟူ၍လည်းကောင်း၊ အပျော့စားအခြေခံ အဆောက်အအုံ (Soft Infrastructure) ကို လူမှုရေးဆိုင်ရာ အခြေခံအဆောက်အအုံ (Social Infrastructure) ဟူ၍ လည်းကောင်း အခြေခံအဆောက်အအုံ နှစ်မျိုးခွဲခြားနိုင်ပါကြောင်း။

ကမ္ဘာ့နိုင်ငံများ၌ အခြေခံအဆောက်အအုံများကို တည်ဆောက်ရာတွင် အစိုးရမှ တည်ဆောက်ရေးအတွက် ငွေလုံးငွေရင်း အသုံးစရိတ်များ လျာထားကာ တည်ဆောက်သကဲ့သို့ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုနှင့် အစိုးရ - ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု (Public- Private Partnerships- PPPs) ပုံစံအမျိုးမျိုးဖြင့် ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်ခြင်းများ ရှိပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုတွင်လည်း ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု (Physical Investment)၊ ငွေကြေးရင်းနှီးမြှုပ်နှံမှု (Financial Investment) နှင့် အနာဂတ်ကို မျှော်မှန်း၍ ရင်းနှီးမြှုပ်နှံသည့် လူသားရင်းနှီးမြှုပ်နှံမှု (Human Investment) ဟူ၍ ရင်းနှီးမြှုပ်နှံမှု သုံးမျိုးရှိပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနသည် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်စေရေးနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ဆောင်ရွက်ခြင်းဖြင့် ဝန်ဆောင်မှုများ ပေးလျက်ရှိပါကြောင်း၊ သို့ဖြစ်၍ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ်အခြေခံကျသော အခြေခံအဆောက်အအုံ ကဏ္ဍများဖြစ်သည့် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အခြေခံအဆောက်အအုံများ (Economic and Social Infrastructures) တို့တွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရေး ဖိတ်ခေါ်နိုင်ရမည်ဖြစ်ပါကြောင်း တိုက်တွန်းမှာကြားသည်။ **(အပေါ်ပုံ)**

ဆွေးနွေးပွဲတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်မြစန္ဒာက “**အခြေခံအဆောက်အအုံကဏ္ဍ ရင်းနှီးမြှုပ်နှံမှု**” ခေါင်းစဉ်ဖြင့် အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်း ဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်းများ တက်ရောက်ခဲ့ကြကြောင်းသိရသည်။

**သတင်းစဉ်**

# National Database စနစ် တည်ဆောက်နိုင်ရေးအတွက် ဝန်ကြီးဌာနအလိုက် ဒစ်ဂျစ်တယ်စနစ် အောင်မြင်စွာကူးပြောင်းဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်





**နေပြည်တော် အောက်တိုဘာ ၂၀**

National Database စနစ် စတင်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ရှင်းလင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီခွဲက နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ National Database စနစ် တည်ဆောက်ရေး ဦးဆောင်ကော်မတီ အတွင်းရေးမှူး၊ e-ID စနစ် လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ဦးဆောင်ကော်မတီအဖွဲ့ဝင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးလှိုင်နှင့် ဒေါက်တာမျိုးသန့်၊ ဦးဆောင်ကော်မတီ အဖွဲ့ဝင် တပ်မတော် (ကြည်း၊ ရေ၊ လေ) သတင်းနှင့် နည်းပညာဌာန ဌာနမှူး ဗိုလ်မှူးချုပ် မြတ်မင်းဦး၊ ဝန်ကြီးဌာနများနှင့် အစိုးရအဖွဲ့ အစည်းအသီးသီးမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ National Database တည်ဆောက်ရေး ဦးဆောင်ကော်မတီ အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က e-ID စနစ် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းသည် နိုင်ငံတော်၏ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်တွင် အဓိကကျသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး e-ID စနစ်ကို လုပ်ငန်းအဆင့် (၅) ဆင့်ဖြစ်သည့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ NV ကတ်ကိုင်ဆောင်ထားသူ၊ မြန်မာနိုင်ငံတွင် နိုင်ငံခြားသား အမြဲနေထိုင်ခွင့် (PR) ရရှိသူ၊ ပြည်တွင်း၌ အခွန်ဆောင်နေထိုင်သည့်နိုင်ငံခြားသား (FRC) ရရှိထားသူများ၏ ကိုယ်ရေးအချက်အလက်များအား Database System အတွင်းသို့ ထည့်သွင်းသည့်လုပ်ငန်း၊ ဇီဝဆိုင်ရာ အချက်အလက်များ ကောက်ယူခြင်း၊ စိစစ်ခြင်းနှင့် Unique ID ထုတ်ပေးခြင်းလုပ်ငန်း၊ နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ ကတ်အလွတ်များ ထုတ်လုပ်ခြင်းလုပ်ငန်း၊ ကတ်အလွတ်များတွင် အချက်အလက်များ ထည့်သွင်းခြင်းလုပ်ငန်း၊ e-ID စနစ်တစ်ခုလုံးအား ထိန်းချုပ်သည့်လုပ်ငန်း စသည့် အဆင့်များအလိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

e-ID စနစ်သည် လူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်များနှင့် ဇီဝဆိုင်ရာအချက်အလက်များကို တွဲဖက်၍ Unique ID နံပါတ်ကို Random အနေဖြင့် ထုတ်ပေးခြင်း ဖြစ်ပါကြောင်း၊ Biographic နှင့် Biometric Data များပေါင်းစပ်၍ ထုတ်ပေးခြင်းဖြစ်သည့်အတွက် နံပါတ်တစ်ခုတည်းကို လူနှစ်ယောက်ထုတ်ပေးမိခြင်း၊ လူတစ်ယောက်တည်းက ကတ်(၂)ကတ် ကိုင်ဆောင်ခြင်းများ ရှိနိုင်မည်မဟုတ်တော့ပါကြောင်း၊ e-ID နံပါတ်သည် နိုင်ငံအတွင်းနှင့် နိုင်ငံပြင်ပရှိ အမျိုးမျိုးသော အထောက်အထား စိစစ်ခြင်းလုပ်ငန်းများတွင် အချိန်နေရာမရွေး အထောက်အထားခိုင်လုံစွာဖြင့် သက်သေခံနိုင်သည့်စနစ်ဖြစ်ပြီး ယာဉ်မောင်းလိုင်စင်၊ နိုင်ငံကူးလက်မှတ်၊ မဲလက်မှတ်၊ ဝန်ထမ်းကတ်၊ ဘဏ်ကတ် စသည့် အမျိုးမျိုးသော Functio-nal ID များအတွက် Foundational ID အဖြစ် အသုံးပြုနိုင်မည်ဖြစ်ပါကြောင်း၊ e-ID စနစ်ကို အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှသာ National Database စနစ်ကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည် ဖြစ်သည့်အတွက် ဝန်ကြီးဌာနအလိုက် ဒစ်ဂျစ်တယ်စနစ် အောင်မြင်စွာ ကူးပြောင်း ဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းပူးပေါင်း ကြိုးပမ်းဆောင်ရွက်ပေးကြစေလိုပါကြောင်း ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ဦးဆောင်ကော်မတီ အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်က e-Government နှင့် National Database စနစ် အထောက်အကူပြုနိုင်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်မှုနှင့် ဝန်ကြီးဌာနမှ ပံ့ပိုးကူညီဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဦးဆောင်ကော်မတီအဖွဲ့ဝင် တပ်မတော် (ကြည်း၊ ရေ၊ လေ) သတင်းနှင့် နည်းပညာဌာန ဌာနမှူး ဗိုလ်မှူးချုပ် မြတ်မင်းဦးက National Database စနစ် တည်ဆောက်ထားရှိမှု၊ ဝန်ကြီးဌာနများရှိ Database များနှင့် ချိတ်ဆက်ဆောင်ရွက်မည့် အစီအစဉ်၊ ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေနှင့် ဝန်ကြီးဌာနများအလိုက် ဆောင်ရွက်ထားရှိရမည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာမျိုးသန့်နှင့် ညွှန်ကြားရေးမှူးချုပ် ဦးမင်းဟိန်းတို့က National Database စနစ် တည်ဆောက်ရေး လုပ်ငန်းကော်မတီ ဖွဲ့စည်းနိုင်ရေးအတွက် ကော်မတီ၏ တာဝန်ဝတ္တရားများ၊ အဆိုပြုဖွဲ့စည်းပုံနှင့် အကြံပြုလိုသည့် အချက်အလက်များနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြောကြားကြသည်။

ယင်းနောက် ဦးဆောင်ကော်မတီ အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားကာ ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **သတင်းစဉ်**

## မနက်ဖြန်အတွက် ခန့်မှန်းချက်

**နေပြည်တော် အောက်တိုဘာ ၂၀ –** မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ **မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) တက္ကသိုလ်ကောလိပ် ဆရာ/ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၂၃) သို့ ဘာသာရပ်ဆိုင်ရာသင်ခန်းစာပို့ချ၊ အထက်မြန်မာပြည်ပုံနှိပ်စက်ရုံ(မန္တလေး)ကို ကြည့်ရှုစစ်ဆေး

**မန္တလေး အောက်တိုဘာ ၂၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့နံနက်ပိုင်းတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ရတနာပုံခန်းမ၌ တက္ကသိုလ်ကောလိပ် ဆရာ/ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၂၃) မှ သင်တန်းသားများအား နိုင်ငံတော်တည်ဆောက်ရေးနှင့် မီဒီယာ၏အခန်းကဏ္ဍ ဘာသာရပ်သင်ခန်းစာကို ဆွေးနွေးပို့ချရာ ပါမောက္ခချုပ်ဦးကျော်စိုး၊ ဒုတိယပါမောက္ခချုပ်များ၊ သင်ကြားရေးဌာနမှ ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ ဆရာမများ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးပို့ချရာတွင် နိုင်ငံတော်၏ လက်ရှိနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဖြစ်ထွန်းတိုးတက်မှုအခြေအနေများ၊ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် အစိုးရ၏ အားထုတ်ကြိုးပမ်းဆောင်ရွက်နေမှု အခြေအနေများ၊ မာရဝိဇယရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်မှုအခြေအနေများ၊ (၇၅)နှစ်မြောက်စိန်ရတုပြည်ထောင်စုနေ့၊ စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားကျင်းပခဲ့ပုံများ၊ နိုင်ငံတော်အဆင့်အခမ်းအနားများနှင့် ပြပွဲ/ပြိုင်ပွဲ၊ ပွဲတော်များ ကျင်းပပြုလုပ်ဆောင်ရွက်ခဲ့မှုများ၊ ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်ပြီးနောက် နိုင်ငံတော်အဆင့်ဦးဆောင်ပြီး ပြန်လည်ထူထောင်နိုင်ခဲ့မှု အခြေအနေများ၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)(၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား အောင်မြင်စွာ ကျင်းပဆောင်ရွက်ခဲ့မှုများ၊ သတင်းတု/ သတင်းမှား တုံ့ပြန်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာန၏ စီစဉ်ဆောင်ရွက်မှုများ၊ ပြည်တွင်းပြည်ပသတင်းမီဒီယာနှင့် ပတ်သက်သည့် အစည်းအဝေးနှင့် အခမ်းအနားများသို့ ပြန်ကြားရေးဝန်ကြီးဌာနက ပူးပေါင်းပါဝင်ဆောင်ရွက်မှုများ၊ မီဒီယာဆက်ဆံရေးနှင့် မီဒီယာဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ သင်တန်းသားသင်တန်းသူများ အခြားသိသင့်သိထိုက်သည့် အကြောင်းအရာများကို ဆွေးနွေးဟောပြောပို့ချခဲ့သည်။ **(အပေါ်ပုံ)**





အဆိုပါသင်တန်းမှာ ရက်သတ္တ ၅ ပတ်ကြာ ဖွင့်လှစ်သည့် သင်တန်းဖြစ်ပြီး တက္ကသိုလ်ကောလိပ်များမှ ဆရာ ဆရာမ ၃၉၇ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

ညနေပိုင်းတွင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံ (မန္တလေး) သို့ရောက်ရှိပြီး ဝန်ထမ်းများအား တွေ့ဆုံမှာကြားသည်။

ထို့နောက် စက်ရုံအတွင်း ပုံနှိပ်ရေးလုပ်ငန်းများ၊ ထုတ်ဝေရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှု၍ ပြည်ထောင်စုဝန်ကြီးက သာပေါင်းစက္ကူစက်ရုံမှ ယခုအခါ သတင်းစာစက္ကူကုန်ကြမ်းများကို နမူနာပေးပို့လာသဖြင့် သတင်းစာတိုက်တွင် စမ်းသပ်မှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ နောင်တွင် ကျောင်းသုံးစက္ကူ 70 GSM အဆင်သို့ ရောက်ရှိလာပါက ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များကို ယခုထက် အရေအတွက်ပိုမိုရိုက်နှိပ်ပေးရန်ရှိသဖြင့် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရန်လိုကြောင်း၊ ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်အတွက် ပုံနှိပ်လျက်ရှိသည့် သင်ရိုးညွှန်းတမ်းစာအုပ်များ အရည်အသွေးကောင်းမွန်စံချိန်မီရေး၊ အချိန်မီပြီးစီးရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရေးတို့နှင့် စပ်လျဉ်း၍ မှာကြားခဲ့သည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမြင့်စိုး မက်မန်းဒေသမှဝန်ထမ်းများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**နေပြည်တော် အောက်တိုဘာ၂၀**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ယမန်နေ့ နံနက်ပိုင်းက ‘ဝ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းမြို့ရှိ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးသို့သွားရောက်၍ ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားကာ ဝန်ထမ်းများအတွက် ထောက်ပံ့မှုများ ပေးအပ်ကာ ရုံးအဆောက်အအုံ မြေထိန်းနံရံ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။



ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မက်မန်းမြို့ ပညာဒီပ ဘုန်းတော်ကြီးကျောင်းသို့သွားရောက်၍ ဆရာတော်ကြီးအားဖူးမြော်ကာ သင်္ကန်း၊ နဝကမ္မ၊ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး မင်းရန်အောင် စေတီတော်အား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မက်မန်းမြို့ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာဝန်ထမ်းများနှင့်တွေ့ဆုံ၍ မက်မန်းဒေသတွင်း သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနက ဆောင်ရွက်ပေးနေသော ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ရှင်းလင်းပြောကြားကာ ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်သည်။ **(အပေါ်ပုံ)**

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် ကျိုင်းတုံမြို့နမ့်ခင်းချောင်းဆိုလာစိုက်ပျိုး ရေတင်စနစ်ဖြင့် မိုးစပါးကေ ၆၀ စိုက်ပျိုးနေမှုကို ကြည့်ရှုစစ်ဆေးကာ တောင်သူများနှင့် တွေ့ဆုံ၍ လာမည့် ဆောင်းသီးနှံ ဟင်းသီးဟင်းရွက်များ စိုက်ပျိုးရန်၊ နွေစပါးစိုက်ကေ ၄၀ အတွက် အထွက်တိုး စပါးမျိုးများ စိုက်ပျိုးကြရန်၊ ဆီထွက်သီးနှံများကိုလည်း အောင်မြင်အောင် ဆက်လက် စမ်းသပ်စိုက်ပျိုးကြရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ယန်းလောခေတ်မီစံပြကျေးရွာ (Smart Village) သို့ ရောက်ရှိရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ကျိုင်းတုံခရိုင် ဦးစီးမှူး ဦးဝင်းနိုင်က ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း စံပြကျေးရွာအတွက် ဆောင်ရွက်ပေးခဲ့သော ကွန်ကရစ်လမ်းများ ဖောက်လုပ်ပေးမှု အခြေအနေ၊ VDP ရန်ပုံငွေဖြင့် လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ကျေးလက်စီးပွားမြှင့်တင်ရေး ရန်ပုံငွေစီမံကိန်း (RBF)ဖြင့် ဆောင်ရွက်နေသော မွေးမြူရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ပေးသည်။

ယင်းနောက် အသေးစားစက်မှု လက်မှုဦးစီးဌာန၏ အသေးစားကုန်ထုတ်လုပ်မှုများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုး စီမံကိန်းအရ ဖွင့်လှစ်ခဲ့သော သင်တန်းများတွင် ထူးချွန်ဆုရသူများအား လုပ်ငန်းသုံးပစ္စည်း ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို အဆိုပါခန်းမ၌ ဆက်လက်ကျင်းပပြီး ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ယန်းလောကျေးရွာ အပ်ချုပ်စက်သင်တန်းတွင် ထူးချွန်ဆုရသူ ငါးဦးကို အပ်ချုပ်စက်၊ ဘီတင်စက်၊ ခေါ်စက်၊ ထုပ်ရိုက်စက်နှင့် မီးပူ အပါအဝင် ပစ္စည်းခုနစ်မျိုးစီကို လည်းကောင်း၊ ယန်းကျိန်ကျေးရွာ ဝါးလက်မှုထည် သင်တန်းမှ ထူးချွန်သူငါးဦးကို ဝါးဖြတ်စက် (Miter Saw)၊ ကော်ပတ်အထိုင်စက်(Sandar)၊ Power Art Motor၊ ဝါးပြုတ်ရန်စတီးကန်၊ လက်ကိုင်ဖောက်စက်၊ လက်ကိုင်ဖြတ်စက်၊ ဝါးဖြတ်ခုံ၊ ဦးထုပ်ခေါင်းချိုးမိုတို့ကို လည်းကောင်း ထောက်ပံ့ပေးအပ်ရာ သင်တန်းသူများက လက်ခံယူကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ကျေးလက်စီးပွား မြှင့်တင်ရေးရန်ပုံငွေစီမံကိန်း(RBF)ဖြင့် ဆောင်ရွက်နေသော ငါးမွေးမြူရေးကန်များကို လည်းကောင်း၊ ဒေသမျိုးဝက်ခြံကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# သဲကုန်းမြို့နယ်၌ ပဲတီစိမ်းနှင့် မတ်ပဲသီးနှံအထွက်ကောင်းမျိုးများထောက်ပံ့



**သဲကုန်း အောက်တိုဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ်အတွင်း ပဲတီစိမ်း၊ မတ်ပဲများစိုက်ပျိုးရာတွင် အထွက်ကောင်းပြီး ပန်းတိုင်ရည်မှန်းချက် ပြည့်မီရေးအတွက် မြို့နယ်စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်း ကြီးကြပ်မှုကော်မတီမှ အထွက်ကောင်းမျိုးများ ပြည်သူလက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခြင်းနှင့် အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်း ရရှိရေး နည်းပညာဆွေးနွေးပွဲကို ယမန်နေ့က ကန်နှစ်ဆင့် ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးယဉ်ထွေးက အမှာစကားပြောကြားပြီး ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ဒုတိယတိုင်းဦးစီးမှူး ဦးစန်းလွင်က ပန်းတိုင်ရည်မှန်းချက်ပြည့်မီရေးစိုက်ပျိုးရေးနည်းပညာများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး အထွက်ကောင်း မျိုးများနှင့် နည်းပညာ ဆိုင်ရာများအတွက် အခက်အခဲများကို ဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးအောင်ဝင်းနှင့် ဝန်ထမ်းများက အယ်နီညို ရာသီဥတုနှင့် ပတ်သက်၍ အသိပညာပေးဆွေးနွေးပြီး တောင်သူများ အထွက်နှုန်းတိုးတက်ရေး စိုက်ပျိုးနိုင်ရန် မတ်ပဲမျိုးများဖြစ်သည့် TBL-9 မျိုးကောင်း မျိုးသန့်များအား တောင်သူလက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် နောင်တောင်းပရဟိတတပ်ဦးဘုန်းတော်ကြီးသင်ပညာရေးကျောင်း ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တရာဇိန္ဒာသီရိနှင့် တောင်ကြီးမြို့ ဗုဒ္ဓတက္ကသိုလ်ပါမောက္ခချုပ် OXFORD ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဓမ္မသာမိတို့ သီတင်းသုံးရာ ကျောင်းတိုက်များသို့ သွားရောက်ဖူးမြော်ကြည်ညို၍ သာသနာရေးဆိုင်ရာများ လျှောက်ထားကာ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူ



နေပြည်တော် အောက်တိုဘာ ၂၀

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးစိုင်းလိတ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌ ဦးခွန်ရဲထွေး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၉ နာရီက ရှမ်းပြည်နယ် ဟိုပုံးမြို့ နောင်တောင်း ပရဟိတ တပ်ဦးဘုန်းတော်ကြီးသင်ပညာရေးကျောင်း ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တရာဇိန္ဒာသီရိအရှင်သူမြတ်သီတင်းသုံးရာကျောင်းတိုက်သို့ သွားရောက်၍ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဩဝါဒခံယူသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် နောင်တောင်း ဘုန်းတော်ကြီးသင် ပညာရေး ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ရှမ်းပြည်နယ် တောင်ကြီးမြို့ ဗုဒ္ဓတက္ကသိုလ် ပါမောက္ခချုပ် OXFORD ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဓမ္မသာမိ သီတင်းသုံးရာ ကျောင်းတိုက်သို့ သွားရောက်၍ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ သာသနာရေး ဆိုင်ရာများ လျှောက်ထားပြီး ဩဝါဒခံယူသည်။

ဗုဒ္ဓတက္ကသိုလ်ပါမောက္ခချုပ် OXFORD ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဓမ္မသာမိက သာသနာတော်ဆိုင်ရာ ဗုဒ္ဓတက္ကသိုလ်များကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က Registration Procedure အကောင်အထည်ဖော်ဆောင်ရွက်နေသည်ကို ကြားသိရပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် မေတ္တာရပ်ခံမိန့်ကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် အောက်တိုဘာ ၂၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နှင့်လောက်ကိုင်မြို့တို့ရှိ တပ်မတော်ဆေးရုံများ၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)နှင့် တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)၊ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့ရှိ တပ်မတော်ဆေးရုံ၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက် ဆေးကုသမှုခံယူနေသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှု၊ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများအား ရင်းရင်းနှီးနှီး လိုက်လံမေးမြန်းအားပေးစကားပြောကြားကာ အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

○ *ကျောဖုံးမှ*

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် မြစ်၊ ချောင်း၊ အင်း၊ အိုင် စသည့် ရေအရင်းအမြစ်နှင့် ရေဝေရေလဲဒေသများ ထိန်းသိမ်းရန်၊ ဂေဟစနစ်တည်ငြိမ်မှုရှိစေရန်၊ ဒေသခံပြည်သူများ၏ အခြေခံလိုအပ်ချက်ဖြစ်သော သစ်၊ ထင်း၊ ဝါး စသည့် သစ်တောထွက်ပစ္စည်းများ ဖြည့်ဆည်းပေးနိုင်ရန်၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းနိုင်ရန်နှင့် ရာသီဥတုသာယာမျှတစေပြီး စိုက်ပျိုးရေးလုပ်ငန်းများကို အထောက်အကူပြုစေရန် ရည်ရွယ်၍ ကြိုးဝိုင်း/ ကြိုးပြင် ကာကွယ်တောများကို ဖွဲ့စည်းသတ်မှတ်ခြင်း ဖြစ်ပါသည်။

မိုင်းဟိန်း(တိုးချဲ့) ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းအားဖြင့် အဆိုပါ ဧရိယာအတွင်း ပေါက်ရောက်လျက်ရှိသော ကျွန်း၊ တမလန်း၊ ပိတောက် စသည့်အဖိုးတန်သစ်မျိုးများနှင့် အင်၊ ကညင်၊ မအူ၊ ထောက်ကြံ့၊ ဖန်ခါး၊ သစ်ဆိမ့်၊ မျောက်ငို၊ လက်ပံ၊ ဇင်ပြွန်း၊ တောသရက်၊ တောင်တမာ၊ သပြေ စသည့်သစ်မျိုးများကို ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ မျိုးသုဉ်းပျောက်ကွယ်နိုင်သည့် အပင်မျိုးစိတ်များနှင့် တောရိုင်းတိရစ္ဆာန်များအား ထိန်းသိမ်းကာကွယ်နိုင်ခြင်း၊ နေထိုင်ကျက်စားလျက်ရှိသော ဂျီ၊ ဆတ်၊ ပြောင်၊ တောဝက်၊ ဒေါင်း၊ တောကြက်၊ ရှဉ့်မျောက်၊ တောကြောင် စသည့်တောရိုင်းတိရစ္ဆာန်များ၏ နေရင်းဒေသများ တိုးပွားလာနိုင်ခြင်း၊ ဒေသခံပြည်သူများ၏ စိုက်ပျိုးမြေများအတွက် ရေဝေရေလဲဒေသအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်းနှင့် သစ်တောသယံဇာတများကို စနစ်တကျ စီမံအုပ်ချုပ်နိုင်မည်ဖြစ်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည် ဖြစ်ပါသည်။

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်**
**ထိန်းသိမ်းရေးဝန်ကြီးဌာန**

❖ *ကျောဖုံးမှ*

ကလေး မျက်စိသီးသန့်ဌာန ဖွင့်နိုင်ခဲ့ပါတယ်။ ကလေးမျက်စိအထူးကုဌာန၊ မျက်လုံးအိမ်၊ မြင်လွှာနဲ့ မျက်စိနောက်ခန်းဆိုင်ရာရှိတယ်။ မျက်ကြည်လွှာကတော့ ၁၉၉၃ခုနှစ် ကလေးမျက်ကြည်လွှာဆိုင်တဲ့ရောဂါတွေရှိတယ်။ မျက်စိအတွင်းတိမ်နောက်ဆက်တွဲရောဂါတွေဆိုပြီးတော့ ကြည့်ပေးတယ်။ ဒီနေ့လာပြတဲ့လူနာကို အရေးကြီးတယ်ဆိုရင် ဒီနေ့တင် မနက်ဖြန်ခွဲလိုက်ပါတယ်။ ဒါပေမယ့် ချက်ချင်းမခွဲနိုင်ဘူးဆိုရင် လူနာကိုရက်ချိန်းပေးလိုက်ပါတယ်။ အရေးမကြီးတဲ့ လူနာဆိုရင် တစ်လလောက် ရက်ချိန်းပေးပါတယ်” ဟု ရန်ကုန် မျက်စိအထူးကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာခင်နန်းလုံက ပြောသည်။

အဆိုပါ ရန်ကုန် မျက်စိအထူးကုဆေးရုံကြီး၏ ပြင်ပလူနာဌာနနှင့် အထူးကုပြင်ပ လူနာဌာနတွင် Online Booking စနစ်ဖြင့် Viber (သို့) messenger Search Box တွင် Caremebot ရိုက်နှိပ်ပြီး Viber (သို့) messenger သို့ hi လိုက်ကြောင်း သိရသည်။ ယင်းရန်ကုန်မျက်စိအထူးကုဆေးရုံကြီးတွင် အရေးပေါ်လူနာများကို ပိတ်ရက်မရှိ နေ့စဉ် ၂၄နာရီ ကုသပေးလျက်ရှိပြီး ပြင်ပလူနာများအတွက် အစိုးရရုံး ပိတ်ရက်များတွင် နံနက် ၈နာရီခွဲမှ ညနေ ၄ နာရီအထိ ကုသပေးလျက်ရှိကြောင်း သိရသည်။

**အာကာလင်း**

❇ *ကျောဖုံးမှ*

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ရောဝတီအသင်းက မြဝတီအသင်းကို တစ်ဂိုး-ဂိုး မရှိဖြင့် အနိုင်ရခဲ့သည်။ ဒုတိယအကျော့တွင် ရလဒ်ကောင်းများရရှိနေသည့် ရောဝတီအသင်းသည် ယခုပွဲတွင် မြဝတီကို အနိုင်ရခဲ့သဖြင့် တန်းဆင်းဇုန် အန္တရာယ်မှ ရုန်းထွက်နိုင်ရန် အခြေအနေကောင်းသွားပြီဖြစ်သည်။ မြဝတီအသင်းမှာမူ ရောဝတီကို ဖိအားပေးကာ ဂိုးသွင်းခွင့်များစွာ ရခဲ့သော်လည်း အသုံးမချနိုင်သဖြင့် ရှုံးပွဲ ကြုံတွေ့ခဲ့ခြင်းဖြစ်သည်။

နှစ်သင်းစလုံး အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့သည်။ နှစ်သင်းစလုံး ဂိုးသွင်းခွင့်များ အပြန်အလှန်ရခဲ့သော်လည်း ၃၁ မိနစ်တွင် ရောဝတီအသင်း အနိုင်ဂိုးရခဲ့ပြီး အောင်သီဟက သွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် မြဝတီအသင်းက ချေပဂိုးရနိုင်သည့် အခွင့်အရေးများစွာရခဲ့သော်လည်း ဘားထိထွက်သည့်အပြင် ရောဝတီဂိုးသမား လက်စွမ်းပြနေသဖြင့် နစ်နာခဲ့ရသည်။ ၆၃ မိနစ်တွင် မြဝတီအသင်း ပယ်နယ်တီ ကန်ခွင့်ရခဲ့ပြီး သက်ပိုင်ကို၏ ကန်ချက်ကို ရောဝတီဂိုးသမား ဟိန်းထက်စိုး ကာကွယ်နိုင်ခဲ့သည်။ ယခုပွဲအပြီးတွင် ရောဝတီအသင်းက ၁၆ ပွဲကစား ၁၈ မှတ်၊ မြဝတီအသင်းက ၁၆ ပွဲကစား ၁၉ မှတ် ရရှိထားသည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ရတနာပုံအသင်းနှင့် မဟာယူနိုက်တက်အသင်း ဂိုးမရှိသရေကျခဲ့သည်။ ယင်းနှစ်သင်းသည် ပထမအကျော့ကလည်း ဂိုးမရှိသရေကျခဲ့ပြီး နှစ်ကျော့စလုံး သရေရလဒ်ဖြင့် ပြီးဆုံးခဲ့ခြင်းဖြစ်သည်။ ၁၆ ပွဲစီကစားအပြီးတွင် မဟာယူနိုက်တက်အသင်းက ၂၃ မှတ်၊ ရတနာပုံအသင်းက ၁၉ မှတ် ရရှိထားသည်။

ပွဲစဉ် (၁၇) ဒုတိယနေ့အဖြစ် အောက်တိုဘာ ၂၁ ရက် **(ယနေ့)** ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ GFA အသင်းနှင့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MNL**

## ထူးခြားသည့် အခြေအနေ

နေပြည်တော် အောက်တိုဘာ ၂၀

ထူးခြားသည့်အခြေအနေမှာ ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ တရုတ်နိုင်ငံတောင်ပိုင်းကမ်းခြေတွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း “စန်ဘ” သည် အနောက်တောင်ဘက်သို့ ရွေ့လျားနိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ် အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Mr. Grigoriev Evgeny Dmitrievich ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို

**နေပြည်တော် အောက်တိုဘာ ၂၀**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ် အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေး ကော်မတီ ဥက္ကဋ္ဌ Mr. Grigoriev Evgeny Dmitrievich ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်၌ တည်ထားကိုးကွယ် ပူဇော်ထားသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော် အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ စိန့်ပီတာစဘတ် အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေး ကော်မတီဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးအား ဖူးမြော်ကြည်ညိုကာ ရင်ပြင်တော်ပတ်လည်ရှိ စကျင်ကျောက်များဖြင့် အနုပညာလက်ရာကွဲပြားစွာ တည်ဆောက်ထားသည့် ဂန္ဓကုဋိတိုက် ၂၄ ဆောင်(**ယာပုံ**)၊ အဂ္ဂါမိပတိ သာသနဒ္ဓဇမာန်တော်ကြီး၊ အဋ္ဌကထာဋီကာကျမ်းစာများကို စကျင်ကျောက်ချပ်များပေါ်၌ ခေတ်မီကိရိယာများ အသုံးပြု၍ ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ထွင်းထုထည့်သွင်း တည်ဆောက်ထားသည့် ကျောက်စာရုံစေတီတော်များကို လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသသည်။

ထို့နောက် စိန့်ပီတာစဘတ် အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး အရှေ့ဘက်မုခ်ရှိ ရတနာဆင်ဖြူတော် အဆောင်သို့ သွားရောက်ကာ ဆင်ဖြူတော်များကို အစားအစာများ ကျွေးမွေးကြသည်။

ယင်းနောက် စိန့်ပီတာစဘတ် အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပသည့် ၂၀၂၃ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ သွားရောက်၍ ပုလဲအတွဲများ၊ ကျောက်စိမ်း၊ ကျောက်မျက်အတွဲများနှင့် ကျောက်စိမ်းအရိုင်းအတွဲများ ခင်းကျင်းပြသရောင်းချနေမှုကို ကြည့်ရှုလေ့လာခဲ့ကြသည်။ (**ဝဲပုံ**)





ညနေပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေး ကော်မတီဥက္ကဋ္ဌနှင့် အတူလိုက်ပါလာသည့် ပြည်ပဆက်ဆံရေးကော်မတီ၊ နိုင်ငံတကာဆက်ဆံရေးဌာန အထူးအရာရှိချုပ် Dmitry KRUTOY နှင့် စိန့်ပီတာစဘတ်မြို့ N.P. Napalkov အဆင့်မြင့် ကင်ဆာရောဂါကုသရေးစင်တာ ဒါရိုက်တာ Vladimir M. Moiseyenko တို့သည် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကြရာ ရန်ကုန်ပြည်သူ့ဆေးရုံကြီး Training Center ၌ ပါမောက္ခချုပ် (ဆေးရုံအုပ်ကြီး/ကုသရေး) ဒေါက်တာသီတာလှက နှုတ်ခွန်းဆက်စကား ပြောကြားပြီး ကင်ဆာဆေးပညာဌာန ပါမောက္ခ/ဌာနမှူး ပါမောက္ခဒေါက်တာမျိုးမြင့်မော်က ကင်ဆာဆေးပညာဌာနအကြောင်းကိုလည်းကောင်း၊ ဓာတ်ရောင်ခြည်ကင်ဆာကုဌာန ပါမောက္ခ/ဌာနမှူး ပါမောက္ခဒေါက်တာမိုးလှိုင်က ဓာတ်ရောင်ခြည် ကင်ဆာကုဌာနအကြောင်းကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ Napalkov အဆင့်မြင့် ကင်ဆာရောဂါကုသရေးစင်တာ ဒါရိုက်တာ Vladimir M. Moiseyenko က Napalkov အဆင့်မြင့် ကင်ဆာရောဂါကုသရေးစင်တာတွင် လုပ်ငန်းဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် အထူးအရာရှိချုပ်နှင့် အဖွဲ့က ခေတ်မီကင်ဆာဆေးကုသမှု လုပ်ငန်းများနှင့် စပ်လျဉ်း၍ နှစ်နိုင်ငံ နည်းပညာ အပြန်အလှန်ဖလှယ်ရေး၊ ဆေးပညာကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးကြသည်။

ထို့နောက် အထူးအရာရှိချုပ်နှင့် ပါမောက္ခချုပ်(ဆေးရုံအုပ်ကြီး/ကုသရေး) ဒေါက်တာသီတာလှတို့သည် ဓာတ်ရောင်ခြည်ဖြင့် ကုသမှုပေးသည့် စက်ခန်းများ၊ Brachytherapy ဖြင့် ကုသမှုပေးသည့် စက်ခန်း၊ PET/CT, Cyclotron Centerနှင့် ကင်ဆာဆေးပညာ အတွင်းလူနာဌာနများသို့ လှည့်လည်ကြည့်ရှုကြသည်။

ညပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Mr. Grigoriev Evgeny Dmitrievich ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြသည်။

**သတင်းစဉ်**

---

# ဒုတိယဝန်ကြီး ဦးအေးထွန်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ အရှေ့တောင်အာရှဒေသလုံးဆိုင်ရာ အော်သိုဒေါ့ ခရစ်ယာန်ဘုန်းတော်ကြီး His Eminence Metropolitan Sergiy ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံ

ရန်ကုန် အောက်တိုဘာ ၂၀

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အရှေ့တောင် အာရှဒေသလုံးဆိုင်ရာ အော်သိုဒေါ့ ခရစ်ယာန်ဘုန်းတော်ကြီး His Eminence Metropolitan Sergiy ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (ရန်ကုန်) ရုံးခွဲ ဧည့်ခန်းမ၌ တွေ့ဆုံသည်။**



**ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက မြန်မာနိုင်ငံတွင် ဆောက်လုပ်မည့် ရုရှားအော်သိုဒေါ့ဘုရားကျောင်းအဆောက်အအုံ ဆောက်လုပ်ရန်ကိစ္စ၊ စိန့်ပီတာစဘတ်မြို့တွင် မြန်မာယဉ်ကျေးမှုစင်တာအတွက် မြေနေရာရရှိရန် ဆောင်ရွက်ပေးရေးနှင့် မြန်မာနှင့် ရုရှားနှစ်နိုင်ငံအကြား ယဉ်ကျေးမှုနှင့် ဘာသာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ ဒုတိယ ပါမောက္ခချုပ်(စီမံ)၊ ရန်ကုန်တိုင်းသာသနာရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

---

# ဆေးတက္ကသိုလ်(၁) ကျောင်းသား ကျောင်းသူများ တွံတေးမြို့သို့ ကွင်းဆင်းလေ့လာ

**တွံတေး အောက်တိုဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့ ပြည်သူ့ဆေးရုံသို့ အဖွဲ့ခေါင်းဆောင် ဒေါက်တာခင်သော်မင်း ဦးဆောင်သော ရန်ကုန်ဆေးတက္ကသိုလ်(၁) နောက်ဆုံးနှစ်အပိုင်း(က)ကျောင်းသား ကျောင်းသူများသည် အောက်တိုဘာ ၂၀ ရက်က ကွင်းဆင်းလေ့လာကြသည်။

မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျန်းမာရေးဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ တွေ့ဆုံရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမျိုးဇော်လှက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဌာနဝန်ထမ်းများနှင့် ဆေးတက္ကသိုလ် ကျောင်းသား ကျောင်းသူများ အပြန်အလှန်မိတ်ဆက်ကြကာ မြို့နယ်ဆရာဝန်ကြီးက မြို့နယ်အတွင်း ကျန်းမာရေး လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျန်းမာရေးဝန်ထမ်း ဆရာ ဆရာမများက MIS လုပ်ငန်းများအကြောင်း၊ ဖွားသေလုပ်ငန်းများအကြောင်း၊ TB ဖော်ထုတ်ကုသရေးဆောင်ရွက်နေမှုအကြောင်း၊ ART လုပ်ငန်းနှင့် အာဟာရလုပ်ငန်းအကြောင်း၊ VBDC လုပ်ငန်းအကြောင်း၊ NCD လုပ်ငန်းနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းအကြောင်း၊ EPI လုပ်ငန်း၊ CPD လုပ်ငန်းအကြောင်းများကို ပြောကြားပြီး ကြက်ခြေနီ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် လူမှုရေးအသင်းအဖွဲ့များက ကျန်းမာရေးဌာနနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရန်ကုန်ဆေးတက္ကသိုလ်(၁)နောက်ဆုံးနှစ်အပိုင်း(က)မှ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ သက်ဆိုင်ရာဌာနအလိုက် တာဝန်ယူထားကြသော ကျန်းမာရေးမှူးများက ပြန်လည်ဖြေကြားပေးခဲ့ပြီး ကျောင်းသား ကျောင်းသူများက တွံတေးမြို့ ပြည်သူ့ဆေးရုံတွင် တက်ရောက်ကုသနေသော လူနာများကို ကွင်းဆင်းကြည့်ရှုခဲ့ကြသည်။

**တွံတေးသား**

# ၂၀၂၃ ခုနှစ် အသက်(၂၅)နှစ်အောက် ပြည်နယ်နှင့်တိုင်းဒေသကြီး ပြေးခုန်ပစ်ပြိုင်ပွဲဆုပေးပွဲအခမ်းအနားကျင်းပ



**နေပြည်တော် အောက်တိုဘာ ၂၀**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် ရေကူးဒိုင်မွမ်းမံသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)ရှိ Multipurpose Hall ၌ ကျင်းပပြီး အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ က အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်းနှင့် သင်တန်းနည်းပြများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်များနှင့်အတူ ၂၀၂၃ ခုနှစ် အသက်(၂၅)နှစ်အောက် ပြည်နယ်နှင့်တိုင်းဒေသကြီး ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက ယခင် ပြည်နယ်/တိုင်း စံချိန်ထက်သာလွန်ကောင်းမွန်ပြီး စံချိန်သစ်တင်နိုင်ခဲ့သူများကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က ရွှေ ၁၆ ခု၊ ငွေ သုံးခု၊ ကြေး နှစ်ခုတို့ဖြင့် အမျိုးသမီးတံခွန်စိုက်ဆုဖလားရရှိသည့် တနင်္သာရီတိုင်းဒေသကြီးအသင်းကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က ရွှေ ၁၂ ခု၊ ငွေ ခြောက်ခု၊ ကြေး ခုနစ်ခုတို့ဖြင့် အမျိုးသားတံခွန်စိုက် ဆုဖလားရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို လည်းကောင်း ဆုတံဆိပ်နှင့် တံခွန်စိုက်ဆုဖလားများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ရွှေ ၂၄ ခု၊ ငွေ ခုနစ်ခု၊ ကြေး သုံးခုတို့ဖြင့် စုပေါင်းတံခွန်စိုက်ဆုဖလားရရှိသည့် တနင်္သာရီတိုင်းဒေသကြီးအသင်းကို တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်သည်။

၂၀၂၃ ခုနှစ် အသက်(၂၅)နှစ်အောက် ပြည်နယ်နှင့်တိုင်းဒေသကြီး ပြေးခုန်ပစ်ပြိုင်ပွဲတွင် (အမျိုးသမီး) သံပြားဝိုင်းပစ်ပြိုင်ပွဲ ပွဲစဉ်၌ ၁၉၉၂ ခုနှစ်က စန်းစန်းနု (ရန်ကုန်)တင်ခဲ့သည့် စံချိန် ၃၉ ဒသမ ၃၉ မီတာကို သိမ့်သိမ့်သူ (စစ်ကိုင်း)သည် ၄၀ ဒသမ ၃၅ မီတာဖြင့် လည်းကောင်း၊ (အမျိုးသား)သံပြားဝိုင်းပစ်ပြိုင်ပွဲ ပွဲစဉ်၌ ၁၉၇၀ ပြည့်နှစ်က ကျော်ဇင်(ရန်ကုန်)တင်ခဲ့သည့် စံချိန် ၄၃ ဒသမ ၀၅ မီတာကို ထက်ဝေယံ(ရှမ်း)သည် ၄၄ ဒသမ ၆၉ မီတာဖြင့် လည်းကောင်း၊ (အမျိုးသမီး) တုတ်ထောက်ခုန်ပြိုင်ပွဲ ပွဲစဉ်၌ ၁၉၉၅ ခုနှစ်က နေနေဝင်း(ရန်ကုန်)တင်ခဲ့သည့် စံချိန် ၃ ဒသမ ၁၀ မီတာကို ယုယုပိုင်(တနင်္သာရီ)သည် ၃ ဒသမ ၁၇ မီတာဖြင့် လည်းကောင်း၊ (အမျိုးသား)အလျားခုန်ပြိုင်ပွဲ ပွဲစဉ်၌ ၁၉၇၂ ခုနှစ်က သန့်ဇင်(ရန်ကုန်)တင်ခဲ့သည့် စံချိန် ၇ ဒသမ ၂၉ မီတာကို ဝိုင်ထက်ပိုင် (တနင်္သာရီ)သည် ၇ ဒသမ ၃၄ မီတာဖြင့် လည်းကောင်း၊ (အမျိုးသမီး)ကြိုးတပ်သံလုံးပစ်ပြိုင်ပွဲ ပွဲစဉ်၌ ၂၀၁၇ ခုနှစ်က အေးအေးမာ (မန္တလေး) တင်ခဲ့သည့် စံချိန် ၄၀ ဒသမ ၉၀ မီတာကို သွယ်သွယ်မိုး (တနင်္သာရီ)သည် ၄၆ ဒသမ ၀၅ မီတာ၊ အေးသူဟန် (စစ်ကိုင်း)သည် ၄၃ ဒသမ ၈၃ မီတာနှင့် သဲအိထွေး (မကွေး)သည် ၄၁ ဒသမ ၆၄ မီတာဖြင့်လည်းကောင်း စံချိန်သစ်တင်နိုင်ခဲ့သည်။

အလားတူ (အမျိုးသမီး)သုံးဆင့်ခုန်ပြိုင်ပွဲ ပွဲစဉ်၌ ၂၀၀၈ ခုနှစ်က အေးအေးသန်း (ပဲခူး) တင်ခဲ့သည့် စံချိန် ၁၁ ဒသမ ၆၇ မီတာကို ဝါဝါရွှေ(စစ်ကိုင်း)သည် ၁၁ ဒသမ ၇၁ မီတာဖြင့် လည်းကောင်း၊ (အမျိုးသား) တန်းမြင့်ခုန်ပြိုင်ပွဲ ပွဲစဉ်၌ ၂၀၂၀ ပြည့်နှစ်က ရာဇာဖြိုး(စစ်ကိုင်း) တင်ခဲ့သည့် စံချိန် ၁ ဒသမ ၉၄ မီတာကို ထက်အောင်အောင်(ရန်ကုန်)သည် ၁ ဒသမ ၉၅ မီတာဖြင့် လည်းကောင်း၊ ၂၀၂၀ ပြည့်နှစ်က ရာဇာဖြိုး (စစ်ကိုင်း)သည် ၎င်းကိုယ်တိုင်တင်ခဲ့သည့် စံချိန် ၁ ဒသမ ၉၄ မီတာကို ၁ ဒသမ ၉၅ မီတာဖြင့် လည်းကောင်း၊ (အမျိုးသား) သံလုံးပစ်ပြိုင်ပွဲ ပွဲစဉ်၌ ၁၉၇၃ ခုနှစ်က စောဆာလောလတင်ခဲ့သည့် မြန်မာပြည်စံချိန် ၁၄ ဒသမ ၈၀ မီတာနှင့် ၂၀၀၃ ခုနှစ်က အောင်မိုးဝင်း(ရှမ်း)တင်ခဲ့သည့် ပြည်နယ်နှင့်တိုင်းဒေသကြီး စံချိန် ၁၃ ဒသမ ၈၀ မီတာတို့ကို ထက်ဝေယံ(ရှမ်း)သည် ၁၅ ဒသမ ၀၃ မီတာဖြင့်လည်းကောင်း၊ (အမျိုးသား)မီတာ ၈၀၀ ပြိုင်ပွဲ ပွဲစဉ်၌ ၂၀၂၃ ခုနှစ်က ထိုင်းနိုင်ငံပြိုင်ပွဲတွင် ဟိန်းထက်အောင် (မန္တလေး) အသစ်တင်ခဲ့သည့် စံချိန် ၁:၅၃ ဒသမ ၆၃ စက္ကန့်ကို ဖြိုးကျော်ဇင်ဦး(ရှမ်း)သည် စံချိန် ၁:၅၃ ဒသမ ၄၄ စက္ကန့်ဖြင့် လည်းကောင်း၊ (အမျိုးသား) မီတာ(၂၀၀)ပြိုင်ပွဲ ပွဲစဉ်၌ ၂၀၀၄ ခုနှစ်က ဝေဖြိုးအောင် (မကွေး)တင်ခဲ့သည့်စံချိန် ၂၁ ဒသမ ၉၀ စက္ကန့်ကို ထက်အောင်ရှိုင်း(တနင်္သာရီ)သည် စံချိန် ၂၁ ဒသမ ၃၈ စက္ကန့်ဖြင့် လည်းကောင်း၊ (အမျိုးသား) မီတာ (၁၀၀)ပြိုင်ပွဲ ပွဲစဉ်၌ ၁၉၆၉ ခုနှစ်က စိုးဝင်း (ရန်ကုန်) တင်ခဲ့သည့်စံချိန် ၁၀ ဒသမ ၆၄ စက္ကန့်ကို ၅၄ နှစ်ကြာမှ ထက်အောင်ရှိုင်း(တနင်္သာရီ)သည် စံချိန် ၁၀ ဒသမ ၅၈ စက္ကန့်ဖြင့်လည်းကောင်း ယခင်စံချိန်ဟောင်းများထက် သာလွန်ကောင်းမွန်ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးစံချိန်သစ်များ တင်နိုင်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများကြီးကြပ်ရေးကောင်စီ အမှုဆောင်ကော်မတီအစည်းအဝေး (၁/၂၀၂၃) ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၀**

လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများ ကြီးကြပ်ရေးကောင်စီ၏ အမှုဆောင်ကော်မတီ အစည်းအဝေး (၁/၂၀၂၃) ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ပတ္တမြားခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများ ကြီးကြပ်ရေး ကောင်စီဥက္ကဋ္ဌ ပြည်ထောင်စု စာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး၊ ဒုတိယ စာရင်းစစ်ချုပ်၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၊ အမြဲတမ်းအတွင်းဝန်နှင့် အမှုဆောင်ကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးက လူမွဲခံယူခြင်းဆိုင်ရာလုပ်ငန်းစဉ်များကို ဥပဒေနှင့်အညီ စနစ်တကျ ထိရောက်စွာ ဆောင်ရွက်နိုင်စေရန်နှင့် လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူ (Insolvency Practitioner-IP)များ၏ ကျင့်ဝတ်လိုက်နာမှုအပေါ် ထိန်းကျောင်းသည့် ယန္တရားတစ်ရပ် ပေါ်ပေါက်လာစေရန်ရည်ရွယ်၍ ယခုအစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း၊ အမှုဆောင်ကော်မတီဝင်များအနေဖြင့် ယနေ့ဆွေးနွေးမည့် အကြောင်းအရာများနှင့် စပ်လျဉ်း၍ မိမိတို့၏အတွေ့အကြုံများဖြင့် ရင်းနှီးပွင့်လင်းစွာ အကြံပြုဆွေးနွေးပေးကြစေလိုကြောင်းနှင့် လူမွဲခံယူခြင်းဆိုင်ရာလုပ်ငန်းစဉ်များ လျင်မြန်သွက်လက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက်လည်း အားလုံးတက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း တိုက်တွန်း ပြောကြားသည်။

ထို့နောက် အမှုဆောင်ကော်မတီဝင်များက လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများအတွက် ပညာအရည်အချင်း၊ အတွေ့အကြုံကာလနှင့် ကျင့်ဝတ်ဆိုင်ရာများအတွက် အခကြေးငွေသတ်မှတ်မှု သတ်မှတ်မှု၊ မှတ်ပုံတင်လက်မှတ်ထုတ်ပေးရေးလုပ်ငန်းစဉ်ဆိုင်ရာ စံပြုလုပ်ထုံးလုပ်နည်း (SOP) ထုတ်ပြန်နိုင်ရေးကိစ္စ၊ မှတ်ပုံတင်လက်မှတ် လျှောက်ထားခြင်းစသည်တို့ကို ညှိနှိုင်းဆွေးနွေးကြပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်က နိဂုံးချုပ်အမှာစကား ပြောကြား၍ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သရက်ခရိုင်အစိုးရဝန်ထမ်းပေါင်းစုံ အခြေခံသမဝါယမအသင်းလီမိတက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာစည်းဝေး

**သရက် အောက်တိုဘာ ၂၀**

မကွေးတိုင်းဒေသကြီး အစိုးရဝန်ထမ်းပေါင်းစုံ အခြေခံသမဝါယမအသင်းလီမိတက်၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် နှစ်ဝက်နှင့် ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယမန်နေ့က သရက်မြို့ ရွှေစင်ငွေစင်ခန်းမ၌ ကျင်းပရာ သရက်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်သမဝါယမဦးစီးမှူး၊ ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်သမဝါယမ ဦးစီးမှူးနှင့် အသင်းသား အသင်းသူများ တက်ရောက်သည်။



အခမ်းအနားတွင် သရက်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အမှာစကား ပြောကြားပြီး သရက်ခရိုင် သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးချမ်းငြိမ်းအေးက ဂုဏ်ပြုဆုငွေများ ချီးမြှင့်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ အသင်းသား အသင်းသူများ၏ ထူးချွန်သား၊ သမီးများအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်သမဝါယမဦးစီးမှူးနှင့် တာဝန်ရှိသူများက ဆုငွေများ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားတွင် တစ်ဘာသာဂုဏ်ထူးရှင် ကိုးဦးနှင့် ငါးဘာသာဂုဏ်ထူးရှင် တစ်ဦးတို့ကို ချီးမြှင့်ခြင်းဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# စေတနာရှင်သွေးလှူရှင်များနှင့် အမ်ပီတီ ပူးပေါင်း၍ (၁၂) ကြိမ်မြောက် သွေးလှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၂၀**

တိုင်းဒေသကြီးနှင့် ပြည်နယ်ခုနစ်ခုရှိ အမ်ပီတီရုံးများစိုက်ရာနေရာများတွင် စေတနာရှင် သွေးလှူရှင်များနှင့် အမ်ပီတီပူးပေါင်း၍ (၁၂)ကြိမ်မြောက် သွေးလှူဒါန်းခြင်း အခမ်းအနားကို အောက်တိုဘာ ၂၀ ရက်က ကျင်းပရာ ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ မြန်မာ့ဆက်သွယ်ရေးသင်တန်းကျောင်း၌ သွေးလှူရှင် ၁၈၀ ကျော်က ရန်ကုန်မြို့ အမျိုးသားသွေးလှူဘဏ်သို့ သွေးရည်ကြည်အိတ် ၁၈၀ ကျော် လှူဒါန်းသည်။ ပုဇွန်တောင်မြို့နယ်ရှိ ဆက်သွယ်ရေးသင်တန်းကျောင်း၌ သွေးအိတ်ပေါင်း ၁၈၀ ကျော် လှူဒါန်းမှုအပြင် အခြားတိုင်းဒေသကြီးနှင့်ပြည်နယ်များ၌လည်း အမ်ပီတီနှင့် စေတနာရှင် သွေးလှူရှင်များက သွေးအိတ်ပေါင်း ၅၀၀ ကျော်ကို လှူဒါန်းခဲ့ကြသည်။ **အောင်သန်းဦး**

# တရုတ်နိုင်ငံက ဂရပ်ဖိုက်တင်ပို့မှုကို ဒီဇင်ဘာ ၁ ရက်မှ စတင်ကန့်သတ်မည်

ပေကျင်း အောက်တိုဘာ ၂၀

**တရုတ်နိုင်ငံသည် ၎င်း၏ အမျိုးသားလုံခြုံရေးနှင့် အကျိုးစီးပွားများကို ကာကွယ်ရန်အတွက် လျှပ်စစ်ကားများ၏ လစ်သီယမ်-အိုင်းယွန်းဘက်ထရီများတွင် အဓိကအသုံးပြုသည့် ဂရပ်ဖိုက်များ တင်ပို့မှုကို ကန့်သတ်မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။**

တရုတ်နိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် အထွေထွေအကောက်ခွန် အုပ်ချုပ်ရေးဌာနတို့မှ အချို့သောဂရပ်ဖိုက်ထုတ်ကုန်များအပေါ် အရေးယူဆောင်ရွက်မှုများကို ဒီဇင်ဘာ ၁ ရက်တွင် စတင်လုပ်ဆောင်မည်ဖြစ်ကြောင်း အောက်တိုဘာ ၂၀ ရက်တွင် ပြောကြားသည်။

တင်ပို့သူများသည် သုံးစွဲသူများနှင့် ၎င်းတို့၏ ရည်ရွယ်ချက်များကို ထုတ်ဖော်ရန်နှင့် အစိုးရခွင့်ပြုချက်ရယူရန် လိုအပ်မည်ဖြစ်သည်။ စည်းကမ်းဖောက်ဖျက်သူများသည် ပြစ်ဒဏ်များ ချမှတ်ခံရမည်ဖြစ်သည်။

လျှပ်စစ်ကားများ ရေပန်းစားလာခြင်းကြောင့် လစ်သီယမ်-အိုင်းယွန်းဘက်ထရီများ ဝယ်လိုအား မြင့်တက်လာမှုနှင့်အတူ တရုတ်နိုင်ငံအတွက် အဆင့်မြင့် တစ်ပိုင်းလျှပ်ကူးပစ္စည်းများအပေါ် ပို့ကုန်ထိန်းချုပ်မှုများ တင်းကျပ်ထားကြောင်း အမေရိကန်က ထုတ်ပြန်လိုက်ပြီးနောက် သုံးရက်အကြာတွင် ယခုကြေညာချက် ထွက်လာခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံသည် ဂရပ်ဖိုက်များကို အဓိကထုတ်လုပ်သည့် နိုင်ငံတစ်ခုဖြစ်သည်။

**အင်န်အိတ်ချ်ကေ**




လျှပ်စစ်ကားဘက်ထရီပြုလုပ်ရန် အဓိကအသုံးပြုသည့် ဂရပ်ဖိုက်များ။



ပင်တဂွန် သတင်းပြန်ကြားရေးအတွင်းဝန် ပက်ထရစ် ရိုင်ဒါ ရှင်းလင်းပြောကြားစဉ်။

## အီရန် ကျောထောက်နောက်ခံပြု သူပုန်အုပ်စုက ပစ်လွှတ်သည့် ဒုံးကျည်များအား ကြားဖြတ်ပစ်ချခဲ့ကြောင်း ပင်တဂွန်ပြောကြား

**တိုကျို အောက်တိုဘာ ၂၀**

ပင်လယ်နီတွင် အမေရိကန်ရေတပ် သင်္ဘောတစ်စင်းသည် အီရန်ကျောထောက်နောက်ခံပြုအဖွဲ့မှ အစ္စရေးဘက်သို့ ပစ်ခတ်ခဲ့သည့် ဒုံးကျည်အများအပြားနှင့် ဒရုန်းများကို ကြားဖြတ်ဟန့်တားခဲ့ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ပင်လယ် မြောက်ပိုင်းတွင် ရောက်ရှိနေသော ပဲ့ထိန်းဒုံးကျည် ဖျက်သင်္ဘော ယူအက်စ်အက်စ်ကာနေးသည် မြေပြင်တိုက်ခိုက်ရေး ခရုဇ် ဒုံးကျည်သုံးစင်းနှင့် ဒရုန်းအများအပြားကို ပစ်ချခဲ့ကြောင်း ပင်တဂွန်သတင်းပြန်ကြားရေး အတွင်းဝန် ပက်ထရစ်ရိုင်ဒါက အောက်တိုဘာ ၁၉ ရက်က ပြောကြားသည်။

ဒုံးကျည်များနှင့် ဒရုန်းများကို ယီမင်ရှိ အီရန်ကျောထောက်နောက်ခံပြု ဟူသီသူပုန်အဖွဲ့က ပစ်လွှတ်ခဲ့ခြင်းဖြစ်ကြောင်း ရိုင်ဒါက ပြောကြားသည်။

အဆိုပါ ဒုံးကျည်နှင့် ဒရုန်းများသည် ယီမင်မှ မြောက်ဘက် ပင်လယ်နီ တစ်လျှောက်ကို ဦးတည်နေပြီး အစ္စရေးရှိ ပစ်မှတ်များကို ဦးတည်သွားနိုင်ခြေရှိကြောင်း ၎င်းက ဆိုသည်။

**တားဆီးရန်လိုလား**

အီရန်နှင့် ၎င်းကျောထောက်နောက်ခံပြုထားသည့် အဖွဲ့များကဲ့သို့သော အစ္စရေးဆန့်ကျင်ရေးအဖွဲ့များအနေဖြင့် ဆက်လက်ဖြစ်ပွားနေသည့် အစ္စရေး-ဟားမားစ် ပဋိပက္ခတွင် ဝင်ရောက်စွက်ဖက်ခြင်းမှ တားဆီးရန် အမေရိကန်ဘက်မှ လိုလားလျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**

## ကျူးဘားနိုင်ငံအပေါ် အမေရိကန် ဒဏ်ခတ်ပိတ်ဆို့မှုကြောင့် နှစ်ပေါင်း ၆၀ အတွင်း ဒေါ်လာ ၁၅၉ ဘီလီယံကျော် ဆုံးရှုံး

**ဟာဗားနား အောက်တိုဘာ ၂၀**

ကျူးဘားနိုင်ငံအပေါ် အမေရိကန်၏ စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ ပိတ်ဆို့အရေးယူမှုကို ရှုတ်ချခဲ့ပြီး နှစ်ပေါင်း ၆၀ အတွင်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၅၉ ဘီလီယံကျော် ဆုံးရှုံးစေခဲ့ကြောင်း ကျူးဘားနိုင်ငံခြားရေးဝန်ကြီး ဘရူနို ရိုဒရီဂွတ်ဇ် က ပြောကြားသည်။

၂၀၂၂ ခုနှစ် မတ်လမှ ၂၀၂၃ ခုနှစ်အတွင်း ပိတ်ဆို့အရေးယူမှုမှ ပျက်စီးဆုံးရှုံးမှုစုစုပေါင်းမှာ ဒေါ်လာ ၄ ဒသမ ၈ ဘီလီယံကျော်ရှိပြီး တစ်လလျှင် ဒေါ်လာ ၄၀၅ သန်း သို့မဟုတ် နှစ်နာရီတိုင်း ဒေါ်လာတစ်သန်းနှုန်း ဆုံးရှုံးနေသည်ဟု အမေရိကန် ပိတ်ဆို့တားဆီးမှုဆိုင်ရာ နောက်ဆုံးအစီရင်ခံစာနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲတွင် ၎င်းက ပြောကြားသည်။

ကျူးဘားအချက်အလက်များအရ ၁၉၆၂ ခုနှစ် ဖေဖော်ဝါရီလတွင်စတင်ခဲ့သော အမေရိကန်၏ ပိတ်ဆို့တားဆီးမှုအောက်တွင် ကျူးဘားနိုင်ငံသား ၈၀ ရာခိုင်နှုန်းကျော်တို့၏ နေ့စဉ်ဘဝအတွက် ဆိုးရွားသော အခက်အခဲများစွာရင်ဆိုင်စေခဲ့သည်။

လာမည့် နိုဝင်ဘာ ၁ ရက်မှ ၂ ရက်အထိ ကျင်းပမည့် ကုလသမဂ္ဂ အထွေထွေညီလာခံတွင် (၃၁) ကြိမ်မြောက် ဆက်တိုက်ပိတ်ဆို့ထားမှုကို အဆုံးသတ်နိုင်ရေး ကျူးဘားနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်မူကြမ်းကို သုံးသပ်ရန် မျှော်လင့်ရသည်။

၂၀၂၂ ခုနှစ်အတွင်း နောက်ဆုံးမဲခွဲမှုတွင် နိုင်ငံပေါင်း ၁၈၅ နိုင်ငံက ကျူးဘား၏ဆုံးဖြတ်ချက်ကို ထောက်ခံခဲ့ပြီး ယူကရိန်းနှင့် ဘရာဇီးတို့က ကြားနေခဲ့ကာ အမေရိကန်နှင့် အစ္စရေးတို့ကသာ ကန့်ကွက်မဲပေးခဲ့ကြသည်။

**ဆင်ဟွာ**

## ကမ္ဘောဒီးယားနိုင်ငံရှိ ပြည်နယ်နှင့်မြို့ ၂၀ ခန့်တွင် ရေကြီးမှုဒဏ်ခံစားရ

**ဖနောင်ပင် အောက်တိုဘာ ၂၀**

မဲခေါင်မြစ်ရေလျှံမှုနှင့် ရုတ်တရက် ရေကြီးမှုများကြောင့် ကမ္ဘောဒီးယားနိုင်ငံရှိ ပြည်နယ်နှင့် မြို့ပေါင်း ၂၀ ခန့်တွင် ရေကြီးမှုဒဏ်ခံစားရပြီး လူခြောက်ဦးထက်မနည်း သေဆုံးခဲ့သည်ဟု အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှုကော်မတီ(NCDM) မှ ပြောရေးဆိုခွင့်ရှိသူက အောက်တိုဘာ ၂၀ ရက်တွင် ပြောသည်။

မိသားစုပေါင်း ၂၉၄၈၉ ဦးခန့် ရေကြီးမှုဒဏ် ခံစားရပြီး ၎င်းတို့ထဲမှ မိသားစုပေါင်း ၂၀၂၉ ဦးခန့်ကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရသည်ဟု ပြောရေးဆိုခွင့်ရှိသူ ဆော့ကင် ကိုလ်မိုနီ က ပြောသည်။

ရေကြီးမှုကြောင့် ခြောက်ဦး သေဆုံးကာ ခြောက်ဦးဒဏ်ရာရရှိခဲ့သည်ဟု ၎င်းကပြောသည်။ ဩဂုတ်လနှင့် အောက်တိုဘာလတို့တွင် တိုင်းပြည်အတွင်း ရေကြီးမှုဖြစ်ပေါ်လေ့ရှိပြီး စပါးစိုက်သည့် မြေဟက်တာပေါင်း ၂၂၇၁၃ ဟက်တာ ရေလွှမ်းခဲ့ရသည်။

ယခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအထိ မိုးကြိုးပစ်မှုကြောင့် ၇၃ ဦး သေဆုံးကာ မုန်တိုင်းကြောင့် ကိုးဦး သေဆုံးခဲ့သည်ဟု ၎င်းက ဆက်ပြောသည်။

**ဆင်ဟွာ**

## ဆူဒန်ပဋိပက္ခ ခြောက်လသို့ ကြာမြင့်လာပြီဖြစ်သည့်အတွက် အီသီယိုးပီးယားသို့ဖြတ်ကျော်ဝင်ရောက်သူ ၈၅၈၀၀ ကျော်ရှိလာ

**အဒစ္စအဘာဘာ အောက်တိုဘာ ၂၀**

ဆူဒန်နိုင်ငံ၌ ဖြစ်ပွားသည့် ပဋိပက္ခမှာ ခြောက်လကြာမြင့်လာပြီ ဖြစ်သည့်အတွက် အီသီယိုးပီးယားသို့ ဖြတ်ကျော် ဝင်ရောက်လာသူ ၈၅၈၀၀ ကျော် ရှိလာသည်ဟု ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူး (UNOCHA)ရုံးက ပြောသည်။

ဆူဒန်နိုင်ငံ၌ ဧပြီလလယ်ပိုင်း ပဋိပက္ခစတင်ဖြစ်ပွားသည့်အချိန်မှစကာ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ချဒ်၊ အီဂျစ်၊ အီသီယိုးပီးယားနှင့်တောင်ဆူဒန်နိုင်ငံတို့သို့ ထွက်ပြေးလာသည့် ဒုက္ခသည်ပေါင်း ၁ ဒသမ ၁ သန်းခန့် ရှိသည်ဟု အောက်တိုဘာ ၁၉ ရက်တွင် ထုတ်ပြန်သည့် ကုလသမဂ္ဂ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးက ပြောသည်။ ဆူဒန်နိုင်ငံမှ နေရပ်ပြန်သူများ၊ ဒုက္ခသည်များနှင့် ခိုလှုံသူများကို အီသီယိုးပီးယားက ဆက်လက်လက်ခံခဲ့ပြီး အောက်တိုဘာ ၁၇ ရက်အထိ ဖြတ်သန်းသွားလာသူပေါင်း ၈၅၈၀၀ အထိရှိသည်ဟု သိရသည်။



အီသီယိုးပီးယားသို့ ဖြတ်ကျော်ဝင်ရောက်လာသည့် ခိုလှုံခွင့်တောင်းခံသူများ၊ ဒုက္ခသည်များနှင့် နေရပ်ပြန်သူများအတွက် နောက်ထပ်ရန်ပုံငွေများ တောင်းခံခဲ့သည်။ ၂၀၂၃ ခုနှစ် အီသီယိုးပီးယား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကိစ္စရပ်များ တုံ့ပြန်ရေးအစီအစဉ်မှ အောက်တိုဘာလအထိ ရန်ပုံငွေ ၃၀ ရာခိုင်နှုန်းသာ ထောက်ပံ့ပေးထားသည်ဟု ကုလသမဂ္ဂ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးက ပြောသည်။ အီသီယိုးပီးယားတွင် လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများကို ဖြေရှင်းရန်အတွက် နောက်ထပ်ရန်ပုံငွေများ လိုအပ်လျက်ရှိသည်ဟု UNOCHA က ပြောသည်။

**ဆင်ဟွာ**

# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ တိုင်းဒေသကြီး အချိန်တိုအတွင်း ဖွံ့ဖြိုးဖို့ ဆက်ပြီးတော့ MSME လုပ်ငန်းတွေကို အားပေးမြှင့်တင်သွားပါမယ်

**ပဲခူးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး**

## ပဲခူးတိုင်းဒေသကြီး၏ ပထမဆုံး MSMEs ထုတ်ကုန်များ အရောင်းစင်တာနှင့်ပတ်သက်၍ တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များ၏ စကားသံများ

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ(MSMEs) ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီအနေဖြင့် ပဲခူးတိုင်းဒေသကြီးထုတ်ကုန်များ အရောင်းစင်တာကို ပဲခူးမြို့ သီရိဥဿဘာဈေး၌ အောက်တိုဘာ ၁၉ ရက်က စတင် ဖွင့်လှစ်ထားပြီဖြစ်သည်။ ထိုသို့ တိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများမှထွက်ရှိသည့် ဒေသထွက်ကုန်များကို တစ်နေရာတည်းတွင် တစ်စုတစ်စည်းတည်း ခင်းကျင်းပြသရောင်းချဝယ်ယူနိုင်မည့်အခြေအနေနှင့်စပ်လျဉ်း၍ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များ၏စကားသံများကို စုစည်းဖော်ပြလိုက်ရပါသည်။

**တွေ့ဆုံမေးမြန်း- စိုးပိုင်**
**ဓာတ်ပုံ- ဝဏ္ဏ**


ဦးတင်ဦး


ဦးဇေယျာဆွေ


ဒေါ်သီရိရတနာလှိုင်


Mr. Andrew Kim


ဦးအောင်ကြည်စိုး


ဦးသူရဝင်း


ဦးသိန်းအောင်


ဦးအောင်ကျော်ဆန်း

**ဦးတင်ဦး**
**ပဲခူးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး**

နိုင်ငံတော်အကြီးအကဲ အနေနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်တွေရဲ့ MSME လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့၊ MSME လုပ်ငန်းများကို အားပေးမြှင့်တင်ဖို့ ကျွန်တော်တို့ အစိုးရအဖွဲ့ကို လမ်းညွှန်မှာကြားတာရှိပါတယ်။ ဒါကြောင့် တိုင်းဒေသကြီး အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ(MSMEs) ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီ နာယက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဆောင်မှုနဲ့ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခြောက်ခရိုင်၊ မြို့နယ် ၂၈ မြို့နယ်က ထွက်ရှိတဲ့ စိုက်ပျိုးရေးကို အခြေခံတဲ့ ဒေသထွက်ကုန်တွေ၊ စားသောက်ကုန်၊ လူသုံးကုန်တွေကို အဆင့်မြှင့်တင်ပြီး တစ်စုတစ်ဝေးတည်း ခင်းကျင်းပြသနိုင်အောင် ဒီအရောင်းစင်တာကို စီစဉ်ခဲ့တာဖြစ်ပါတယ်။

ဒီလိုစီစဉ်ပေးတာက အဓိကအားဖြင့် လုပ်ငန်းရှင်တွေအတွက် ဈေးကွက်ချဲ့ထွင်နိုင်အောင် တစ်ဖက်တစ်လမ်းကနေ ကူညီဆောင်ရွက်ပေးနိုင်ဖို့ ဖြစ်ပါတယ်။ ဒီစင်တာအတွက် သက်ဆိုင်ရာအေဂျင်စီအဖွဲ့ဝင် ဌာနဆိုင်ရာအားလုံးက ပူးပေါင်းပါဝင် အထောက်အကူပြုခဲ့ကြတယ်။ ဒီစင်တာက တိုင်းဒေသကြီးအနေနဲ့ ပထမဆုံး ဆောင်ရွက်နိုင်ခဲ့တဲ့ MSME လုပ်ငန်းနဲ့ပတ်သက်တဲ့ အရောင်းစင်တာဖြစ်ပါတယ်။

အခု ဒီစင်တာမှာ တိုင်းဒေသကြီးအတွင်းက ထုတ်ကုန်အမယ်ပေါင်း ၃၀၀ ကျော်ကို ခင်းကျင်းပြသရောင်းချထားပါတယ်။ ဒီထဲမှာ MEC ရဲ့ ထုတ်ကုန်တွေလည်း ပါဝင်ပြသထားပါတယ်။ ပြည်သူတွေကလည်း စိတ်ဝင်တစားနဲ့ လာရောက်အားပေးဝယ်ယူကြပါတယ်။ ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ တိုင်းဒေသကြီး အချိန်တိုအတွင်း ဖွံ့ဖြိုးဖို့ ဆက်ပြီးတော့ MSME လုပ်ငန်းတွေကို အားပေးမြှင့်တင်သွားပါမယ်။ လုပ်ငန်းရှင်တွေ လိုအပ်တဲ့ ငွေကြေးအရင်းအနှီး၊ ဈေးကွက်၊ ကုန်ကြမ်း၊ နည်းပညာတွေကို စဉ်ဆက်မပြတ် ပံ့ပိုးပေးလျက်ရှိပါတယ်။

**ဦးဇေယျာဆွေ**
**ညွှန်ကြားရေးမှူး**
**ပဲခူးတိုင်းဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာန**

ကျွန်တော်တို့ တိုင်းဒေသကြီး ခရိုင်ခြောက်ခရိုင်ထဲမှာ MSME လုပ်ငန်းတွေနဲ့ ပတ်သက်တဲ့ ဈေးရောင်းပွဲတော်၊ ထုတ်ကုန်ပစ္စည်း ပြပွဲပြိုင်ပွဲတွေ လုပ်ခဲ့တယ်။ အဓိကတော့ MSME လုပ်ငန်းတွေအတွက် အဓိကလိုအပ်ချက်တစ်ရပ်ဖြစ်တဲ့ ဈေးကွက်ရရှိအောင်ပါ။ ဈေးရောင်းပွဲတော်ကနေ ရရှိတဲ့ ဈေးကွက်အခွင့်အလမ်းထက် အမြဲတမ်းဖွင့်လှစ်ထားတဲ့ အခုလို အရောင်းစင်တာတွေက ပိုပြီးဈေးကွက်အခွင့်အလမ်းရနိုင်တယ်။ ဒါကြောင့် ကုန်သွယ်မှုရှုထောင့်ကနေ ပြည်တွင်းကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပဲခူးမြို့ မြို့မဈေးကြီးအပေါ်ထပ်မှာပဲ MSME အရောင်းစင်တာဖွင့်လှစ်ဖို့ တိုင်းဒေသကြီးဝန်ကြီးချုပ်ရဲ့ ညွှန်ကြားမှုနဲ့အညီ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဒီစင်တာမှာ တိုင်းဒေသကြီးထဲမှာရှိတဲ့ ခရိုင် ၆ ခရိုင်၊ မြို့နယ် ၂၈ မြို့နယ်က MSME လုပ်ငန်းတွေက ထုတ်ကုန်တွေကို တစ်နေရာတည်းမှာ ပြသခင်းကျင်း ရောင်းချနိုင်ဖို့ စီစဉ်ခဲ့ပါတယ်။ ဒီလို စီစဉ်ခဲ့တဲ့အတွက် အခု ဒီအရောင်းစင်တာထဲမှာ လုပ်ငန်းရှင် ၁၀၀ ကျော်ရဲ့ ထုတ်ကုန်အမယ် ၃၀၀ ကျော်ကို ပြသရောင်းချနေပါပြီ။ လုပ်ငန်းရှင်တွေအတွက် အခမဲ့ လာရောက်ပြသ ခင်းကျင်းရောင်းချနိုင်အောင် စီစဉ်ဆောင်ရွက်ထားတာဖြစ်ပါတယ်။ ဒါကြောင့် အရောင်းစင်တာမှာ တိုင်းဒေသကြီးထဲက MSME လုပ်ငန်းရှင်တွေအနေနဲ့ မိမိတို့ထုတ်ကုန်ပစ္စည်းများ လာရောက်ခင်းကျင်းပြသ ရောင်းချဖို့ ဖိတ်ခေါ်ပါတယ်။ ထပ်ပြီးတော့ လာရောက်ပြသမယ့် လုပ်ငန်းရှင်တွေ အဆင်ပြေအောင်လည်း ကျွန်တော်တို့အနေနဲ့ MSME အေဂျင်စီအနေနဲ့ လိုအပ်တာတွေကို ကူညီဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

**ဒေါ်သီရိရတနာလှိုင်**
**ရိုးရာမောင် မြန်မာ့ချည်ထည်ထုတ်ကုန်လုပ်ငန်း**

ချည်ထည် အဝတ်အထည်တွေကို ရွှေတောင်ကနေ ပါဝင်ရောင်းချတာဖြစ်ပါတယ်။ အခုလို တိုင်းဒေသကြီးဝန်ကြီးချုပ်နဲ့ တာဝန်ရှိသူများကိုယ်တိုင် အားပေးတဲ့အတွက် ကျွန်မတို့လို MSME လုပ်ငန်းရှင်တွေအတွက် အထောက်အပံ့အများကြီးရပါတယ်။ ကျွန်မအနေနဲ့ ဒီလိုမျိုး MSME လုပ်ငန်းတွေကိုအားပေးတဲ့ အရောင်းပြပွဲတွေ၊ ဈေးရောင်းပွဲတော်တွေမှာ လိုက်လံပြသရောင်းချလျက်ရှိပါတယ်။ ကျွန်မတို့လို လုပ်ငန်းရှင်တွေအတွက် ဝယ်ယူသူနဲ့ တိုက်ရိုက်ချိတ်ဆက်မှု အများကြီးရပါတယ်။ ကိုယ်တိုင်ကိုယ်ကျ ဈေးကွက်ရှာမယ်ဆိုရင် အများကြီး အားထုတ်ရပါတယ်။ အခုလိုမျိုး ပါဝင်ပြသတဲ့ အခါကျတော့ MSME လုပ်ငန်းရှင်တွေ တစ်စုတစ်စုတည်းဖြစ်တယ်၊ ဒီလိုစုစည်းမိပြီး ဝယ်သူကလည်း တစ်နေရာတည်းကို လာရတယ်၊ ဈေးကွက်ချဲ့ထွင်မှုကလည်း ပိုအားသာပါတယ်။ စင်တာဖွင့်ပွဲမနက်မှာပဲ ကျွန်မဆိုရင် ဈေးကွက်အသစ်တွေ ရရှိခဲ့ပါတယ်။ ကိုယ်စားလှယ်အသစ်တွေ ရရှိခဲ့တယ်။ အခုလို ကြီးကျယ်ခမ်းနားတဲ့ MSME အရောင်းစင်တာမှာ အခမဲ့နေရာပေးပြီး ကျွန်မတို့လုပ်ငန်းရှင်တွေရဲ့ ဒေသထွက်ကုန်တွေကို အားပေးမြှင့်တင်ဆောင်ရွက်ပေးခဲ့တဲ့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နဲ့ တာဝန်ရှိသူများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

**Mr. Andrew Kim**
**Managing Director**
**Law & Accounting Firm**

ဒီစင်တာဖွင့်ပွဲ အခမ်းအနားကို ပါဝင် တက်ရောက်ခွင့်ရတဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါတယ်။ ဒီစင်တာ စဖွင့်တဲ့ ဒီနေ့မှာပဲ တိုင်းဒေသကြီးထဲက ထုတ်ကုန်တွေ၊ စားသောက်ကုန်ပစ္စည်း အမျိုးမျိုးကို တစ်နေရာတည်းမှာ ခင်းကျင်းရောင်းချနေမှုအပေါ် စိတ်ကြိုက် ဝယ်ယူခွင့်ရခဲ့ပါတယ်။ ပြီးတော့ ဒီစင်တာက အသေးစား၊ အလတ်စား လုပ်ငန်းတွေကို အားပေးဖို့ ဖော်ဆောင်ထားတာဖြစ်ပါတယ်။ ဒီစင်တာကြီးက ဒေသဖွံ့ဖြိုးတိုးတက်ရေးကို များစွာထောက်ပံ့ကူညီပေးနိုင်မယ်လို့ ယုံကြည်မျှော်လင့်ပါတယ်။

**ဦးအောင်ကြည်စိုး**
**တောင်သူအကျိုးပြု လယ်ယာသုံး လုပ်ငန်းနှင့် အာမခံ ပန်းပဲ**

ကျွန်တော်က အုတ်ဖိုမြို့ကနေ လယ်ယာသုံးပစ္စည်းတွေ လာရောက်ပြသရောင်းချတာ ဖြစ်ပါတယ်။ ဒီနေ့မှာပဲ ပြသရောင်းချထားတဲ့ လယ်ယာသုံး ပစ္စည်းတွေကို စိတ်ဝင်တစား လာရောက်မေးမြန်းဝယ်ယူကြပါတယ်။ ဒီအတွက် ဝမ်းသာမိပါတယ်။ ဒီလယ်ယာသုံးပစ္စည်းတွေဟာ တောင်သူတွေရဲ့ လုပ်ငန်းခွင်အတွက် အသုံးဝင်တဲ့ပစ္စည်းတွေ ဖြစ်ပါတယ်။ ဒီပစ္စည်းတွေ ရောင်းချနိုင်ဖို့ ဈေးကွက်အခွင့်အလမ်းကို ဒီစင်တာကနေ ရရှိမယ်လို့ ယုံကြည်ပါတယ်။ ဒီလိုစင်တာမှာ ပါဝင်ပြသနိုင်ဖို့ သက်ဆိုင်ရာဌာနဆိုင်ရာတွေက အားတက်သရော ကူညီပေးကြပါတယ်။ အခုလို အရောင်းစင်တာမှာ နေရာပေးပြီး ခင်းကျင်းရောင်းချခွင့်ရရှိအောင် စီစဉ်ဆောင်ရွက်ပေးတဲ့သူတွေကိုလည်း ကျေးဇူးတင်ပါတယ်။

**ဦးသူရဝင်း**
**ရှင်မ ငါးပိ ငံပြာရည်လုပ်ငန်း**

ပဲခူးမြို့ကနေ ပါဝင်ရောင်းချပြသတာဖြစ်ပါတယ်။ ကျွန်တော်တို့ ငါးပိငံပြာရည်လုပ်ငန်းက ကျွန်တော်တို့ဒေသက ဆည်မြောင်းအင်းအိုင်တွေက ထွက်ရှိတဲ့ ရေထွက်ကုန်ကိုပဲ အဓိကထား ထုတ်လုပ်ပါတယ်။ ရေထွက်ကုန်ကုန်ကြမ်းကို ကျွန်တော်တို့ ဒေသကနေပဲ ရရှိတာဖြစ်ပါတယ်။ ဒီလိုမျိုး ပါဝင်ခင်းကျင်းရောင်းချခွင့်ရတာဟာ ကျွန်တော်တို့လို လုပ်ငန်းရှင်တွေအတွက် အကျိုးကျေးဇူးများစွာ ရှိပါတယ်။ ကျွန်တော်တို့ တိုင်းဒေသကြီးထဲက တခြားလုပ်ငန်းရှင်တွေကိုလည်း လာရောက်ပါဝင်ပြသဖို့ ဖိတ်ခေါ်ချင်ပါတယ်။ *စာမျက်နှာ ၁၅ သို့*

# ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ တပ်မတော်စခန်းများအား KIA အဖွဲ့က အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်

**နေပြည်တော် အောက်တိုဘာ ၂၀**

တပ်မတော်အနေဖြင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါ သဘောတူညီချက်များအတိုင်း အလေးထားလိုက်နာဆောင်ရွက်လျက်ရှိပြီး NCA (၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကြီးကိုလည်း အနှစ်သာရရှိစွာ နိုင်ငံတော်အဆင့် အောင်မြင်စွာ ကျင်းပဆောင်ရွက်ခဲ့သည်။

ထိုသို့ တပ်မတော်အနေဖြင့် ထာဝရငြိမ်းချမ်းရေး ရရှိရေးအတွက် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသော်လည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေလိုသော ရည်ရွယ်ချက်များဖြင့် KIA တပ်မဟာ(၆) လက်အောက်ခံတပ်ဖွဲ့များနှင့် ပူးပေါင်းအဖွဲ့များက အောက်တိုဘာ ၁၉ ရက် နံနက် ၆ နာရီခွဲခန့်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မုံးကိုးမြို့၏ အနောက်တောင်ဘက် ၁၀ မိုင်ခန့် အကွာရှိ တပ်မတော်မှ နယ်မြေထိန်း လုံခြုံရေး ဆောင်ရွက်လျက်ရှိသည့် နမ့်ကွတ်စခန်းအား နေရာ (၃)နေရာမှ အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့သည်။

ထိုသို့ တိုက်ခိုက်လာရာ စခန်းရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များက မဆုတ်မနစ် ပြန်လည်ခုခံတိုက်ခိုက်ခဲ့သော်လည်း သောင်းကျန်းသူအင်အား များပြားလာမှုကြောင့် စစ်ကူ စစ်ကြောင်းများ မရောက်မီ ညနေ ၄ နာရီခွဲခန့်တွင် စခန်းမှ ခေတ္တဆုတ်ခွာခဲ့ပြီး စစ်ကူ စစ်ကြောင်းများဖြင့် ပြန်လည်ပူးပေါင်းလျက် စခန်းနေရာအား ပြန်လည်သိမ်းပိုက်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ တိုက်ခိုက်လာမှုကြောင့် တပ်မတော် စစ်ကြောင်းများကလည်း KIA တပ်မဟာ(၆)နေရာအား လေကြောင်းပစ်ကူ၊ အမြောက်ပစ်ကူတို့ဖြင့် တန်ပြန်တိုက်ခိုက်မှုများ ဆောင်ရွက်ခဲ့ရာ KIA အဖွဲ့၏ ကာကင်းနေရာတစ်ခုအား KIA တပ်ဖွဲ့ဝင် အလောင်းအချို့နှင့်အတူ သိမ်းဆည်းရရှိခဲ့ပြီး လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် KIA ဌာနချုပ် လိုင်ဇာ၏ ရှေ့ကာနေရာဖြစ်သော မိုက်ဆာပါတွင် အခြေပြုလျက်ရှိသည့် KIA အဖွဲ့များက ဝိုင်းမော်မြို့နယ် နန်ဆန်ယန်ရွာအနီးရှိ တပ်မတော်မှ ဗန်းမော်-ဝိုင်းမော် ကားလမ်းထိန်းစခန်းအဖြစ် ဆောင်ရွက်လျက်ရှိသည့် လဲလုံစခန်းအား ၂၀၂၃ ခုနှစ်၊ ဇူလိုင် ၈ ရက်မှစ၍ အောက်တိုဘာ ၂၀ ရက်အထိ ၈၁ ကြိမ်တိုင် အင်အား အလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့သော်လည်း စခန်းရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များက အမြောက်နှင့် လေကြောင်းပစ်ကူရယူ၍ ရှုပ်ရှုပ်ချုံချုံ ပြန်လည်ခုခံတိုက်ခိုက်ခဲ့ရာမှ ယနေ့ အောက်တိုဘာ ၂၀ ရက် မွန်းလွဲ ၃ နာရီခန့်တွင် သောင်းကျန်းသူ အင်အားများပြားလာသည့်အတွက် စခန်းမှ ခေတ္တဆုတ်ခွာပေးလိုက်ရကြောင်း သိရှိရပြီး စစ်ကူစစ်ကြောင်းများဖြင့် ပူးပေါင်းလျက် အဆိုပါစခန်းအား အမြန်ဆုံးပြန်လည်သိမ်းပိုက်ရရှိရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

နမ့်ကွတ်စခန်း နေရာပုံ



KIA တမဟာ(၆)စခန်း နေရာပုံ



လဲလုံစခန်း နေရာပုံ



# တရားမဝင် ဆေးဝါးများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၀**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၇ ရက်က ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် ရန်ကုန်-မန္တလေး အမြန်လမ်း၊ (၀)မိုင်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ဆေးဝါး Sterile Diluent for Vaccine ပုလင်း ၉၂၀၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၂၂၄၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Express Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၄၂၂၄၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အောက်တိုဘာ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ နှစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Vertical Blue Light Sprayer ဘူး ၄၀၊ ပိတ်ဖြတ်စ ၁၁၃၉ ကီလိုဂရမ် အပါအဝင် ကုန်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၃၀၃၂၅၂) ကိုလည်းကောင်း၊ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ လေးလုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Plastic Bottle ကီလိုဂရမ် ၁၄၅၇၀ အပါအဝင် ကုန်ပစ္စည်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၁၃၇၅၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၄၄၀၇၅၂ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

### အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်

အောက်တိုဘာ ၁၈ ရက်က ကချင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ရာတွင် ဗန်းမော်မြို့နယ် (၅)မိုင် စီဟဲစုပေါင်းစစ်ဆေးရေးဂိတ်၌ လွယ်ဂျယ်မြို့မှ ဗန်းမော်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် ပလတ်စတစ်မိုးကာလိပ် ကီလိုဂရမ် ၄၅၀၊ မာလာခေါက်ဆွဲအိတ် ကီလိုဂရမ် ၁၆၀၊ အစားအသောက်အစပ်ချောင်း/အပြား ၁၅၀ ကီလိုဂရမ်၊ Maurya Beer ဘူး ၂၄၀၀ အပါအဝင် ကုန်ပစ္စည်းကိုးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၇၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Bighorn တစ်စီး၊ Station Wagon တစ်စီးနှင့် Mitsubishi Pajero တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၇၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အောက်တိုဘာ ၁၈ ရက်က ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ရာတွင် မူဆယ်မြို့ ဆင်ဖြူ စစ်ဆေးရေးဂိတ်အကျော် လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ပစ္စည်းများဖြစ်သည့် ကားအပိုပစ္စည်း(Engine Cooling Radiator) သုံးခုအပါအဝင် ကုန်ပစ္စည်း ၂၆ မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၈၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

### တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိ

ထပ်မံ၍ အောက်တိုဘာ ၁၈ ရက်က ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သံလွင်တံတား ပူးပေါင်းစစ်ဆေးရေးဂိတ်(တရုတ်လှဘက်ခြမ်း)၌ မြဝတီမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်နှစ်စီးနှင့် မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Canon Printer ၁၀ လုံး၊ Backpack ကျောပိုးအိတ် ၁၂ လုံး၊ Milo ပဲနို့ဘူး ၄၀၈၀၊ Fa Thai Tom Yum Sauce ဘူး ၁၅၀၊ Lipovitan-D အချိုရည် ပုလင်း ၇၄၀၀၊ Honda Wave 110 မော်တော်ဆိုင်ကယ် သုံးစီး၊ M & D မုန့် ၃၃၆ ဘူး၊ ပုဇွန်တစ်ကောင် စားဆီ လီတာ ၆၃၀၊ ဒူးရင်းဘီစကွတ် ၂၉၄ ဘူးအပါအဝင် ကုန်ပစ္စည်း ၃၉ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၉၄၂၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Zhong Tong Express Bus တစ်စီး၊ Sun Long Express Bus တစ်စီးနှင့် King Long Express Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၉၉၄၂၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

### တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်

အလားတူ အောက်တိုဘာ ၁၈ ရက်က မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မုဒုံမြို့နယ် မုဒုံ-ချောင်းနှစ်ခွလမ်း၌ ဘုရားသုံးဆူမြို့မှ မုဒုံမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပုစွန် ကီလိုဂရမ် ၁၄၀၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၁၂၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၁၂၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ အောက်တိုဘာ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ (၂၇)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၁၅၀၆၇၅၂)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

# နှမ်းသီးနှံ/ နှမ်းစပါး ပိုမိုစိုက်ပျိုးနိုင်ရန် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး တောင်သူများနှင့် တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် နှမ်းသီးနှံ/ နှမ်းစပါးများ ပိုမိုအောင်မြင်စွာ လျာထားစိုက်ပျိုးနိုင်ရေးအတွက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ငလိုက်ဆည်ရေသောက်စနစ်ရှိ ရေသောက်တောင်သူများအစုအဖွဲ့ (WUG) နှင့် အောက်တိုဘာ ၁၉ ရက်တွင် ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းအနီးရှိ ရှင်းလင်းဆောင်၌ ကွင်းဆင်းတွေ့ဆုံသည်။

**သီးထပ်စွမ်းအားတိုးတက်ရေး စနစ်တကျ စီမံဆောင်ရွက်**

နေပြည်တော်ကောင်စီဥက္ကဋ္ဌက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ စားရေရိက္ခာဖူလုံရေး၊ ကုန်ထုတ်လုပ်ငန်းတိုးမြှင့်ရေးလုပ်ငန်းများကို တစ်နိုင်ငံလုံးတွင် အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ ရာသီဥတုဖောက်ပြန်မှုကြောင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် ထိခိုက်နိုင်ပါသဖြင့် ဂရုပြုဆောင်ရွက်ကြစေလိုကြောင်း၊ စိုက်ပျိုးသီးနှံများကို လျာထားသည့် သီးထပ်စွမ်းအားတိုးတက်ရေးအတွက် စနစ်တကျ စီမံဆောင်ရွက်ပြီး စိုက်ပျိုးစွမ်းအားများ တိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဆောင်းသီးနှံ၊ နှမ်းစပါးနှင့် နှမ်းသီးနှံများကို လျာထားချက် ပြည့်ပြည့်ဝဝ စိုက်ပျိုးနိုင်ရန် လာရောက်တွေ့ဆုံခြင်းဖြစ်ကြောင်း၊ ဆည်ရေများကို အကျိုးရှိစွာသုံးစွဲရမည်ဖြစ်၍ တောင်သူများပါဝင်သည့်အဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်ပြီး ရေကို လေလွင့်မှုမရှိအောင် ညီညီညွတ်ညွတ် မျှမျှတတ သုံးစွဲရမည်ဖြစ်ကြောင်း၊ တောင်သူများ ဝင်ငွေတိုးပွားပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူများနှင့် သက်ဆိုင်ရာ ဌာနဆိုင်ရာများက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

**တောင်သူများက နှမ်းစပါး၊ နှမ်းသီးနှံ စိုက်ပျိုးရေး ဆွေးနွေး**

ထို့နောက် နေပြည်တော် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်ဇော်က ငလိုက်ဆည်ရေသောက် နှမ်းသီးနှံ၊ နှမ်းစပါးရေပေးဝေနိုင်မှု အခြေအနေများကို အသေးစိတ်ရှင်းလင်းတင်ပြပြီး ငလိုက်ဆည်ရေသောက် တောင်သူများက နှမ်းစပါး၊ နှမ်းသီးနှံ စိုက်ပျိုးရေးနှင့်ပတ်သက်၍ လိုအပ်သည်များကို ဆွေးနွေးတင်ပြကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။



ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်ချက်များကို သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကာ တောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စကားပြောကြားပြီး တဲကြီးကုန်းကျေးရွာအနီးရှိ အောင်မြင်ဖြစ်ထွန်းနေသည့် မိုးစပါးစိုက်ခင်းများကို ကြည့်ရှုအားပေးသည်။

**ထွန်းထွန်းဝင်း(ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီး၌ ယခုနှစ်အတွင်း ယာဉ်တိုက်မှုကြောင့် သေဆုံးသူ ၃၁၉ ဦးရှိ

**ရန်ကုန် အောက်တိုဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီး၌ ယခုနှစ် ဇန်နဝါရီမှ စက်တင်ဘာလအထိ ယာဉ်တိုက်မှု ၆၄ မှု၊ ဒဏ်ရာရမှု ၆၅၇ မှု၊ သေဆုံးသူ ၃၁၉ ဦး ရှိခဲ့ကြောင်း တိုင်းဒေသသကြီး ယာဉ်အန္တရာယ်၊လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီနှင့် ဆပ်ကော်မတီလေးခုတို့၏ အောက်တိုဘာ ၁၇ ရက်က ပြုလုပ်သည့် ညှိနှိုင်းအစည်းအဝေးမှ သိရသည်။



တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပခဲ့သည့် ယင်းအစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက Yangon Road Safety Committee (YRSC)မှ တာဝန်ရှိသူများ အနေဖြင့် Road Safety ထိရောက်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို သိရှိကျွမ်းကျင်သော ယာဉ်မောင်းများကိုသာ ယာဉ်မောင်းလိုင်စင်ထုတ်ပေးရေး၊ စည်းကမ်းဖောက်ဖျက်သော ယာဉ်မောင်းများနှင့် လမ်းအသုံးပြုသူများကို အမြဲမပြတ် စစ်ဆေးအရေးယူရေး၊ ယာဉ်တိုက်မှုကျူးလွန်သည့် အပြစ်ရှိသူများကို တရားဥပဒေအရ ထိရောက်သည့်ပြစ်ဒဏ်များ ချမှတ်ရေး၊ National Road Safety Committee (NRSC) မှ (YRSC) နှင့် ပတ်သက်သည့် ညွှန်ကြားချက်များ၊ အစည်းအဝေးဆုံးဖြတ်ချက်များ၊ သက်ဆိုင်သော လုပ်ငန်းများကို လက်အောက်ခံ ဆပ်ကော်မတီများနှင့်ခရိုင် RSOများက သတ်မှတ်ကာလအတွင်း ပြီးစီးအောင် အကောင်အထည်ဖော်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ယာဉ်မတော်တဆမှု မဖြစ်ပွားစေရေးအတွက် ယာဉ်မောင်းများ၏ ကျွမ်းကျင်မှု၊ ယာဉ်များ၏ကြံ့ခိုင်မှု၊ တာဝန်ရှိသူများ၏ ကြိုတင်စစ်ဆေးအရေးယူမှု၊ ပတ်ဝန်းကျင်အနေအထား၊လမ်းတည်ဆောက်ပုံအနေအထား၊ လမ်းညွှန်များ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများကို ပြည့်စုံမှန်ကန်စွာ တပ်ဆင်ထားမှုတို့သည် မဖြစ်ခင်ကြိုတင်ကာကွယ်ရာရောက်သည့်အတွက် သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများက စနစ်တကျ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ကြရန်နှင့် သက်ဆိုင်ရာဌာနအလိုက် တာဝန်ရှိသူများအနေဖြင့် ယာဉ်တိုက်မှုများ၊ ဒဏ်ရာရမှုများ၊ သေဆုံးမှုများ အမှန်တကယ် လျော့ကျသွားအောင် ဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ အတွင်းရေးမှူး ဦးသိန်းထွဋ်က ပြီးစီးခဲ့သည့် အစည်းအဝေးဆုံးဖြတ်ချက်များနှင့် လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး စီမံခန့်ခွဲရေး ဆပ်ကော်မတီ၊ ပညာပေးရေးနှင့် စစ်ဆေးအရေးယူရေးဆပ်ကော်မတီ၊ သုတေသနပြုရေးနှင့် ကျန်းမာရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေး ဆပ်ကော်မတီတို့မှ ကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်နေမှုများနှင့် ဆောင်ရွက်မည့် အစီအစဉ်များ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မော်တော်ဆိုင်ကယ်၊ တက္ကစီ၊ ကုန်တင်ယာဉ်၊ YBS နှင့် လူစီးမော်တော်ယာဉ်များကို ဦးတည်အုပ်စုအဖြစ် ပညာပေးလုပ်ငန်းများဆောင်ရွက်ပြီး NRSC ၏ ရည်မှန်းချက်များ၊ Action Plan ပါ လုပ်ငန်းစဉ်များ၊ Quick-Win အစီအမံများ၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များကို YRSC အဖွဲ့ဝင်များက စဉ်ဆက်မပြတ် အလေးထားကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် ပြောကြားခဲ့သည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

# ရွှေတောင်မြို့နယ်ရှိ မြေနုကျွန်းမြေ ၃၄၄ ဧကတွင် ရာသီအမီ သီးနှံများ စိုက်ပျိုးနိုင်ရေး ဆောင်ရွက်

**ရွှေတောင် အောက်တိုဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်အတွင်း ပြည်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် အဖွဲ့ဝင်များ၊ ရွှေတောင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဟံဝင်းအောင်၊ ပန်းတောင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သူရနှင့် အဖွဲ့ဝင်များသည် အောက်တိုဘာ ၁၉ ရက်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။ **(အောက်ပုံ)**

ထိုသို့ စစ်ဆေးရာတွင် ရွှေတောင်မြို့နယ် ရွှေဟင်္သာကျေးရွာအုပ်စု ကွင်းအမှတ် (၅၁၆၊ ၅၁၇၊ ၅၁၈) တို့တွင် ပေါ်ထွန်းလျက်ရှိသော မြေနုကျွန်း ဧက ၇၇၀ ခန့်အနက် ၂၀၂၃ - ၂၀၂၄ မြေနုကျွန်းရာသီတွင် စိုက်ပျိုးလုပ်ကိုင်နိုင်သည့် မြေနုကျွန်းမြေ ၃၄၄ ဧကကို ကွင်းဆင်းကြည့်ရှုပြီး ရွှေဟင်္သာကျေးရွာရှိ ဒေသခံပြည်သူများအား ပေါ်ထွန်းလျက်ရှိသော မြေနုကျွန်းမြေများတွင် မြေနုကျွန်းရာသီအမီ သီးနှံများ စိုက်ပျိုးရာတွင် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ ပဲမျိုးစုံအထွက်ကောင်းမျိုးများအား တိုးချဲ့စိုက်ပျိုးနိုင်ရေး မှာကြားသည်။

ယင်းနောက် ရွှေဟင်္သာကျေးရွာအုပ်စု စကားမြားကျေးရွာ ကွင်းအမှတ် (၅၁၆A)ရှိ ကိုင်းမြေများ ရေဝတီမြစ်ရေတိုက်စားမှုဖြစ်ပေါ်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ရေကာတန်း တည်ဆောက်ခွင့်ရရှိနိုင်ရေး တင်ပြနိုင်ရန်အတွက် ဌာနဆိုင်ရာများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးကြောင်း သိရသည်။

**ကိုကိုမင်း (ပြန်/ဆက်)**



# မိတ္ထီလာမြို့နယ်၌ ကိုရီးယားသမ္မတနိုင်ငံ အစီအစဉ်ဖြင့် ဆောင်ရွက်သည့် ဂါလန် ၂၀၀ ဆံ့ ရေကန်များ လွှဲပြောင်း

**မိတ္ထီလာ အောက်တိုဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ရေဝေကျေးရွာအုပ်စု အင်းမကျေးရွာ၌ ကိုရီးယားသမ္မတနိုင်ငံ Climate Change Center(CCC)၏ အစီအစဉ်ဖြင့် မြန်မာနိုင်ငံတွင် စွမ်းအားမြှင့်မီးဖိုများ ဖြန့်ဝေရေး စီမံကိန်း၏ လူမှုတာဝန်ယူမှု (CSR) ရန်ပုံငွေဖြင့် လှူဒါန်းသော ဂါလန် ၂၀၀ ဆံ့ မိုးရေခံကွန်ကရစ်ကန်များ လွှဲပြောင်းပေးအပ်ပွဲကို အောက်တိုဘာ ၁၉ ရက်က အင်းမကျေးရွာ၌ ကျင်းပသည်။

ထိုသို့ပေးအပ်ရာတွင် မိတ္ထီလာမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝေယံဖြိုးက ဒေသခံပြည်သူများအတွက် သန့်ရှင်းသည့် သောက်သုံးရေဖူလုံစေရေးနှင့် မိုးရေစုဆောင်းအသုံးချသည့် အလေ့အကျင့် တိုးပွားစေရန်ရည်ရွယ်၍ ကိုရီးယားသမ္မတနိုင်ငံ Climate Change Center(CCC)၏ တောင်အာရှနှင့် အရှေ့တောင်အာရှဖွံ့ဖြိုးဆဲနိုင်ငံများ(မြန်မာနိုင်ငံ)တွင် စွမ်းအားမြှင့်မီးဖိုများ ဖြန့်ဝေရေးစီမံကိန်းမှ ပေးအပ်လှူဒါန်းသော ဂါလန် ၂၀၀ ဆံ့ မိုးရေခံ ကွန်ကရစ်ကန်များ ပေးအပ်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ယင်းနောက် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အုန်းနှင့် တာဝန်ရှိသူများက ဂါလန် ၂၀၀ ဆံ့ မိုးရေခံကွန်ကရစ်ကန်များကို အင်းမကျေးရွာမှ အိမ်ထောင်စုဝင်များထံ လွှဲပြောင်းပေးခဲ့သည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ၂၀၂၂ - ၂၀၂၃ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၀**

၂၀၂၂ - ၂၀၂၃ ခုနှစ် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ)



ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ညနေပိုင်းတွင် အနောက်တောင်တိုင်း စစ်ဌာနချုပ် ပုသိမ်တပ်နယ် အားကစားခန်းမ၌ ကျင်းပပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလင်းနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့်ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဗိုလ်လုပွဲ ပွဲစဉ်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ပြိုင်ပွဲအမျိုးအစားအလိုက် တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက် ဆုရရှိကြသူများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ဒိုင်းဆုရရှိသော အသင်းတို့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) ပိုက်ကျော်ခြင်းပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၂၄ သင်းဖြင့် အောက်တိုဘာ ၉ ရက်မှ ယနေ့အထိ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သီပေါ၌ လယ်ယာမြေနှင့် မြေယာဆိုင်ရာ ဥပဒေအကြောင်း အသိပညာပေး

**သီပေါ အောက်တိုဘာ ၂၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနအနေဖြင့် တောင်သူလယ်သမားဦးကြီးများ၊ ဒေသခံပြည်သူများအတွက် မြေယာဆိုင်ရာလိုအပ်ချက်ဖြည့်ဆည်းကူညီနိုင်ရေး အသိပညာပေးဆွေးနွေးပွဲကို အောက်တိုဘာ ၁၉ ရက်က ကျင်သီကျေးရွာခန်းမ၌ ကျင်းပရာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်ကျော်ဦးက လယ်ယာမြေနှင့် မြေယာဆိုင်ရာဥပဒေအကြောင်း သိကောင်းစရာများ ရှင်းလင်းပြောကြားရာ တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြသည်။

**စိုင်း(သီပေါ)**



# လုပ်ငန်းခွင်ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေကျပ်သိန်း ၉၀ ထုတ်ပေး

**မူဆယ် အောက်တိုဘာ ၂၀**

၂၀၂၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အလုပ်ခွင်ထိခိုက်မှုကြောင့် သေဆုံးသွားသော အာမခံအလုပ်သမားအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့် ငွေကျပ်သိန်း ၉၀ အား မိသားစုဝင်များထံသို့ လက်ဝယ်အရောက်ထုတ်ပေးခြင်းကို ယနေ့ မွန်းလွဲပိုင်းက မူဆယ်မြို့ Vigina Tabacco Co.,Ltd အစည်းအဝေးခန်းမ၌ ကျင်းပသည်။




အခမ်းအနားတွင် လူမှုဖူလုံရေးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဘေဘီစိုးက ၂၈-၇-၂၀၂၃ ရက်နေ့တွင် Vigina Tabacco Co.,Ltd မှ ဦးစိုင်းလိန်ဆိုင်သည် လုပ်ငန်းခွင်ပြင်ပတွင် မတော်တဆမှုဖြစ်ပွားပြီး သေဆုံးသွားသည့်အတွက်ကြောင့် လူမှုဖူလုံရေးအဖွဲ့က ကျန်ရစ်သူအကျိုးခံစားခွင့် ငွေကျပ် သိန်း ၉၀ ကို ထုတ်ပေးခြင်းဖြစ်ကြောင်း၊ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေကို ၂၀၁၄ ခုနှစ် ဧပြီ ၁ ရက်မှ စတင်အကောင်အထည်ဖော် ကျင့်သုံးခဲ့ပြီး အာမခံစနစ်(၂)မျိုးဖြစ်သော ကျန်းမာရေးနှင့် လူမှုရေး စောင့်ရှောက်မှု အာမခံစနစ်နှင့် အလုပ်တွင် ထိခိုက်မှု အာမခံစနစ်တို့ကို သာ အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိကြောင်း၊ Vigina Tabacco Co.Ltd မှ တာဝန်ရှိသူများအနေဖြင့် ဝန်ထမ်းအားလုံးအတွက် ထည့်ဝင်ကြေးပေးသွင်းသွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးသွားသော ဦးစိုင်းလိန်ဆိုင်၏ ကျန်ရစ်သူ အကျိုးခံစားခွင့် ငွေလုံးငွေရင်း ကျပ်သိန်း ၉၀ ကို ဇနီးဖြစ်သူထံသို့ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဘေဘီစိုးက လက်ရောက်ပေးအပ်သည်။

ထို့နောက် Vigina Tabacco Co.Ltdမှ လုပ်ငန်းခွင် မန်နေဂျာ ဦးစိုးမင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။

**မူဆယ်(ပြန်/ဆက်)**

# ကျိုင်းတုံမြို့၌ သစ်လွင်သူနာပြုခန့်အပ်လွှာ ပေးအပ်

**ကျိုင်းတုံ အောက်တိုဘာ ၂၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ သူနာပြု/သားဖွားသင်တန်းကျောင်း၌ အပတ်စဉ်(၂၅) သစ်လွင်သူနာပြုခန့်အပ်လွှာပေးအပ်ခြင်း အခမ်းအနားကို အောက်တိုဘာ ၁၉ ရက်က ကျင်းပသည်။

ဦးစွာ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)၊ အဖွဲ့ဝင်(၂) ဦးမင်းညို နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ စည်သူအောင်တို့က သင်တန်းဆင်းကြမည့် ဒီပလိုမာလက်မှတ်ရ သူနာပြုဆရာ ဆရာမများအနေဖြင့် မိမိတို့တာဝန်ကျရာ ဆေးရုံနှင့် မြို့နယ်ကျန်းမာရေး ဦးစီးဌာနများတွင် လူမျိုး၊ ဘာသာအဆင့်အတန်း မခွဲခြားဘဲ ဒေသခံပြည်သူများ၏ ကျန်းမာရေးအဆင့်မြှင့်တင်ရေး၊ ရောဂါကာကွယ်ရေး၊ ပြန်လည်ပြုစုပျိုးထောင်ပေးရန်နှင့် ပြည်သူလူထုအား အရည်အသွေးပြည့်ဝသော သူနာပြုစုခြင်းကို ပေးစွမ်းနိုင်ခြင်းအားဖြင့် နိုင်ငံတော်၏ ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်း မြင့်မားလာစေရန် ပါဝင်ကြရန် မှာကြားသည်။ ထို့နောက် ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)၊ အဖွဲ့ဝင်နှင့် တာဝန်ရှိသူများက ဒီပလိုမာ သင်တန်းသား သင်တန်းသူ ၈၀ အား သစ်လွင်သူနာပြုခန့်အပ်လွှာများ ပေးအပ်ကြကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

# ဝိုင်းမော်မြို့နယ် ရှင်ငေါ်ကျေးရွာ၌ ဆောက်လုပ်ရေးလုပ်သားများ တင်ဆောင်သည့် ၁၀ ဘီးယာဉ်တိမ်းမှောက်မှုကြောင့် လုပ်သားခုနစ်ဦးသေဆုံး

**ဝိုင်းမော် အောက်တိုဘာ ၂၀**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် ရှင်ငေါ်ကျေးရွာ၌ ယမန်နေ့ ၁၁ နာရီခွဲခန့်က ဆောက်လုပ်ရေး လုပ်သားများ တင်ဆောင်လာသည့် ၁၀ ဘီးမော်တော်ယာဉ်မှာ ရေချောင်းအတွင်း တိမ်းမှောက်မှု ဖြစ်ပွားခဲ့သဖြင့် အမျိုးသား ခြောက်ဦးနှင့် အမျိုးသမီး တစ်ဦးတို့ နေရာတွင် သေဆုံးသွားခဲ့ကြောင်း ဝိုင်းမော်မြို့နယ်မြေရဲတပ်ဖွဲ့စခန်းမှ သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၉ ရက် နံနက် ၁၁ နာရီခွဲခန့်က ဝိုင်းမော်မြို့နယ် ရှင်ငေါ်ကျေးရွာ ဝိုင်းမော်-ချီဖွေသွား ကားလမ်း၊ (ဒေသအခေါ်)ဝင်တောင်တံတားတွင် မော်တော်ယာဉ်တိမ်းမှောက်မှုဖြစ်ပွား၍ ဝိုင်းမော်မြို့ ပြည်သူ့ဆေးရုံတွင် ထိခိုက်ဒဏ်ရာ ရရှိသူများ ရောက်ရှိနေကြောင်း သတင်းအရ ဝိုင်းမော်မြို့မရဲတပ်ဖွဲ့စခန်းမှူး ဒုရဲမှူး မောင်ကျော် ဦးဆောင်သည့် တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ ချီဖွေမြို့နယ် ဖီမော်မြို့ အလက-ခွဲ(ဖီမော်) ကျောင်းဆောင်သစ် ဆောက်လုပ်ရန် 6K/9859၊ Sino Truck အဝါရောင် ၁၀ ဘီး မော်တော်ယာဉ်ဖြင့် အလုပ်သမား အမျိုးသား ၃၁ ဦး၊ အမျိုးသမီးခြောက်ဦး စုစုပေါင်း ၃၇ ဦးနှင့် ဘိလပ်မြေအိတ် ၁၀၀၊ ငါးမူးသံချောင်း(၈)တန်နှင့် အထပ်သား ချပ် ၅၀ တို့အား တင်ဆောင်၍ ဝိုင်းမော် - ချီဖွေကားလမ်း အတိုင်း မောင်းနှင်သွားစဉ် ဝိုင်းမော်မြို့နယ် ရှင်ငေါ်ကျေးရွာ ဝိုင်းမော်-ချီဖွေသွား ကားလမ်းပေါ်ရှိ ဝင်တောင်တံတားအကျော် တောင်တက်လမ်းသို့ တက်စဉ် မော်တော်ယာဉ်မှာ နောက်ပြန်လိမ့်၍ လမ်း၏ ယာဘက် ပေ ၂၀ ခန့် အနက်ရှိသည့် ဝင်တောင်ချောင်းအတွင်း ပက်လက်လန်ထိုးကျတိမ်းမှောက်မှု ဖြစ်ပွားခဲ့သဖြင့် အမျိုးသားခြောက်ဦးနှင့် အမျိုးသမီးတစ်ဦးတို့မှာ နေရာတွင် သေဆုံးသွားခဲ့ပြီး အမျိုးသား



၂၁ ဦး၊ အမျိုးသမီးလေးဦး စုစုပေါင်း ၂၅ ဦးမှာ ဒဏ်ရာများရရှိခဲ့ကြောင်း၊ အမျိုးသားသုံးဦးနှင့် အမျိုးသမီးတစ်ဦးတို့မှာ ပျောက်ဆုံးနေကြောင်း စစ်ဆေးသိရှိခဲ့ရသည်။

ဖြစ်စဉ်ကြောင့် ယာဉ်မဆင်မခြင်မောင်းနှင်ကာ တိမ်းမှောက်မှုဖြစ်ပွားပြီး လူသေဆုံး ဒဏ်ရာရရှိစေသည့် ယာဉ်မောင်းကို ဝိုင်းမော်မြို့မ ရဲတပ်ဖွဲ့စခန်းတွင် ထိန်းသိမ်းထားပြီး တရားဥပဒေအရ အမှုဖွင့်လှစ်အရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**ဖြူစင်**

# မူဆယ်မြို့၌ စနူကာ၊ ဘိလိယက်၊ 8 -Ball ပြိုင်ပွဲကျင်းပ

**မူဆယ် အောက်တိုဘာ ၂၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့၌ ခရိုင်အုပ်ချုပ်ရေးမှူးဖလား စနူကာ၊ ဘိလိယက်၊ 8-Ball ပြိုင်ပွဲဖွင့်ပွဲကို ယနေ့ မွန်းလွဲပိုင်းက ခရိုင်မိုးလုံလေလုံ အားကစားကွင်း၌ ပြုလုပ်သည်။

အခမ်းအနားတွင် ခရိုင်အားကစားကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်မိုးက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် ဒိုင်ချုပ် ဦးဆောင်ဆောင်စိန်က အမှတ်ပေးစည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းသည်။ ဆက်လက်ပြီး မူဆယ်ခရိုင်ရဲတပ်ဖွဲ့ ခေတ္တခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လှိုင်မင်းစိုးက အဖွင့်ပွဲစဉ် ဘိလိယက် စတင်ထိုး၍ ဖွင့်လှစ်ပေးသည်။ စနူကာ၊ ဘိလိယက်၊ 8-Ball ပြိုင်ပွဲသို့အသင်းရှစ်သင်းမှ ကစားသမား စုစုပေါင်း ၈၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ပြီး အောက်တိုဘာ ၂၆ ရက်တွင် ဆုချီးမြှင့်ခြင်း အခမ်းအနား ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

MRTV

MRTV National News

Weekly Sports Info

mitv

07:02 Evergreen Classic: Aung Zay Paing Zay (Ei Ei Mon, Ei Ei Chan)

07:08 Weekly Review

07:25 Pride of Myanmar - Bagan arts and handicrafts

07:41 Myanmar Designer Studio: Wai Yan Ko

08:01 News

08:27 Discovering Tribes: Khamti Shan (Part-II)

08:41 Paper Flower

08:48 Quiz Time (Ep-14)

10:01 News

10:26 Children's Delight: National Library for Children (Episode-4) (I am a Lion)

10:39 Alms Bowl

MRTV

Bird's Eye View

MRTV National News

MRTV

Market Redforce

MNL 2022 Match (Replay)

Carbon Farming : A Climate Solution Under Our Feet - NHK World Prime

Weymiller Family Farm | Documentary | Iowa

MRTV Application

Android | iOS | Huawei

# ရေကြောင်းသတိပေးချက် ထုတ်ပြန်

နေပြည်တော် အောက်တိုဘာ ၂၀

စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော POSCO INTERNATIONAL Corporation (Myanmar E&P) သည် ကမ်းလွန်လုပ်ကွက်အမှတ် (A–1) ရှိ SHWE Phase 3 Development Project Area တွင် Offshore Topside Installation လုပ်ငန်းများကို Offshore Construction and Installation Vessel, HYUNDAI 2500 (Call Sign: 3FRA3) ရေယာဉ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်။

အဆိုပါ Offshore Construction and Installation Vessel, HYUNDAI 2500 (Call Sign: 3FRA3) ရေယာဉ်နှင့်အတူ အထောက်အကူပြုရေယာဉ်များဖြစ်သော LANPAN 30 (Call sign: 9V2670), LANPAN 34 (Call Sing: 9V2757) တို့ဖြင့် ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်မှ ၂၀၂၄ ခုနှစ် ဧပြီလ ၃၀ ရက်အထိ ကမ်းလွန်လုပ်ကွက်အမှတ်(A–1) ဧရိယာအတွင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

Offshore Topside Installation လုပ်ငန်းများ ဆောင်ရွက်မည့် ဧရိယာအကျယ်အဝန်းများကို ဖော်ပြသည့် Coordinate များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

| Point | Latitude | Longitude |
|---|---|---|
| A | 19° 41' 48.39" N | 92° 30' 48.18" E |
| B | 19° 41' 48.92" N | 92° 34' 14.27" E |
| C | 19° 38' 33.72" N | 92° 34' 14.79" E |
| D | 19° 38' 33.20" N | 92° 30' 48.76" E |

ကမ်းလွန်လုပ်ကွက်အမှတ် (A–1) ရှိ SHWE Phase 3 Development Project Area တွင် Offshore Topside Installation လုပ်ငန်းများကို Offshore Construction and Installation Vessel, HYUNDAI 2500 (Call Sign: 3FRA3) နှင့်အတူ အထောက်အကူပြုရေယာဉ်နှစ်စင်းတို့ဖြင့် ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်မှ ၂၀၂၄ ခုနှစ် ဧပြီလ ၃၀ ရက်အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ ဧရိယာအကျယ်အဝန်းများမှ ၄ ကီလိုမီတာပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရေး ရေကြောင်းသတိပေးချက် ထုတ်ပြန်ထားသည်။

သတင်းစဉ်

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၀ - ၁၀ - ၂၀၂၂

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၂၅၅ ကျပ် | ၂၃၀၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၃၇၀ ကျပ် | ၂၄၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၁၅ ကျပ် | ၂၀၆၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၁၅ ကျပ် | ၂၁၆၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

# ကျောက်တော်မြို့နယ်မှ ကျေးရွာခုနစ်ရွာ၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရာနှုန်းပြည့်ပြီးစီး

ကျောက်တော် အောက်တိုဘာ ၂၀

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကို ကျေးရွာခုနစ်ရွာ၌ တစ်ရွာလျှင် နိုင်ငံတော်မှ ပံ့ပိုးငွေကျပ် ၁ ဒသမ ၅ သန်းဖြင့် ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၉ ရက်တွင် လုပ်ငန်းအားလုံး ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အောက်ယွန်းချောင်းကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း အရှည်ပေ ၁၆၀၀၊ ဝင်းဇင်းထောင့်ကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း အရှည်ပေ ၁၆၀၀၊ ကုန်းတန်းကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ပေ ၁၂၀၀၊ ဘရဝါကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ပေ ၁၃၀၀၊ သဝင်ကိုင်းကျေးရွာ၌ သုသာန်ဇရပ်တည်ဆောက်ခြင်းလုပ်ငန်း၊ ချောင်းဖျားကျေးရွာ၌ ကျောက်စီနံရံကာခြင်းလုပ်ငန်းများကို ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးအောင်ခိုင်ဇော် (လက်ထောက်ညွှန်ကြားရေးမှူး၊ နည်းပညာ) ထံမှ သိရသည်။

အဆိုပါ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ဆောင်ရွက်ပြီးစီးသဖြင့် ကျေးရွာများရှိပြည်သူများ၏ နေ့စဉ်သွားရေးလာရေး ပိုမိုအဆင်ပြေစေပြီး ယခင်ထက်ပို၍ ဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ကြောင်း သိရသည်။

အောင်လှဖြူ(ရမ်းဗြဲ)

## ဥတုရာသီ၊ တောကိုမှီ၏

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | – | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | – | မြင့်စိုး |
| သတင်းထောက်မှူး | – | ခင်ရတနာ |
| စာတည်းများ | – | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | – | ခြူးစန္ဒီရွှေ၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | – | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်းသတင်းထောက်များ | – | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | – | တင်စိုး |
| သုတေသန | – | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | – | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | – | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | – | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | – | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | – | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်–စာတည်းမှူး ၀၆၇–၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၄၅၊ ဖက်စ် ၀၆၇–၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့ ၀၁–၅၄၄၃၀၉၊ မန်နေဂျာ ၀၁–၅၄၄၃၁၄၊ စီမံ ၀၁–၅၄၄၃၁၅၊ ငွေစာရင်း ၀၁–၅၄၄၃၁၆၊ ကြော်ငြာ ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ Fax ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ Fax ၀၁–၈၆၀၄၅၄၆။

MYANMAR Digital News

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၇၀၀ | ၈၇၀၀ | ၅၁ | ၄၄၃၇၀၀ |
| MTSH | ၃၀၀၀ | ၃၀၀၀ | ၁၀၁၈၃ | ၃၀၀၅၄၉၀၀၀ |
| MCB | ၇၉၀၀ | ၇၉၀၀ | ၂ | ၁၅၈၀၀ |
| FPB | ၁၇၀၀ | ၁၇၀၀ | ၁၀ | ၁၇၀၀၀ |
| TMH | ၂၆၀၀ | ၂၆၅၀ | ၃၅ | ၉၁၇၅၀ |
| EFR | ၂၁၀၀ | ၂၁၀၀ | ၁၈၄၁ | ၃၇၈၇၅၅၀ |
| AHPC | ၄၉၀၀ | ၄၉၀၀ | ၁၄ | ၈၈၆၀၀ |
| MAEPC | ၁၇၅၀ | ၁၇၀၀ | ၃၂၅၂ | ၅၅၃၁၀၀၀ |

ညီညီ – စုစည်းသည်

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ဧယ/၉၄၉၇၁, CQ-125 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်နိုင်စိုး ၇/ရတရ(နိုင်)၁၅၁၈၆၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန**
**(နေပြည်တော်ရုံး)**

## အများသိစေရန်ကြေညာခြင်း

ညောင်လေးပင်ခရိုင်၊ ညောင်လေးပင်မြို့၊ မြို့မ (၅)ရပ်ကွက်၊ ကွင်းအမှတ် (၁၉၆ᵇ)၊ ငှက်ပျောတောရွာကွင်း၊ ဦးပိုင်အမှတ် (၈၈/၂)၊ မြေကွက်အမှတ် (၁၂၅၃ᴬ)ရှိ ဧရိယာ (၀.၀၅၇) ဧကအား ပြွန်တန်ဆာမြို့၊ မြို့မ (၂) ရပ်ကွက်နေ ဒေါ်ကျော့ကျော့အောင်မှ မြေငှားဂရန်အသစ် လျှောက်ထားလာပါသည်။

ထိုသို့ လျှောက်ထားလာပါ၍ အထက်ပါမြေကွက်အား ကန့်ကွက်လိုသူများရှိပါက ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်မှ တင်သွင်းသည့် ကန့်ကွက်လွှာများကို လက်ခံစဉ်းစားမည် မဟုတ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန၊**
**ညောင်လေးပင်မြို့**

## အများသိစေရန်ကြေညာခြင်း

ညောင်လေးပင်ခရိုင်၊ ညောင်လေးပင်မြို့၊ မြို့မ (၅)ရပ်ကွက်၊ ရပ် (၅) ရွာမမြောက်ကျောင်းရပ်၊ ဦးပိုင်အမှတ် (၁၃၀ᵏ)၊ မြေကွက်အမှတ် (၁၇၆)၊ ဧရိယာ (၀.၀၄၄၁) ဧကအား ညောင်လေးပင်မြို့၊ မြို့မ (၅) ရပ်ကွက်နေ ဒေါ်အေးအေးမှ သက်တမ်းတိုးမြေငှားဂရန် လျှောက်ထားလာပါသည်။

ထိုသို့လျှောက်ထားလာပါ၍ အထက်ပါမြေကွက်အား ကန့်ကွက်လိုသူများရှိပါက ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်မှ တင်သွင်းသည့် ကန့်ကွက်လွှာများကို လက်ခံစဉ်းစားမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန၊**
**ညောင်လေးပင်မြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ - ၂၀)
## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၈၈

၁။ ဦးလှမောင် နှင့် ဦးကျော်ဆိုင်
၂။ ဦးရန်နိုင်စိုး
**(တရားလိုများ)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၈)ရပ်ကွက်၊ ဓမ္မသုခလမ်း၊ အမှတ်- ၆၀၈ နေ ဦးကျော်ဆိုင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများက "ပဋိညာဉ်အတိုင်းအရောင်းအဝယ် စာချုပ်အား မှတ်ပုံတင်ပြုလုပ် ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက် (၁၃၈၅ ခုနှစ်၊ သီတင်း ကျွတ်လပြည့်ကျော် ၄ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀) နာရီအချိန်တွင် အထက်အမည်ပါသူ တရားလိုများ၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မေသော်သော်ဝင်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး (၆)၊ သိင်္ဂါလမ်း ကွင်းအမည် (ကွက်ပြင်-၃) ဦးပိုင်အမှတ်(၁၃၈)၊ မြေဧရိယာ အကျယ်အဝန်း(၁.၆)ဧကအနက် အကွက်အမှတ်(၄) မြေဧရိယာ(၀.၁၉၃)ဧက၊ အရှေ့ပေ(၄၀) အနောက်ပေ(၄၀)၊ တောင်(၁၀၂)ပေ၊ မြောက်ပေ (၁၀၀)ရှိ မြေကွက် (လက်ရှိမြေပေါ်ရှိအတိုင်းအတာ)မြေနှင့် မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်သက်သက်မွန် (၁၃/တကန(နိုင်)၁၄၉၁၄၆)ထံမှ ဦးကျော်မင်း (၉/မရမ(နိုင်)၀၅၃၂၈၀) က (အရပ်ကတိစာချုပ်) ဖြင့် စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီး ဝယ်ယူခဲ့ပါသည်။

အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြေညာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးကျော်မင်း**
**၉/မရမ(နိုင်)၀၅၃၂၈၀**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေမျိုးဇော် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၁၃၅)၊ မေခလမ်း၊**
**ရပ်ကွက်ကြီး(၁)၊ ပြင်ဦးလွင်မြို့**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1M/4758 ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းစန်းလွင် ၁၄/ပေတ(နိုင်)၂၈၄၄၅ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5H/7687, Toyota LANDCRUISER HD I,STATION WAGON (4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးရန်နောင်လင်း ၁၂/ဗတထ(နိုင်)၀၂၆၈၈၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**
**ရန်ကုန်မြို့**

## ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၅-ဘီ) အတွင်းရှိ မြေကွက်အမှတ် (၃၇ - ဘီ/၁)၊ ဧရိယာ (၀.၂၄၇) ဧက + မြေကွက်အမှတ် (၃၇ - ဘီ/၂)၊ ဧရိယာ (၀.၂၄၂)ဧကရှိ ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်များနှင့် စပ်လျဉ်း၍ သက်ဆိုင်သူများနှင့် အများသိစေရန် အသိပေးကြေညာခြင်း

မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်(သိမ်ဖြူဘဏ်ခွဲ)၊ ရန်ကုန်မြို့၏ လွှဲအပ်ညွှန်ကြားချက်အရ သက်ဆိုင်သူများနှင့် အများသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ROYAL SAYARSON CONDOMINIUM တည်ရှိရာ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၅-ဘီ) အတွင်းရှိ မြေကွက်အမှတ် (၃၇ - ဘီ/၁)၊ ဧရိယာ (၀.၂၄၇)ဧက + မြေကွက်အမှတ် (၃၇ - ဘီ/၂)၊ ဧရိယာ (၀.၂၄၂)ဧကရှိ ဂရန်မြေကွက်(၂)ကွက်၏ မြေနှင့်ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်များသည် မြေကွက်အမည်ပေါက်သူ ဦးစံဝင်းက မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက် (သိမ်ဖြူဘဏ်ခွဲ)၌ ပိုင်ဆိုင်မှုပြစာချုပ်စာတမ်းများအား အပေါင်အာမခံအဖြစ် အပ်နှံတင်သွင်း၍ ဒေါ်ခင်နှင်းမာ(ခ)ဒေါ်ရန်ကျင်းလုံ+ဦးစံဝင်းတို့အမည်ဖြင့် ဘဏ်ပေါင်ချေးငွေရယူထားသော ပစ္စည်းရပ်များ ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ မြေအပါအဝင် ယင်းမြေပေါ်၌ ဆောက်လုပ်ထားရှိသော ROYAL SAYARSON CONDOMINIUM တို့နှင့် စပ်လျဉ်း၍ မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်၏ ခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦး တစ်ယောက်ကမျှ ရောင်းချခြင်း၊ ပေါင်းနှံခြင်း၊ ငှားရမ်းခြင်း၊ လွှဲပြောင်းခြင်း၊ လဲလှယ်ခြင်းများ မပြုလုပ်ကြပါရန် သက်ဆိုင်သူများနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဖြိုးဖြိုး(တရားလွှတ်တော်ရှေ့နေ)**
**စဉ်-၁၁၆၈၁/၁၅-၁၂-၂၀၁၆**
**ရုံးခန်း - အမှတ်(၃၂၁)၊ မဟာဗန္ဓုလလမ်း၊ ရာဇဓိရာဇ်လမ်းနှင့် စန္ဒကူးလမ်းထောင့်၊**
**ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၃၂၀၆၅၅၀**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အင်းစိန်ဈေးရုံအမှတ် (Bမ)၊ ဆိုင်အမှတ် (၁)၊ မြေညီထပ် ဆိုင်ခန်းသည် အဘိုး ဦးကာသယ်မေဒင်(ခ) ဦးမောင်စိန် ကျန်ရစ်သည့်အမွေပုံပစ္စည်းဖြစ်ပြီး အမွေဆက်ခံသူများ ဖြစ်သည့် ဒေါ်မိုးစန္ဒာနှင့် ဒေါ်နှင်းလဲ့လဲ့ရွှေတို့၏ သိရှိခွင့်ပြုချက်မရှိဘဲ ဖော်ပြပါဆိုင်ခန်းအား ရောင်းခြင်း၊ ဝယ်ခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်းများမပြုလုပ်ပါရန်နှင့် ဖောက်ဖျက်ကျူးလွန်ပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **ဒေါ်သူဇာဝင်း (LL.B)** | **ဦးသန်းမင်းဝင်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **စဉ်-၁၃၈၄၇(၂၈-၁၁-၂၀၁၇)** | **စဉ်(၁၅၈၇၄) (၁၅-၈-၂၀၁၉)** |
| **အမှတ်-၄၅၃/ခ၊ ရတနာသီရိလမ်း၊** | **အမှတ်(၁၄၈၄)၊ ခနသိဒ္ဓိလမ်း၊** |
| **(၁၀)ရပ်ကွက်၊** | **ဖော့ကန်၊ အင်းစိန်၊** |
| **ရွှေပြည်သာမြို့နယ်၊** | **ဖုန်း-၀၉-၄၂၀၀၄၆၀၈၁** |
| **ဖုန်း-၀၉-၄၂၁၀၄၀၈၃၄** | |

(ဘိုးဘပိုင်အမှုတွဲအမှတ်-၀၆၃/ဘိုးဘ/၂၀၂၃)

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသော မြေအမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

ပဲခူးမြို့၊ ညောင်ဝိုင်းမြောက်ပိုင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် - ၆၊ အကွက်အမည် - ညောင်ဝိုင်းမြောက်ရပ်၊ ဦးပိုင်အမှတ် (၉၂ᵏ)၊ ဧရိယာ (၀. ၀၂၁) ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-

(က) အရှေ့လားသော် - ညောင်ဝိုင်းလမ်းမ၊
(ခ) အနောက်လားသော် - ဦးပိုင်အမှတ်(၉၀)
(ဂ) တောင်လားသော် - ဦးပိုင်အမှတ်(၉၂ᵃ)
(ဃ) မြောက်လားသော် - ညောင်ဝိုင်း(၉)လမ်း

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဦးကျော်ဇေယျမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၃ခုနှစ်၊ နိုဝင်ဘာလ (၄)ရက်နေ့မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ပဲခူးမြို့**

## မွေးသက္ကရာဇ်အမှန်

ကရင်ပြည်နယ်၊ ပိုင်ကျုံမြို့၊ ကျိုက်ပေါင်ကျေးရွာတွင် နေထိုင်သော (ဘ) ဦးအုန်းတင်၏သမီး ဒေါ်နန်းစောကလျာ ၃/ပကန(နိုင်) ၀၀၆၄၃၂၏ မွေးသက္ကရာဇ်အမှန်မှာ ၁၆-၁-၁၉၉၂ ဖြစ်ပါကြောင်း။

**ဒေါ်နန်းစောကလျာ**
**၃/ပကန(နိုင်)၀၀၆၄၃၂**

## မွေးသက္ကရာဇ်အမှန်

ကရင်ပြည်နယ်၊ ပိုင်ကျုံမြို့၊ ထန်းတပင်ကျေးရွာတွင် နေထိုင်သော (ဘ)ဦးဘော၏သမီး ဒေါ်နန်းမိခင်သာ ၃/ပကန(နိုင်)၀၀၀၁၃၈၏ မွေးသက္ကရာဇ်အမှန်မှာ ၅-၄-၁၉၈၉ ဖြစ်ပါကြောင်း။

**ဒေါ်နန်းမိခင်သာ**
**၃/ပကန(နိုင်)၀၀၀၁၃၈**

## မွေးသက္ကရာဇ်အမှန်

ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ဥဒေါင်းကျေးရွာတွင် နေထိုင်သော (ဘ)ဦးမျိုးမြင့်၏သမီး ဒေါ်နန်းရွှေဇင်အေး ၃/ဘအန(နိုင်)၁၆၄၁၆၁၏ မွေးသက္ကရာဇ်အမှန်မှာ ၁၁-၂-၁၉၇၆ ဖြစ်ပါကြောင်း။

**ဒေါ်နန်းရွှေဇင်အေး**
**၃/ဘအန(နိုင်)၁၆၄၁၆၁**

## မွေးသက္ကရာဇ်နှင့် ဖခင်အမည်မှန်

ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ကွမ်ဖျားကျေးရွာတွင် နေထိုင်သော ဒေါ်နန်းရွှေမြင့် ၃/လဘန(နိုင်)၁၃၄၂၄၀ ၏ ဖခင်အမည်မှန်မှာ ဦးထွန်းကဲ ဖြစ်ပါကြောင်းနှင့် ၎င်း၏ မွေးသက္ကရာဇ်အမှန်မှာ ၂၅-၅-၁၉၈၀ ဖြစ်ပါကြောင်း။

**ဒေါ်နန်းရွှေမြင့်**
**၃/လဘန(နိုင်)၁၃၄၂၄၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၉၊ မြေကွက်အမှတ်-၈/ဗ-၁+၈/၃-၁/ခ၊ မြေကွက် တည်နေရာအမှတ်-(S/၁၆)၊ ငွေတိုက်စိုးခြံလမ်း၊ ၉/မြောက်လမ်းသွယ် (၂)လမ်း၊ ၉/မြောက်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ( * ) အမည်ပေါက် ဘီ လ/န-၃၉ (အိမ်ရာမြေ)မြေအား အမည်ပေါက် ဦးမောင်ငယ် (ခ) ဦးအေးမော်သည် (၁၃-၇-၂၀၂၁) ရက်တွင် ကွယ်လွန်သဖြင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်ချိုချို(၁၂/ကတတ(နိုင်)၀၀၇၇၃၄)မှ တရားဝင်ဇနီးတော်စပ်ကြောင်း၊ ၎င်းမှလွဲ၍ အခြားဇနီးတစ်ဦးတစ်ယောက်မျှ အမွေဆက်ခံခွင့်မရှိကြောင်း ကျမ်းကျိန်လွှာအမှတ်(၁၃၄၈/၂၂-၃-၂၀၂၃)၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်မူရင်း၊ နိုင်/ကတ်တို့ကိုတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံမြေရာဇဝင်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဘဏ်ချေးငွေအတွက် အာမခံတင်သွင်းထားသည့် အောက်ပစ္စည်းစာရင်းပါ မရွှေ့မပြောင်းနိုင်သောပစ္စည်းများအားချေးငွေပေးဆပ်၍ ရွေးနှုတ်ခြင်းမပြုမီ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပိုင်ဆိုင်မှုလွှဲပြောင်းလက်ခံခြင်း၊ တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်းများမပြုလုပ်ရန်ဦးကျော်စိုး[၇/ပခန(နိုင်)၀၁၀၃၈၇] + ဒေါ်ခင်မာလာဝင်း [၁၂/မဂတ(နိုင်)၀၀၃၃၇၁](အရဏ်ဦးဆောက်လုပ်ရေး)တို့နှင့် အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သူ မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်(သိမ်ဖြူဘဏ်ခွဲ) မန်နေဂျာ၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးကျော်စိုး၊ ဒေါ်ခင်မာလာဝင်း( အရဏ်ဦးဆောက်လုပ်ရေး) တို့နှင့် အများသိစေရန် ကြေညာပါသည်။

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင် ယုဇနတာဝါ၊ ၅-လွှာ၊ အမှတ် (၅၀၈/အေ)နေ ဦးကျော်စိုးနှင့် ဒေါ်ခင်မာလာဝင်းတို့သည် ၎င်းတို့၏အရဏ်ဦးဆောက်လုပ်ရေးလုပ်ငန်းအတွက် လိုအပ်သောငွေကြေးများကို ကျွန်ုပ်၏အမှုသည်ထံမှ ချေးငှားရယူခဲ့ကြပါသည်။

၂။ ယင်းငွေများအတွက် ချေးငွေအာမခံအဖြစ် အောက်ပစ္စည်းစာရင်းပါ မရွှေ့မပြောင်းနိုင်သောပစ္စည်း (၈) မျိုးကို အာမခံအဖြစ် တင်သွင်းထားရှိခဲ့ကြပါသည်။

၃။ ယခုအခါဘဏ်ချေးငွေများပေးဆပ်ရန် သတ်မှတ်ထားသော ချေးငွေသက်တမ်းကျော်လွန်နေသည့်တိုင် ပေးဆပ်ရန် ပျက်ကွက်လျက်ရှိပါသည်။ ထို့ကြောင့် ဥပဒေအရတရားစွဲဆိုတောင်းခံရန် စီစဉ်ဆောင်ရွက်လျက်ရှိသောကြောင့် ကျွန်ုပ်၏အမှုသည်ဘဏ်တွင် တင်သွင်းထားသော အောက်ဖော်ပြပါအာမခံပစ္စည်းများကို ချေးငွေပေးဆပ်၍ ပြန်လည်ရွေးနုတ်ခြင်းမပြုမီ လွှဲပြောင်းခြင်း၊ ထုခွဲရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပိုင်ဆိုင်မှု လွှဲပြောင်းလက်ခံခြင်း၊ တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်းများ မပြုလုပ်ရန် အသိပေးကြေညာအပ်ပါသည်။

**ဦးကျော်စိုးနှင့် ဒေါ်ခင်မာလာဝင်းတို့အမည်ပေါက် ပိုင်ဆိုင်သည့် -**

(၁) ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက် (၅၂၁/စီ)၊ မြေကွက်အမှတ် (ဦးပိုင်အမှတ်)(၅၃/၃)၊ ဧရိယာ (၀.၃၁) ဧက၊ GA ၃(က)ရပြီး မြေကွက်နှင့် ယင်းမြေကွက်ရှိ အမှတ် (-) ပြည်လမ်း၊ သန္တေပင်ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ဟု ခေါ်တွင်သော အဆောက်အအုံနှင့် အကျိုးခံစားခွင့်အရပ်ရပ်။

(၂) ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက် (၅၂၁/စီ)၊ မြေကွက်အမှတ် (ဦးပိုင်အမှတ်) (၅၄/က)၊ ဧရိယာ (၀.၁၀၄)ဧက၊ GA ၃(က) ရပြီး မြေကွက်နှင့် ယင်းမြေကွက်ရှိ အမှတ်(၅၄)(က)၊ ရန်ကုန် ပြည်လမ်း၊ သန္တေပင်တောင်ပိုင်းရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ် ဟုခေါ်တွင်သော မြေကွက်အပါ အဝင်အကျိုးခံစားခွင့်အရပ်ရပ်။

(၃) ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ပဲခူးစုရပ်ကွက်၊ ကွင်း/အကွက်အမှတ် - ၂၃/ ရုံးတော်ကွက်၊ ဦးပိုင်အမှတ် (က/၉/၂-ခ)၊ မြေကွက်အမှတ် (၂၉)၊ ဧရိယာ (၀.၀၉၈)ဧက၊ နှစ်(၃၀)ဂရန်မြေနှင့် ယင်းမြေကွက်ရှိ အမှတ်(က-၂၉)၊ ဗညားဦးလမ်း၊ ရုံးတော်ရပ်ကွက်၊ သန်လျင်မြို့နယ်ဟုခေါ်တွင်သော မြေကွက်အပါ အဝင်အကျိုးခံစားခွင့်အရပ်ရပ်။

(၄) ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင် မြို့နယ်၊ ကွင်း/အကွက်အမှတ် - ၂၆/ ကျိုက်ဖောခိမြောက်၊ ဦးပိုင်အမှတ် - (၂၇/ခ-၁)၊ ဧရိယာ (၀.၀၅၅) ဧက၊ နှစ် (၃၀) ဂရန်မြေနှင့်ယင်း မြေကွက်ရှိ အမှတ် (၃၅-ဠ)၊ဝိဇ္ဇာလမ်းသွယ် (၃)၊ အုတ်ဖိုစု ဟုခေါ်တွင်သော အဆောက်အအုံနှင့် အကျိုးခံစားခွင့်အရပ်ရပ်။

(၅) ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဝါးနက်ချောင်းကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်-၅၉၅/ဘီ- သာယာကုန်းကွင်း၊ ဦးပိုင်အမှတ်(၁၁၂/၂)၊ ဧရိယာ(၀.၅၀)ဧက နှစ်(၃၀)စက်မှုစီးပွားဂရန်မြေကွက်နှင့် ယင်းမြေကွက်ရှိ အမှတ် ၁၁၂/၂၊ ဝါးနက်ချောင်း မှော်ဘီလမ်း၊ ဝါးနက်ချောင်းကျေးရွာအုပ်စု၊ မှော်ဘီမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အဆောက်အအုံနှင့် အကျိုးခံစားခွင့် အရပ်ရပ်။

(၆) ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဝါးနက်ချောင်းကျေးရွာအုပ်စု၊ကွင်း/အကွက်အမှတ်- ၅၉၅/ဘီ - သာယာကုန်းကွင်း၊ ဦးပိုင်အမှတ် (၁၁၂/၂ + ၁၁၉/၂)၊ ဧရိယာ (၀.၈၇) ဧက၊ နှစ်(၃၀) စက်မှုစီးပွား ဂရန်မြေနှင့်ယင်းမြေကွက် ပေါ်ရှိ ဦးပိုင်အမှတ် (၁၁၂/၂ + ၁၁၉/၂)၊ ဝါးနက် ချောင်းလမ်း၊ ဝါးနက်ချောင်းကျေးရွာ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်ဟုခေါ်တွင်သော အဆောက်အအုံနှင့် အကျိုးခံစားခွင့်အရပ်ရပ်။

(၇) မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ ငါန်းဇွန်မြို့နယ်၊ သံဘိုရပ်ကွက်၊ ကွင်း/အကွက်အမှတ် Block-D-66၊ဦးပိုင်အမှတ်(၆၆)၊ ဧရိယာ(၀.၁၁၀)ဧက (၁၀)နှစ်စက်မှုစီးပွားဂရန်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၆၆)၊ မြို့သာစက်မှုဇုန်၊ Road(3)xRoad(4)၊ သံဘိုကျေးရွာအုပ်စု ငါန်းဇွန်မြို့နယ်ဟုခေါ်တွင်သော အဆောက်အအုံနှင့် အကျိုးခံစားခွင့်အရပ်ရပ်။

(၈) မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ ငါန်းဇွန်မြို့နယ်၊ ပေါက်စိမ်းရပ်ကွက်၊ ကွင်း/အကွက် - Block - D-86၊ ဦးပိုင်အမှတ် (၁၄၀)၊ ဧရိယာ (၀.၁၁၀) ဧက၊ (၁၀)နှစ်စက်မှုစီးပွားဂရန်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (၁၄၀)၊ မြို့သာစက်မှုဇုန်၊ Road (1) x Road (2)၊ ပေါက်စိမ်းကျေးရွာအုပ်စု၊ ငါန်းဇွန်မြို့နယ် ဟုခေါ်တွင်သော အဆောက်အအုံနှင့်အကျိုးခံစားခွင့်အရပ်ရပ်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေကြည်နိုင် LLB**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်-၁၁၈/၇-လွှာ(ညာ)၊ ၄၆လမ်း(အထက်)၊**
**(၁၀)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်**
**ရန်ကုန်မြို့၊ဖုန်း-၀၉-၅၁၁၃၈၂၈**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## ( တရားမကျင့်ထုံး ဥပဒေအမိန့် - ၅၊ နည်းဥပဒေ-၂၀)
## ကချင်ပြည်နယ်တရားလွှတ်တော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၂

ဒေါ်မရန်ဂျာဆိုင်းခေါန် **နှင့်** ဦးခင်းနော်အောင်(ခ)
ဦးခင်းနော်(ခ)
ဦးနော်အောန် ပါ- ၃ ဦး
**(တရားလို)** **(တရားပြိုင်များ)**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ မြို့မရပ်ကွက်၊ အိမ်အမှတ်-၅၅ နေ ဦးခင်းနော်အောင် (ခ)ဦးခင်းနော်(ခ)ဦးနော်အောန်နှင့် ဒေါ်လုနန်(အတူနေလင်မယား)၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်ပန်းဆိုးတန်းလမ်း၊ အမှတ်(၁၆၈)နေ ဦးခရဲန်းဇော်ခေါင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင်တို့အပေါ်၌ ဒေါ်မရန်ဂျာဆိုင်းခေါန်က “၁၉-၁-၂၀၂၁ ရက်စွဲပါ လယ်ယာမြေလွှဲပြောင်းရောင်းချခြင်းနှစ်ဦးသဘောတူကတိစာချုပ်ပါ အတိုင်း ဆောင်ရွက်ပေးရန် ကတိပျက်ကွက်မှုအတွက် စာချုပ်ပါရောင်းကြေးငွေ၏(၂)ဆဖြစ်သောငွေကျပ် ၃၀၄၀၀၀၀၀၀၀/- (ကျပ်သိန်းသုံးသောင်းလေးရာတိတိ)” ရလိုမှုအဖြစ် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက် (၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ ကိုယ်တိုင် သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ(၄)ရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(အောင်ဇေယျာဝင်း)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ကချင်ပြည်နယ်တရားလွှတ်တော်**

## အထူးကိုယ်စားလှယ်လွှဲစာအား ရုပ်သိမ်းကြောင်းကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်နေ ဒေါ်ယုယုထွေး (ဘ) သူရဦးအေးမြင့် ၇/ရတရ(နိုင်)၀၀၁၆၂၆ မှ ၎င်း အမည်ပေါက်ပိုင်ဆိုင်သော နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်(၉/ဒက္ခိဏသီရိ -တောင်အရပ်)၊ မြေကွက်အမှတ်(ဒ- ၃၂၀၁၂)၊ အလျား(၈၀)xအနံ(၈၀)ပေ၊ ဧရိယာ ၀ ဒသမ ၁၄၆ ဧကရှိ နှစ်(၃၀) မြေငှားဂရန်မြေကွက်နှင့်ပတ်သက်၍ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ဒက္ခိဏသီရိရပ်ကွက်၊ ရွှေသပြေ(၃)လမ်း၊ အမှတ်(ဒ-၃၀၅၆၂)နေ ဦးသူထိန်လင်း (ဘ) ဦးထင်ကျော် ၁၀/သထန(နိုင်)၁၇၀၇၅၄ အား ၂-၆-၂၀၂၂ ရက်က နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၂၀၄/၂၀၂၂)ဖြင့် အထူးကိုယ်စားလှယ်လွှဲစာလွှဲအပ်ခဲ့ပါသည်။ အဆိုပါ လွှဲအပ်ထားသည့် အထူးကိုယ်စားလှယ်လွှဲစာအား ကျွန်ုပ်၏မိတ်ဆွေဒေါ်ယုယုထွေးမှ ယနေ့မှစ၍ ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်နိုင်ဝင်း LL.B, WIPO (Switzerland)၊**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၉၄)**
**အမှတ်(၈/၈၂)၊ပန်းခင်း(၁)၊ စံပယ်လမ်း၊ ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့ နေပြည်တော်။ ဖုန်း-၀၉-၄၀၁၅၃၄၆၆၈၊ ၇၉၇၇၀၄၄၅၇**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၉/မစိုးရိမ်တောင်၊ ဦးပိုင်အမှတ်(၁၇၊ ၁၈ᵃ)၊ ဧရိယာ ၀ ဒသမ ၁၀၇ ဧကရှိ ဦးမြင့်အောင် အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဒေါ်သင်းသင်းလှိုင် ၁၀/မဒန(နိုင်)၀၀၆၅၂၈ မှ အရောင်းအဝယ်စာချုပ်အမှတ် (၂၄/၂၀၁၅)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဘိုးဘပိုင်မြေကွက် အမည်ပြောင်းလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ ဘိုးဘပိုင်မြေကွက်အမည်ပြောင်းလျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဦးဝင်းဌေးနှင့် အများသိစေရန်ကြေညာခြင်း

ကျွန်တော် ဦးအောင်မျိုးလှိုင် ၁၄/ပသန(နိုင်)၁၅၈၃၁၉နှင့် ဦးဝင်းဌေး ၁၂/မရက(နိုင်)၁၁၄၀၃၂ တို့ (၂)ဦးမှာ ၄-၉-၂၀၂၃ ရက်၌ နှစ်ဦးသဘောတူ အကျိုးတူပူးပေါင်းခြင်းကတိစာချုပ်အား ချုပ်ဆိုခဲ့သော်လည်း ဦးဝင်းဌေး ဘက်မှ ကတိအတိုင်းဆောင်ရွက်ပေးခဲ့ခြင်းမရှိသည့်အတွက် ယခုကြော်ငြာထည့်သွင်းပြီးချိန်မှစ၍ အဆိုပါ(၂)ဦးသဘောတူ အကျိုးတူပူးပေါင်းခြင်း ကတိစာချုပ်မှာ ပျက်ပြယ်သွားပြီဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားချက်အရ-** | **လွှဲအပ်ညွှန်ကြားသူ-** |
| **ဒေါ်သီတာခင်လတ်(LL.B)** | **ဦးအောင်မျိုးလှိုင်** |
| **တရားလွှတ်တော်ရှေ့နေ(5265)** | **၁၄/ပသန(နိုင်)၁၅၈၃၁၉** |
| **အမှတ်(၁၆၁)ကျိုက္ကဆံလမ်း၊** | |
| **နတ်မောက်ရပ်ကွက်၊ တာမွေ။** | |
| **ဖုန်း-၀၉-၇၆၂၀၇၆၉၅၀** | |

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ အမှတ်(၃)ဓာတ်မြေသြဇာစက်ရုံ(ကျော်စွာ)မှ သံထည်ပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း ၇-၁၁-၂၀၂၃ ရက်တွင် တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ပါ၍ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | အမျိုးအစား | အရေအတွက် | တင်ဒါပိတ်ချိန် | | တင်ဒါဖွင့်ချိန် | |
|---|---|---|---|---|---|---|
| | | | နေ့ရက် | အချိန် | နေ့ရက် | အချိန် |
| က။ | သံထည်ပစ္စည်း | ၁၄ မျိုး | ၇-၁၁-၂၀၂၃ | ၁၂:၀၀ | ၇-၁၁-၂၀၂၃ | ၁၄:၀၀ |

၂။ အသေးစိတ်သိရှိလိုပါက မြန်မာရေနံဓာတုဗေဒလုပ်ငန်း၊ အထွေထွေစီမံခန့်ခွဲရေးဌာန ဖုန်း၀၉-၂၅၄၂၂၉၉၈၃ သို့ ရုံးချိန်အတွင်း ဆက်သွယ် မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သန်လျင်ကြယ်စင်အိမ်ရာ၊ ကြယ်စင်မြို့တော်အိမ်ရာ စီမံကိန်းအဆင့်၊ ဇုန်(B)၊ တိုက်အမှတ်(B-4)၊ အခန်းအမှတ် (903)၊ Type (B/a) ၊ Area (937) sqft ရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား တိုက်ခန်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ မယဉ်ယဉ်မိုး ၉/မဟမ(နိုင်)၀၂၅၈၁၈ ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်တော်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**စဂီးဒို**
**၁၄/ပတန(နိုင်)၁၂၆၁၇၀**
**ဖုန်း-၀၉-၈၇၉၀၇၉၃၀၆၊ ၀၉-၇၇၄၃၂၀၇၁၆**

## အများသိစေရန် ကြေညာခြင်း

ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ ပုဂံမြို့ ၊ အနော်ရထာရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၂၀၊ ဥဇနာ)၊ ဦးပိုင်အမှတ်(၄၃)၊ မြေဧရိယာ ၀ ဒသမ ၁၁၀ ဧကအား လူနေထိုင်အသုံးပြုရန်အတွက် ဦးဝင်းဆွေ (ဘ) ဦးလှမောင် အမည်ဖြင့် လက်ထောက်ကော်လိတ္တော်အရာရှိရုံး၏ နှစ်ရှည်နှစ် (၃၀) မြေငှားဂရန် ခွင့်ပြုချထားပေးခဲ့သည့် မြေငှားဂရန်စာချုပ်(မူရင်း)သည် ပျောက်ဆုံးသွားပါသဖြင့် မြေငှားဂရန်စာချုပ်(မိတ္တူမှန်) ခွင့်ပြုချထားပေးနိုင်ပါရန် အဆိုပါမြေကွက်အား ညောင်ဦးမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ၄-၅-၂၀၁၂ ရက်စွဲပါ စာချုပ်အမှတ်(၅၃/၂၀၁၂)အရ မြေကွက်အကျိုးခံစားခွင့် လွှဲပြောင်းခြင်းစာချုပ်ချုပ်ဆိုပိုင်ဆိုင်ထားရှိသည့် ဒေါ်ဝါဝါကြည် ၁၃/လရန(နိုင်)၀၈၆၃၆၆ မှ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ ညောင်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ရက်ကုန်ဆုံးသည်အထိ ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ညောင်ဦးခရိုင်၊ ညောင်ဦးမြို့**

## ဦးဝင်းဌေးနှင့် အများသိစေရန်ကြေညာခြင်း

ကျွန်မ မဇင်မာစိုး ၉/ပမန(နိုင်)၂၂၆၃၅၄ မှ အများသိရှိစေရန် ကြေညာလိုသည်မှာ ကျွန်မ မဇင်မာစိုးနှင့် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ် နေထိုင်သူ ဦးဝင်းဌေး ၁၂/မရက(နိုင်)၁၁၄၀၃၂ တို့ (၂)ဦးမှာ ၅-၉-၂၀၂၃ ရက်၌ နှစ်ဦးသဘောတူအကျိုးတူပူးပေါင်းခြင်းကတိစာချုပ်အား ချုပ်ဆိုခဲ့သော်လည်း ဦးဝင်းဌေးဘက်မှ အကြိမ်ကြိမ်ပျက်ကွက်မှုများရှိလာခဲ့သည့်အတွက် အဆိုပါ(၂)ဦး သဘောတူအကျိုးတူပူးပေါင်းခြင်းကတိစာချုပ်အား ယခုကြေညာပါသည့် ရက်အချိန်မှစ၍ ကျွန်မဘက်မှ ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်းနှင့် ကျွန်မ မဇင်မာစိုးနှင့် ဦးဝင်းဌေးတို့ အကြားတွင် ပတ်သက်ဆက်နွယ်မှုတစ်စုံတစ်ရာမရှိတော့ကြောင်း အများသိရှိ စေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားချက်အရ-** | **လွှဲအပ်ညွှန်ကြားသူ-** |
| **ဒေါ်သီတာခင်လတ်(LL.B)** | **မဇင်မာစိုး** |
| **တရားလွှတ်တော်ရှေ့နေ(5265)** | **၉/ပမန(နိုင်)၂၂၆၃၅၄** |
| **အမှတ်(၁၆၁)၊ ကျိုက္ကဆံလမ်း၊** | |
| **နတ်မောက်ရပ်ကွက်၊ တာမွေ။** | |
| **ဖုန်း-၀၉-၇၆၂၀၇၆၉၅၀** | |

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

**ဒေါ်ရွှေစံပယ်**

## မိဘအမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ ဝေါမြို့ အထက-ဝေါကျောင်း၊ Grade-6 ကျောင်းဝင်အမှတ်(၀၄၅၄) မောင်ဇင်မင်းခန့်၏ မိဘအမည်မှန်မှာ ဦးရင်မြင့် ၇/ဝမန(နိုင်)၀၇၆၁၆၂ နှင့် ဒေါ်မြမြလေး ၇/ဝမန(နိုင်) ၁၁၀၄၄၈ ဖြစ်ပါကြောင်း။

**ဦးရင်မြင့်-ဒေါ်မြမြလေး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 59W/ 17698 Kenbo 125 M/C ယာဉ်လက်ဝယ်ရှိသူ Aung Kanbo Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 48W/59219 Q Jiang 110 M/C ယာဉ်လက်ဝယ်ရှိသူ Khine Myae Thisar Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၂၆၉၃ Zong Shen 110 ယာဉ်လက်ဝယ်ရှိသူ Amazing Cherry World Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 62W/62365 TVS (DAZZ)110 ယာဉ်လက်ဝယ်ရှိသူ ဦးမင်းဟိန်းထက် ၉/ပဥလ(နိုင်)၀၃၃၆၅၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၇)၊ ရာဇာဓိရာဇ်(၂၃)လမ်း၊ မြေကွက်အမှတ် (၄၁၀/က)၊ မြေအကျယ်ပေ(၂၀ x ၆၀)၊ စတုရန်းပေ(၁၂၀၀)ရှိ ဒေါ်သိန်းမြင့်နှင့် ဦးလှကြည်တို့ အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်အား ဝယ်ယူရန်စရန်ငွေပေးချေထားသူ ဒေါ်လဲ့လဲ့ဝင်း ၁၂/ဥကတ(နိုင်)၁၂၉၅၁၈ ကယင်းမြေကွက်နှင့်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ပျဉ်ထောင်(၁)ထပ်လုံးချင်းနေအိမ်(၂)လုံး အပါအဝင်သည် အရှုပ်အရှင်းကင်းရှင်း၍ စရန်ပေးကာလအတွင်း မိမိမှပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါအိမ်ခြံမြေကွက်အား အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မေဦးခင် ၁၄/ပသန(နိုင်)၂၀၇၀၄၂ က ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေး ချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့်ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့်**
**LL.B, D.B.L, D.M.L, D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ် - ၉၉၃၉)**
**အမှတ် (၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊**
**(၇) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

## အများသိစေရန်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)၊ အိမ်အမှတ် ၅က/၁၊ ဂရန်မြေ ဧက ၀ ဒသမ ၁၉၂ ဧကပေါ်ရှိ တစ်ထပ်တိုက်အဆောက်အအုံပိုင်ဆိုင်သူ ဒေါ်ထိန်ကြွေကျင်း ၁၃/တယန(နိုင်)၀၁၈၂၅၇ သည် ၎င်း၏ ပိုင်ဆိုင်မှုအား သားဦးတီးနိမ် ၁၃/တယန(နိုင်)၀၃၇၉၄၅ သို့ ၃-၁၀-၂၀၁၉ ရက်တွင် အသိသက်သေများရှေ့မှောက်၌ ကိုယ်စားလှယ်လွှဲစာဖြင့် လွှဲပြောင်းပေးအပ်ခဲ့ပါသည်။ အထက်ဖော်ပြပါပိုင်ဆိုင်မှုအား ဦးတီးနိမ်မှ ဦးခင်မောင်ထွေး ၁၃/တခလ(နိုင်)၀၀၀၄၄၂ ထံသို့ ၂၄-၁၀-၂၀၁၉ရက်တွင် အသိသက်သေများဖြင့် ရောင်းချခဲ့ပြီးဖြစ်ပါသည်။

ဖော်ပြပါ မြေနှင့်အဆောက်အအုံကို လက်ဝယ်ပိုင်ဆိုင်ထားသူ ဦးခင်မောင်ထွေးမှ ၆-၆-၂၀၂၁ ရက်တွင် ဦးအောင်ကျော်ဦး၁၃/တခလ (နိုင်)၀၀၀၉၈၁ ထံသို့ အသိသက်သေများရှေ့မှောက်တွင် ပြန်လည်လွှဲပြောင်းရောင်းချခဲ့ပြီး ဦးအောင်ကျော်ဦးမှ မနန်းစောနီလာ၁၃/တခလ (နိုင်)၀၄၄၇၁၅ ထံသို့ ၁၆-၈-၂၀၂၃ ရက်တွင် အသိသက်သေများ ရှေ့မှောက်၌ ထပ်မံပြန်လည်ရောင်းချပေးခဲ့ပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေနှင့်အဆောက်အအုံကို ကျွန်မ မနန်းစောနီလာ ၁၃/တခလ (နိုင်)၀၄၄၇၁၅ မှ ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်သဖြင့် ကျွန်မ မနန်းစောနီလာ မသိဘဲရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်းများမပြုလုပ်ရန်နှင့် ပြုလုပ်ပါက တရားဥပဒေအရအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မနန်းစောနီလာ**
**၁၃/တခလ(နိုင်) ၀၄၄၇၁၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရေဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ဓနုဖြူမြို့နယ်၊ (၁၈)ရပ်ကွက်၊ ကွင်းအမှတ် (၁၉၅၊ လုပ်စာကွင်း)၊ ဦးပိုင်အမှတ်(၃၆-ဆ)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကနှင့် ဦးပိုင်အမှတ် (၃၆-ည)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧက ရှိ မြေသည် ဦးမင်းမင်းကျော် အမည်ဖြင့် ၂၄-၁၁-၂၀၀၉ ရက် မှ ၂၃-၁၁-၂၀၁၉ ရက်ထိ (၁၀)နှစ် မြေငှားဂရန်ရရှိထားပြီး အဆိုပါမြေအား ဓနုဖြူမြို့နယ် စာချုပ်စာတမ်း မှတ်ပုံတင်မှူးရုံး၏ စာချုပ်အမှတ်(၄၂/၂၀၁၆)အရ - မအူပင်ခရိုင်တရားရုံး၏ ၂၂-၁၀-၂၀၁၄ ရက်တွင် လေလံတင် ရောင်းချသည့်အခါ ဦးညွန့်တင်မှ လေလံဝယ်ယူ၍ မအူပင်ခရိုင်၊ ဓနုဖြူ မြို့၊ (၄)ရပ်ကွက်၊ လမ်းမတော်လမ်း၊ အမှတ်(၉၄) နေ ဦးညွန့်တင် ၁၄/ဓနဖ(နိုင်)၀၁၀၈၈၀၊ ဒေါ်အေးအေးမာ ၁၄/ဓနဖ(နိုင်)၀၅၆၁၇၉ တို့မှ မြေငှားဂရန် သက်တမ်းတိုး အမည်ပြောင်းရရှိရေးအတွက် မြေငှားဂရန် စာချုပ်၊ ဓနုဖြူမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်မှူးရုံး၏ မရွှေ့မပြောင်းနိုင်သော ပစ္စည်းကိုရောင်းကြောင်း လက်မှတ်စာနှင့် အခြားလိုအပ်သည့် စာရွက်စာတမ်း အထောက်အထားများနှင့်အတူ လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကျိုးကြောင်း ဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူကိုမဆို ယခု လျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် မအူပင်ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်နှင့်အညီ မြေငှားဂရန် သက်တမ်းတိုးအမည်ပြောင်း ထုတ်ပေးမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မအူပင်မြို့**

## ဒေါ်ဦးဦးတင်
## [(ဘ) ဦးတင်မောင်] ၁၂/မရက(နိုင်)၀၆၈၈၅၁နှင့်
## ဦးကျော်မြင့်မောင်
## [(ဘ)ဦးတင်မောင်] ၁၂/မရက(နိုင်)၀၆၈၈၅၀ တို့သိစေရန်

အောက်ဖော်ပြပါ အိမ်ခြံမြေများသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာန မြို့မြေစာရင်းတွင် ဒေါ်ဦးဦးတင်၊ ဒေါ်စုစုတင်၊ ဦးကျော်မြင့်မောင်၊ ဦးရှိန်မြင့်မောင်တို့ မောင်နှမ (၄)ဦးအမည်ဖြင့် ပူးတွဲအမည်ပေါက် တည်ရှိပါသည်-

(၁) ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ဠ၊ တိုးချဲ့ မြေကွက်အမှတ်-၁၀၆A (၈၀ x ၆၀)ပေ (၄၈၀၀ စတုရန်းပေ)ရှိ နှစ်(၆၀) ဂရန်မြေကွက်။

(၂) ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်-(36-C)မြေကွက်အမှတ်-၂၇(အေ- ၂/၃) ၀ ဒသမ ၂၀၀ဧကရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေပေါ်ရှိ နေအိမ်အဆောက်အအုံ။

(၃) ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်း ရပ်ကွက် အမှတ်(၃၃-သမိုင်း) မြေကွက်အမှတ်-၁၂/ည၁၂ ဧရိယာ ၀ ဒသမ ၂၅ ဧကရှိ မြေပိုင်မြေ လန-၃၉ နှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံ။

ဒေါ်စုစုတင်နှင့် ဦးရှိန်မြင့်မောင်တို့သည် အငြိမ်းစားဝန်ထမ်းများဖြစ်ကြသဖြင့် မိသားစုစီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရန် အရင်းအနှီးလိုအပ်လာသဖြင့် မိမိတို့ ပူးတွဲပိုင်ဆိုင် ပူးတွဲလက်ရှိဖြစ်သည့် အိမ်ခြံမြေများကို ထုခွဲရောင်းချပြီး ဝေစုခွဲကြရန် ညှိနှိုင်းတိုင်ပင်သည့်အခါ ဒေါ်ဦးဦးတင်နှင့် ဦးကျော်မြင့်မောင်တို့က လောလောဆယ် ရောင်းချထုခွဲရန်ဆန္ဒမရှိသဖြင့် ပြေလည်မှုမရရှိခဲ့ပါ။

မောင်နှမအချင်းချင်း မိသားစုစိတ်ဓာတ်ဖြင့် ညှိနှိုင်းပြေလည်ရန် အလားအလာမရှိတော့၍ ဒေါ်စုစုတင်နှင့် ဦးရှိန်မြင့်မောင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ ၎င်းတို့ပူးတွဲပိုင်ဆိုင်သည့် အိမ်ခြံမြေများကို တရားဝင်ခွဲစိတ်မှု ပြုလုပ်ပေးရန် ဒေါ်ဦးဦးတင်နှင့် ဦးကျော်မြင့်မောင်တို့ထံ ၂၅-၉-၂၀၂၃ရက်စွဲပါ အကြောင်းကြားစာကို ပေးပို့ခဲ့ပါသည်။

သို့ရာတွင် ဒေါ်ဦးဦးတင်ထံ ပေးပို့သည့် အကြောင်းကြားစာမှာ သက်ဆိုင်ရာစာတိုက်မှ "စာဝေချိန်တိုင်း ခြံတံခါး သော့ပိတ်၊ လူမရှိ ပေးဝေမရ" ဟူသော စာပို့လုလင်၏ မှတ်ချက်ဖြင့်လည်းကောင်း၊ ဦးကျော်မြင့်မောင်ထံ ၎င်း၏ အထွေထွေကိုယ်စားလှယ်စာရရှိသူ ဒေါ်ခင်နန္ဒာရဲမှတစ်ဆင့် ပေးပို့သည့် အကြောင်းကြားစာမှာလည်း သက်ဆိုင်ရာ စာတိုက်မှ "မရမ်းကုန်း၊ (၉)ရပ်ကွက်တွင် ၎င်းအိမ်ရာမရှိ" ဟူသော စာပို့လုလင်၏ မှတ်ချက်ဖြင့်လည်းကောင်း စာပို့သူထံ ပြန်လည်ရောက်ရှိလာပါသည်။

သို့ဖြစ်ပါ၍ တရားဝင် မြေကွက်ခွဲစိတ်နိုင်ရန်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ဒေါ်ဦးဦးတင်နှင့် ဦးကျော်မြင့်မောင်တို့အနေနှင့် လိုအပ်သည့်ကိစ္စအရပ်ရပ် လိုက်ပါဆောင်ရွက်ပေးရန် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်နှင့်ဆက်သွယ်ရန် အကြောင်းကြားအပ်ပါသည်။

**ဒေါ်စုစုတင်နှင့် ဦးရှိန်မြင့်မောင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်သန်းဝင်း B.A (Law) LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၀၈၅)**
**အမှတ်-၁၁၈/၁၂၀၊ ၄၆လမ်း၊**
**ဗိုလ်တထောင်မြို့ နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၃၁-၅၇၁၃၂၊ ၀၉-၂၆၃၀၈၈၆၆၅**

## အများသိစေရန်ကြေညာခြင်း

တောင်တွင်းကြီးမြို့၊ ရွှေအိုး(၂)ရပ်ကွက်၊ အကွက်အမှတ် (၂)၊ အကွက်အမည်-ရွှေအိုးရပ်တောင်၊ ဦးပိုင်အမှတ် (၂၀၃-ခ)၊ ဧရိယာ ၀ ဒသမ ၀၅၉ ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-

(က) အရှေ့လားသော် - ဗိုလ်ချုပ်လမ်း

(ခ) အနောက်လားသော် - ဦးပိုင် အမှတ် (၂၀၃-က)

(ဂ) တောင်လားသော် - အတွင်းစည်းခုံလမ်း

(ဃ) မြောက်လားသော် - လမ်းကြား

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဒေါ်အေးအေးမိုး (ခ) ဒေါ်အေးမိုးမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ တောင်တွင်းကြီးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၃၇၊မြေကွက်အမှတ်-၈၅၊မြေကွက်တည်နေရာအမှတ်-၈၅၊အဓိပတိလမ်း၊(၃၇)ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ဦးမြင့်ဝေ(I/RGN-000553)အမည်ပေါက်နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအားမြေအမည်ပေါက်(ခင်ပွန်း)ဦးမြင့်ဝေကွယ်လွန်သဖြင့်(ဇနီး)ဒေါ်သိန်းအေး(၈/ရနခ(နိုင်)၀၁၇၈၁၂)မှတစ်ဦးတည်းသောတရားဝင်ဇနီးဖြစ်ကြောင်းနှင့်အခြားသောဇနီးတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊၎င်းသာလျှင်တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းနှင့်၎င်းမှလွဲ၍အခြားသောအမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ကျမ်းကျိန်လွှာ၊ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊(ခင်ပွန်း)ဦးမြင့်ဝေ၏သေဆုံးမှုလက်မှတ်၊အိမ်ထောင်စုလူဦးရေစာရင်း၊နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)၊ဒေါ်သိန်းအေးထံမှအထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၂၂၃၅/၂၉-၁၁-၂၀၂၂ဖြင့်ရရှိသူဒေါ်မြင့်မြင့်ဌေး(၈/ရနခ(နိုင်)၀၁၇၆၅၀)မှအထွေထွေကိုယ်စားလှယ်လွှဲစာ၊ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့်ပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်းကျမ်းကျိန်လွှာတို့တင်ပြ၍ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်နှင့်အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းခရိုင်၊ မရမ်းကုန်းမြို့နယ်၊ (၁) ရပ်ကွက်၊ မြို့ဟောင်း(၁၂)လမ်း၊ အမှတ် (၂၃၆)၊ (၂)ခန်းတွဲ (၃)ထပ်တိုက်၏ ဒါဘာထပ်၊ ခြေရင်းခန်း၊ အကျယ် (၁၂ ၁/၂ x ၅၀)ပေရှိ ရေမီတာ၊ ရေမော်တာပါရှိသော တိုက်ခန်း(၁)ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟုဆိုသူ ဒေါ်အိဖြိုးဝေ ၁၂/မရက(နိုင်)၁၅၅၃၀၂ က အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး အပေါင်အနှံ၊ အရှုပ်အရှင်း လုံးဝကင်းရှင်း၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုချက်အရ အဆိုပါတိုက်ခန်းအား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လက်ရောက် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏အားလုံးကို တစ်လုံးတစ်ခဲတည်း အပြေအကျေပေးချေပြီး ၎င်းတိုက်ခန်းအား ပိုင်ဆိုင်ရရှိထားပြီးဖြစ်ပါသည်။ ၎င်းကိစ္စနှင့် ပတ်သက်ပြီး ပိုင်ဆိုင်အကျိုးခံစားလျက်ရှိသူ မည်သူမဆို စာရွက်စာတမ်း မူရင်းများနှင့်တကွ ကြေညာချက်ပါရှိသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားမှုအရ-**
**ဦးထက်နောင်လှိုင် (LL.B, DIL )**
**အထက်တန်းရှေ့နေ (စဉ် - ၄၃၄၈၁)**
**အမှတ်(၈၆၈) ၊(၃)လွှာ၊ ခေါင်းရင်းခြမ်း၊ (၂)လမ်း၊ (၁)ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၄၀၃၉၈၉၄၇၄**

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းခရိုင်၊ မရမ်းကုန်းမြို့နယ်၊ (၁) ရပ်ကွက်၊ မြို့ဟောင်း(၇) လမ်း၊ အမှတ် (၄၈၆)၊ (၂)ခန်းတွဲ (၃)ထပ်ခွဲတိုက်၏ ဒုတိယထပ်၊ ခြေရင်းခန်း၊ အကျယ်ပေ(၁၂ ၁/၂ ပေ x ၅၀ ပေ)ရှိ ရေမီတာ၊ ရေမော်တာ ပါရှိသော တိုက်ခန်း(၁)ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟုဆိုသူ ဦးသိန်းဦး ၁၂/လမတ(နိုင်)၀၀၈၁၀၄ က အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး အပေါင်အနှံ၊ အရှုပ်အရှင်း လုံးဝကင်းရှင်း၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောဆိုချက်အရ အဆိုပါတိုက်ခန်းအား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် လက်ရောက် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေများကို ပေးချေထားပြီးဖြစ်၍ ၎င်းကိစ္စနှင့်ပတ်သက်ပြီး ပိုင်ဆိုင် အကျိုးခံစားလျက်ရှိသူ မည်သူမဆို စာရွက်စာတမ်းမူရင်းများနှင့်တကွ ကြေညာချက်ပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဖော်ပြပါအရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားမှုအရ-**
**ဦးထက်နောင်လှိုင် (LL.B, DIL )**
**အထက်တန်းရှေ့နေ (စဉ် - ၄၃၄၈၁)**
**အမှတ်(၈၆၈)၊ (၃)လွှာ၊ ခေါင်းရင်းခြမ်း၊ (၂)လမ်း၊ (၁)ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ် ၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၀၃၉၈၉၄၇၄**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ ဝေါမြို့ အထက - ဝေါကျောင်း၊ Grade-11(A) မှ ကျောင်းဝင်အမှတ်(၄၇၃/၁၆) မမေသင်ချို၏ ဖခင်အမည်မှန်မှာ ဦးနေအောင် ၇/ဝမန(နိုင်)၀၇၈၀၂၈ ဖြစ်ပါကြောင်း။

**ဦးနေအောင်**

## မွေးသက္ကရာဇ်အမှန်

(ဘ) ဦးကြည်၏သမီး မကွေးမြို့၊ မြန်မာစာတိုက်လုပ်ငန်းမှ ဒေါ်ဝင်းဝင်းလှိုင် ၈/မကန(နိုင်) ၀၄၈၈၈၅ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၂-၁၀- ၁၉၆၃ ဖြစ်ပါကြောင်း။

**ဒေါ်ဝင်းဝင်းလှိုင်**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ- ၂၀)
## အောင်မြေသာစံခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၉၁

| | | |
|---|---|---|
| ဒေါ်နုနု (ခ) ဒေါ်နုနုအောင် (ကွယ်လွန်သူဦးခင်မောင်၏ တရားဝင် ကိုယ်စားလှယ်) | နှင့် | ၁။ ဦးလှဘော် (ကွယ်လွန်သူ ဒေါ်ခင်ခင်စိန် (ခ) ဒေါ်ခင်စိန်၏ တရားဝင်ကိုယ်စားလှယ်)<br>၂။ ဒေါ်ခင်ပျို (ခ) ဒေါ်ခင်ပျိုပျို (ကွယ်လွန်သူ ဦးမြတ်ကို၏ တရားဝင်ကိုယ်စားလှယ်)<br>၃။ ဒေါ်ခင်ညိုညို (ခ)မညို<br>၄။ ဒေါ်ခင်မူ<br>၅။ ဒေါ်ခင်မာ (ခ) ဒေါ်ခင်လှ<br>၆။ ဦးခင်မောင်တင်(ခ)ဦးခင်မောင်တင့် (ကိုယ်တိုင်နှင့် (၈) တရားပြိုင်၏ အထွေထွေကိုယ်စားလှယ်စာရသူ)<br>၇။ ဦးမောင်မောင်<br>၈။ ဦးကိုကိုမောင်<br>၉။ မန်းနေဂျင်းဒါရိုက်တာ ဥဒေါင်း သူရိန်ကုမ္ပဏီလီမိတက်<br>၁၀။ တာဝန်ခံ၊ ထွန်းဆောက်လုပ်ရေး |
| **တရားလို** | | **တရားပြိုင်များ** |

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာတောင်ညွန့်ရပ်ကွက်၊ ၁၀၅ လမ်း၊ တိုက်အမှတ်(၇)၊ မြေညီထပ်နေ တရားပြိုင်အမှတ်(၃)ဒေါ်ခင်ညိုညို(ခ)မညို (ဘ) ဦးဘကြွယ်၊ စစ်ကိုင်းမြို့၊ ရွာသစ်ကြီး၊ မတောင်းတရပ်ကွက်နေ တရားပြိုင်အမှတ်(၄) ဒေါ်ခင်မူ (ဘ) ဦးဘကြွယ်၊ သာကေတမြို့နယ်၊ အရှေ့(၃)ရပ်ကွက်၊ မန်ပြေ(၁၅)လမ်း၊ အမှတ်(က/၃၂)နေ တရားပြိုင်အမှတ်(၇) ဦးမောင်မောင် (ဘ) ဦးဘကြွယ်၊ မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ၂၃ လမ်း၊ ၈၂-၈၃လမ်းကြားနေ တရားပြိုင်အမှတ်(၁၀)ထွန်းဆောက်လုပ်ရေးတာဝန်ခံ(ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုဒေါ်နုနု (ခ) ဒေါ်နုနုအောင် (ကွယ်လွန်သူဦးခင်မောင်၏ တရားဝင်ကိုယ်စားလှယ်)က အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက် (၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်) မွန်းမတည့်မီ ၉:၃၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင်အထက်ပါရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သီရိအောင်)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**အောင်မြေသာစံခရိုင်တရားရုံး**

## အများသိစေရန်ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၂/တောင်)ရပ်ကွက်၊ မာန်ပြေ(၄)လမ်း၊ အမှတ် (၉၃၂/ခ)၊(၁)ခန်းတည်းRC(၆)ထပ်အဆောက်အအုံ၏ (ပထမထပ်)၊(၂-လွှာ)၊ဧရိယာ(၉၇၂)စတုရန်းပေရှိတိုက်ခန်းနှင့်၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုလက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဦးစိုးမြင့်အောင် ၁၂/ပဇတ(နိုင်) ၀၀၅၂၈၉ ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သော ဒေါ်အေးတင့်ခိုင် ၁၂/အလန(နိုင်) ၀၄၅၀၃၅၊ဦးရာဇာတင့် ၁၂/အလန(နိုင်)၀၄၇၅၆၁တို့က အပြီးအပြတ်ဝယ်ယူရန် အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက် အတွင်း တိကျခိုင်လုံသော စာချုပ်စာတမ်း၊ စာရွက်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်အေးတင့်ခိုင်၊ ဦးရာဇာတင့် တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ခိုင်ဝင်း (LL.B),WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၃၈၈)**
**အမှတ်(၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၉၈၁၉၉၃၀၀၊ ၀၉-၄၄၂၁၅၂၀၇၀**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်နေ ဒေါ်စိုးစိုးနောင် ၁၂/ဒဂတ(နိုင်)၀၃၇၇၇၃ (ဘ) ဦးမြင့်သိန်း၊ (အမိ)ဒေါ်တင်ကြည်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စိုးစိုးနောင်နှင့် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်း၊ အမှတ်(၈၀) နေ ဦးဝင်းသူ၊ ဒေါ်ခင်ငြိမ်းငြိမ်း၏ သားဖြစ်သူ ဦးကျော်မျိုးဝင်း ၁၂/ဗဟန(နိုင်)၀၇၅၀၃၂ တို့သည် အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာခဲ့ပြီး သား(၁)ဦး၊ သမီး(၃)ဦး ထွန်းကားခဲ့ပါသည်။

လွန်ခဲ့သော ၃၀-၇-၂၀၂၃ ရက်တွင် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စိုးစိုးနောင်နှင့် ဦးကျော်မျိုးဝင်းတို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်ကြပါသဖြင့် အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်တွင် လက်မှတ်ရေးထိုးပြီး ပြတ်စဲခဲ့ကြပြီးဖြစ်ပါသည်။ သားနှင့်သမီးတို့ကိုလည်း ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်စိုးစိုးနောင်မှပင် တာဝန်ယူအုပ်ထိန်းစောင့်ရှောက်ထားပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေ ဒေါ်စိုးစိုးနောင်နှင့် ဦးကျော်မျိုးဝင်းတို့သည် တရားဝင်အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲထားပြီးဖြစ်သောကြောင့် ဦးကျော်မျိုးဝင်းနှင့် လုံးဝမသက်ဆိုင်တော့ပါကြောင်း ကြေညာခြင်းဖြစ်ပါသည်။

**ဒေါ်စိုးစိုးနောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လင်းလင်းထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၅၅၃)**
**အမှတ်(၁၃၇)၊ အနောက်ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်။**
**ဖုန်း-၀၉-၄၂၆၄၉၈၉၁၀**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့နယ်၊ ကျွန်းပြားကျေးရွာအုပ်စု၊ ကျွန်းပြားကျေးရွာနေ (ဘ) ဦးထွန်းကြည်၏သား ကျွန်တော် မောင်သူမင်းအေး ၈/မဘန(နိုင်) ၀၉၁၅၅၈ ၏ ယခင်နိုင်ငံကူး လက်မှတ်အမှတ် (MF-949129) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၁၄၉၀၈၆၀**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ လျှော်တောင်ကျေးရွာအုပ်စု၊ လျှော်တောင်ကျေးရွာနေ (ဘ) ဦးမြင့်ငွေ၏သမီး ကျွန်မ မကြူကြူဝင်း ၈/နမန(နိုင်) ၂၁၁၀၄၁၏ ယခင်နိုင်ငံကူးလက်မှတ် အမှတ်(ME-114952)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၉၈၆၇၀၂၅၅**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5F/8978 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)**
**သန်လျင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 61W/ 77800 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်မိုး ၇/ဒဥန(နိုင်)၀၂၅၀၈၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7P/5418 Honda Insight Hatch Back (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးငြိမ်းဟန် ၅/မရန(နိုင်)၂၅၆၆၂၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 65W/23846 Canda 125 M/C ယာဉ်လက်ဝယ်ရှိသူ Khwar Nyo Co.,Ltd က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၁၊ မြေကွက်အမှတ်-၂၃၉၂/က၊ မြေကွက်တည်နေရာအမှတ်- ၂၃၉၂၊ မဟာဗန္ဓုလလမ်း၊ (၇၁) ရပ်ကွက်၊ ဒဂုံတောင်၊ ဦးကူပူး (S/RGN-၀၀၅၄၈၂) အမည်ပေါက် ပါမစ်မြေအား ပါမစ်အမည်ပေါက် ဦးကူပူးထံမှ အရောင်းအဝယ် အရပ်ကတိ စာချုပ်ဖြင့်ဝယ်ယူသူ ဒေါ်မြမြဝင်း ၁၂/သဃက(နိုင်)၁၅၀၁၁၄မှ အရပ်ကတိ စာချုပ်၊ မိသားစုဓာတ်ပုံမထင်ရှား၊ ရွှေ့ပြောင်းမည့်သူများ၏ ရာဇဝတ် အကျဉ်းချုပ်၊ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်၊ မြေနေရာချထားပေးခံရသူများ၏ မှီခိုသူများစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ နှစ်(၆၀)မြေငှားဂရန် လျှောက်ထားခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ (၁)ထပ် ပျဉ်ကာ၊ သွပ်မိုး အဆောက်အအုံ(၁)လုံးရှိပြီး အစောင့်ထားရှိပြီး ဒေါ်မြမြဝင်းမှ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသည်။ ၎င်းမှ ဝင်စာအမှတ် (၉၆၅၄/၂၂-၈-၂၀၂၃) ဖြင့် မြေပြင်တွင် အစောင့်ထားရှိခြင်းနှင့်ပတ်သက်၍ အရှုပ်အရှင်း တစ်စုံတစ်ရာပေါ်ပေါက်လာပါက မိမိမှတာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ဝန်ခံကတိပြုတင်ပြ၍ ဒေါ်မြမြဝင်း၏ နှစ်(၆၀)မြေငှားဂရန် လျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေး မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းနှင့်အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ကျိုက်ကဆံ (အနောက်) ရပ်ကွက်၊ အမှတ်(၃/၁၉၇)နေ ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းထက်အောင် ၁၂/သဃက(နိုင်)၀၇၀၃၅၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ ကျွန်ုပ်မိတ်ဆွေ ဦးဝင်းထက်အောင်သည် ယနေ့အချိန်အထိ ၎င်းတွင် မည့်သည့်တရားဝင် သားသမီးတစ်ဦးတစ်ယောက်မှ မရှိပါကြောင်းနှင့် အမွေစားအမွေခံကိတ္တိမအဖြစ် မွေးစားထားခြင်းမျိုးလည်း (လုံး၀) မရှိပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ အဆိုပါကိစ္စရပ်များကို ကန့်ကွက်လိုသူများအနေဖြင့် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်မထံသို့ ကန့်ကွက်နိုင်ကြောင်းနှင့် ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်မရဘဲ ပြုလုပ်ခြင်းမှန်သမျှသည် တရားမဝင်အတည်မဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းထက်အောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နော်ခမ်းစုစုဗွာ**
**LL.B,D.B.L**
**အထက်တန်းရှေ့နေ (စဉ်-၅၃၁၀၀)**
**အမှတ်(၃၃၇)၊ မြရတနာ(၄)လမ်း၊ (ခ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၄၄၇၄၄၁၂၀၀၊ ၀၉-၇၅၈၂၃၂၁၃၅**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ပင်တိုင်အုပ်စု၊ ဂုံပင်ကျေးရွာနေ ဒေါ်လှအေး TDI ၁၃၈၃၃၆ ၏ သမီး ဒေါ်ဇင်မာအောင် ၈/တတက(နိုင်)၁၅၄၁၅၈ သည် မိခင်ဖြစ်သူကို အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံး၀(လုံး၀)တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

**(မိခင် ဒေါ်လှအေး)**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၁)ရပ်ကွက်၊ အကွက်အမှတ်(၅၁)၊ အကောက်ဆိပ်အကွက်၊ ဦးပိုင် အမှတ် (၄၈-ခ)၊ ဧရိယာ ၀ ဒသမ ၀၃၁ ဧကရှိ မြို့မြေ(B)သည် ပုသိမ်မြို့၊ အမှတ်(၁)ရပ်ကွက်၊ မင်းကြီးလမ်း၊ အိမ်အမှတ်(၄၅၀)နေ ဒေါ်စန္ဒာဦး၊ ဦးထွန်းထွန်းဦး၊ ဒေါ်သန္တာဝင်း၊ ဒေါ်နန္ဒာဝင်းတို့မှ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက် လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း(၃၀) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့် ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောက်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ ပုသိမ်မြို့**

## သားအဖြစ်မှစွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၂)ရပ်ကွက်၊ မေတ္တာရိပ်သာလမ်းနေ ဦးအောင်ဝင်း ၁၂/ရကန(နိုင်)၀၃၉၄၇၅- ဒေါ်သန်းသန်းအေး ၁၂/ရကန(နိုင်)၀၄၉၄၉၆ တို့၏သား မောင်ချစ်ကိုကိုဝင်းသည် မိဘဆိုဆုံးမသည်ကိုမနာခံဘဲ အမျိုးမျိုး သိက္ခာကျစိတ်ဆင်းရဲအောင်ပြုလုပ်ပါသဖြင့် သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း သိစေအပ်ပါသည်။

**ဦးအောင်ဝင်း-ဒေါ်သန်းသန်းအေး**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၂)ရပ်ကွက်၊ အကွက်အမှတ်(၆၂)၊ အုံးတောအကွက်၊ ဦးပိုင်အမှတ် (၈၀)၊ ဧရိယာ ၀ ဒသမ ၀၄၄ ဧကရှိ မြို့မြေ(B)သည် ပုသိမ်မြို့၊ အမှတ်(၂)ရပ်ကွက်၊ ကန်လမ်း၊ အိမ်အမှတ်(၁၈)နေ ဒေါ်ခင်ငြိမ်းရီမှ မြေအမည် ပြောင်းလဲပေးရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက် မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့် ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောက်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ ပုသိမ်မြို့**

## အလ္လာအရှင်မြတ်အမိန့်တော်ခံယူခြင်း
## ဒေါ်ဒေစီခင်ဆွေမြင့်
### အသက် (၈၅)နှစ်

(ဦးအေးမောင်-ဒေါ်သန်းကြည်)တို့၏သမီးကြီး၊ [ဆရာကြီးဦးကာ (ပညာရေးဝန်ကြီး-ငြိမ်း)၊ (ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ-ငြိမ်း)]-(ဒေါ်သိန်းရင်) တို့၏ချွေးမ၊ ရန်ကုန်မြို့၊ အမှတ် (၁၈)၊ 7 Mile Hill Residence၊ မရမ်းကုန်းမြို့နယ်နေ [ပါမောက္ခ ဆရာဝန်ကြီး ဒေါက်တာ ဦးသိန်းမောင်(နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံအုပ်ကြီး-ငြိမ်း)]၏ ချစ်လှစွာသောဇနီး၊ ဒေါက်တာ Andrew သိန်းဆွေ၊ ဒေါ်ခင်ဆွေသိန်း(ခ)ချစ်ချစ်၊ Captain နေဝင်းသိန်း-ဒေါက်တာ မိုမိုကိုဝင်းတို့၏ မွေးသမိခင်၊ ချယ်ရီနေဝင်းသိန်း၊ ရေမွန်ဝေလွင်သိန်း၊ ဟန်နီသွယ်မိုသိန်းတို့၏ ချစ်လှစွာသော အဘွား ဒေါ်ဒေစီခင်ဆွေမြင့်သည် ၁၈-၁၀-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂:၂၀ နာရီတွင် အလ္လာအရှင်တော်မြတ်၏အမိန့်တော်ခံယူသွားခဲ့ပါကြောင်းနှင့် ယင်းနေ့တွင် ရေဝေးစွန္နီကဘာရ်စတန်၌ ဒါဖွါနာပြီးစီးပါသည်။ (၂၄-၁၀-၂၀၂၃)ရက် (အင်္ဂါနေ့)တွင် အထက်ပါနေအိမ်၌ ရက်လည် ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်ခင်စန်းလွင် ၁၂/ကမရ(နိုင်)၀၂၀၇၉၃ ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ်(မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၁၉၄၅၇၅၂

## မွေးသက္ကရာဇ်အမှန်

တောင်ကုတ်ခရိုင်၊ တောင်ကုတ်မြို့၊ ကံပိုင်ရပ်ကွက်၊ မြစ်ပယ်လမ်း၊ အမှတ်( ၈၉၀ )နေ (ဘ) ဦးဘအောင်၏ သမီး ဒေါ်သန်းမြင့် ၁၁/ရဗန(နိုင်)၀၂၂၁၉၀ မွေးသက္ကရာဇ်အမှန်မှာ ၂၁-၁၀-၁၉၆၃ ဖြစ်ပါကြောင်း။

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဦးဣဿရိယ
### သက်တော်(၆၇)နှစ်၊ ဝါတော်(၄၇)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ နန္ဒင်းကုန်း ရပ်ကွက်၊ ဘုရားသုံးဆူ ပရိယတ္တိစာသင်တိုက်၌ သီတင်းသုံးနေထိုင်တော်မူသော ဦးဣဿရိယ သည် (၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်) ၁၈-၁၀-၂၀၂၃ ရက် ညနေ ၆:၃၀ နာရီတွင် သဃ်န်းကျွန်းစံပြဆေးရုံ၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၂၁-၁၀-၂၀၂၃ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးညာတိများ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား သိစေအပ်ပါသည်။

စံပြဆေးရုံ(သဃ်န်းကျွန်း) မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။

**ဘုရားသုံးဆူ စာသင်တိုက်ဆရာတော်နှင့် တပည့်သံဃာတော်များ**

## ဒေါ်ခင်ရီ
### အသက် (၈၉)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ် (၃၈) မဟာဗေဒ္ဓျာလမ်း၊ ကျီတော်ရပ်ကွက်နေ (ဦးချန်ပွေ၊ ဒေါ်အမာ) တို့၏သမီး၊ ဦးခင်မောင် (ပြည်တွင်းအခွန် ဦးစီးမှူး-ငြိမ်း)၏ဇနီး၊ ဒေါ်ခင်သီတာ (စိတ်ကျန်းမာရေးဆရာဝန်ကြီး-ငြိမ်း)၊ (ဦးသန့်ဇင်)-ဒေါ်မြစန္ဒာနွယ်၊ ဦးစောသောတူထူး (C.E အငြိမ်းစား)-ဒေါ်ခင်စန္ဒာ၊ ဦးအောင်လေးထွဋ် (အားကစားဝန်ကြီးဌာန ဒုညွှန်မှူး(ငြိမ်း)-ဒေါ်သိင်္ဂီဝင်းတို့၏ ကျေးဇူးရှင်မိခင်ကြီးသည် ပင်လုံဆေးရုံတွင် ၉၆ ပါးရောဂါဖြင့် ၁၉-၁၀-၂၀၂၃ ရက် (ကြာသပတေးနေ့) ည ၇:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၀-၂၀၂၃ရက်(စနေနေ့) နံနက် ၁၁:၀၀နာရီ တိတိ တွင် ရေဝေးသုသာန်ခန်းမ (၁/က)တွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း ဒါယကာကြီး
## ဦးငွေသိန်း
### ပန်းလှိုင်သံဃာ့ဒါနဆွမ်းလောင်းအသင်းနာယက
### အသက်(၈၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းလှိုင်ရပ်ကွက်၊ ရွှေလိပ်ပြာအိမ်ရာ၊ တိုက်(၃)၊ အခန်း(၄၀၈)နေ (ဦးအောင်ရှိန်-ဒေါ်လှရွှေ)တို့၏သား၊ (ဒေါ်တင်တင်ဝင်း)၏ခင်ပွန်း၊ ဦးအေးလွင်-ဒေါ်မာမာ၊ ဦးသိန်းထွန်းဝင်း-ဒေါ်လှလှနိုင်၊ ဦးထိန်လင်း-ဒေါ်မိမိသဇင်လှိုင်၊ ဦးခိုင်ဝင်း-(ဒေါ်အေးအေးသိန်း)၊ ဦးစိုးသိန်းအောင်-ဒေါ်ခင်ဝင်းကြည်၊ ဦးစိုးကျော်ဝင်း- ဒေါ်ခင်လေးနွယ်၊ ဦးမျိုးဝင်း-ဒေါ်ချယ်ရီဝင်း၊ ဦးမြင့်နိုင်-ဒေါ်ဇင်မာသိန်း၊ ဦးအောင်သော်ဦး-ဒေါ်ခိုင်ငြိမ်းဝင့်၊ ဦးအောင်ရဲသိန်း- ဒေါ်နှင်းအိဝေ၊ ဦးလင်းခိုင်-ဒေါ်မြတ်မြတ်ဆင့်တို့၏မွေးသဖခင်၊ မြေး(၂၈)ယောက်၊ မြစ်(၁၁)ယောက်တို့၏ချစ်လှစွာသော အဘိုးသည် (၁၉-၁၀-၂၀၂၃ ရက်(ကြာသပတေးနေ့) မွန်းလွဲ(၂:၅၈)နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ကူးပြောင်း ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်ကို (၂၁-၁၀-၂၀၂၃)ရက် (စနေနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန် သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ မြင့်မြတ်ရာဘုံဘဝသို့ ရောက်ရှိပါစေခြင်းအကျိုးငှာ (၂၅-၁၀-၂၀၂၃)ဗုဒ္ဓဟူးနေ့ နံနက်တွင် ဘုရားအမှူးရှိသောပင့်သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်း၊သင်္ကန်း အစရှိသောဒါတဗ္ဗဝတ္ထုပစ္စည်းအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းပြီး ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည် ဖြစ်ပါသဖြင့် အထက်ပါ နေအိမ်သို့ကြွရောက်ပါရန် ညိုးငယ်သောစိတ်ထားဖြင့်ဖိတ်ကြားအပ်ပါသည်။

နေအိမ်မှကားများ မွန်းလွဲ (၁:၃၀)နာရီတွင်ထွက်ခွာပါမည်။

**ကျန်ရစ်သူမိသားစု**

## (၂)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း
## ဦးသက်လင်းဝင်း(ခ)SONNY (New Zealand)
### ( ၂၁-၁၀-၂၀၂၁ - ၂၁-၁၀-၂၀၂၃)
### အသက်(၄၀)နှစ်

ချစ်လှစွာသော ကျေးဇူးရှင် ဖေဖေ ဦးသက်လင်းဝင်း(ခ) SONNY (New Zealand) သည် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားသည်မှာ ယနေ့(၂၁-၁၀-၂၀၂၃) ရက်တွင် (၂)နှစ် တင်းတင်းပြည့်ပါပြီ၊ ဖေဖေ့အတွက်ရည်စူး၍ သမီးပြုခဲ့သမျှ ကောင်းမှုကုသိုလ်အစုစုတို့နှင့်တကွ ယနေ့ပြုသမျှ ကောင်းမှု ကုသိုလ်တို့ကို ဖေဖေရောက်ရာဘုံဘဝကနေသိပါစေ၊ မြင်ပါစေ၊ ကြားပါစေ၊ အမျှ-အမျှ-အမျှ ပေးဝေပါတယ်နော်၊ အမျှရ၍ သာဓု...သာဓု...သာဓု ခေါ်ဆိုနိုင်ပြီး ဖေဖေ ကောင်းမွန်မြင့်မြတ်သော ဘုံဘဝကို ရောက်ရှိပါစေ။

**ဖေဖေ့ကို လွမ်းဆွတ်သတိရစွာဖြင့်**

**သမီး**

**မကေသရီ သက်လင်းဝင်း(ခ) Jessica Thet Lin Win**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊
## ရေကန် ဒါယိကာမကြီး
## ဒေါ်ရှုတီ(ခ)ဒေါ်ရီရီမြင့်
### အသက်(၈၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နေ (ဦးဆောင်းငါး-ဒေါ်ကျင်မှီ)တို့၏သမီး၊ ရှမ်းပြည်နယ် ပင်းတယမြို့နေ (ဦးဘချစ်-ဒေါ်သုန်)တို့၏သမီးချွေးမ၊ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အိမ်အမှတ်(၂)နေ ဦးစောမြင့်နိုင်(ဒုညွှန်ကြားရေးမှူး ရေနံဓာတု၊ စွမ်းအင်ဝန်ကြီးဌာန)၏ ချစ်လှစွာသောဇနီး၊ ဦးမျိုးမင်း- ဒေါ်ချိုသန္တာမြင့်၊ ဦးအောင်ဝင်းနိုင်-(ဒေါ်ယမင်းအေး)၊ (ဦးမာန်ထူးအောင်)-ဒေါ်လွင်မာမြင့် တို့၏ ချစ်လှစွာသော မိခင်ကြီး၊ မဖြူ သဲချို၊ မသက်စုနန္ဒာ၊ မောင် Dastin ဝင်းနိုင်၊ မောင်ရဲမင်းအောင်၊ မသံစဉ်မေတို့၏ချစ်လှစွာသော အဘွား ဒေါ်ရှုတီ(ခ)ဒေါ်ရီရီမြင့်သည် ၁၉-၁၀-၂၀၂၃ ရက်(ကြာသပတေး)နေ့မွန်းလွဲ ၁:၁၅ နာရီတွင် တစ်ဘဝတစ်ခန္ဓာချုပ်ငြိမ်း၍ ဘဝတစ်ပါးသို့ ကူးပြောင်းသွားပြီဖြစ်သောကြောင့် ၂၁-၁၀-၂၀၂၃ ရက် မွန်းလွဲ ၁ နာရီ တွင် သန်လျင်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးတို့မှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများမွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဦးစိုးဝင်း
### အသက် (၇၁)နှစ်

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဈေးကြိုရပ်ကွက်၊ ရတနာထွန်းပွဲရုံနယ်မြေ၊ ပတ္တမြားလမ်း၊ အမှတ် (၈)နေ (ဦးမောင်စိုး-ဒေါ်မာမာ) တို့၏သားကြီး၊ (ဦးချိန်ရီ-ဒေါ်သန်းမြ)တို့၏သားသမက်၊ ဒေါ်ခင်လှဲ့မူ၏ခင်ပွန်း၊ ကိုလင်းမျိုးအောင်- မနွယ်နီလင်း၊ ကိုလင်းကိုထွန်း- မရတနာထွေးတို့၏ဖခင်၊ မသွန်းသီရိလင်း၊ မရွှေသွန်းအိမ်၊ မရွှေကျော့ကျော့ရှင်း တို့၏ချစ်လှစွာသောအဘိုး ဦးစိုးဝင်း သည် ၁၉-၁၀-၂၀၂၃ ရက် (ကြာသပတေးနေ့) နံနက် ၈:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၀-၂၀၂၃ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် မုယောင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းမည်ဖြစ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၂-၁၀-၂၀၂၃ ရက်နေ့ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၈) ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ တရားရုံးတော် ငြင်းချက်ထုတ်ရန် ဆင့်စာ ကြော်ငြာတွင် ၂၀၂၃ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်အစား ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ပျောက်ဆုံးကြောင်း

ဦးမြတ်သူ ၁၂/ကမတ(နိုင်) ၀၃၉၆၈၁ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၅၂၁၇၉၀၃

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7I/5393 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေ ညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း) အင်းစိန်**

## မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးပါရန် အကြောင်းကြားခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၅၄၊ မြေကွက်အမှတ် - ၈၀/ခ၊ ဧရိယာ (၀. ၁၁၄)ဧကရှိ (ဘီ)မြေပိုင်မြေကွက်ထဲမှ တရားဝင်မခွဲမစိတ်ရသေးသောအစိတ်အပိုင်းဖြစ်သည့် အလျား ၂၃ ပေ x အနံ ၆၀ ပေရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကျွန်တော် ဦးကျော်စိုးမိုး (၅/မလန(နိုင်)၀၂၈၀၄၉)က ဝယ်ယူ၍ လက်ရောက်ရရှိပြီးဖြစ်ပါသည်။ ဖော်ပြပါမြေကွက်နှင့် အိမ်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးခြင်းကို ရောင်းချခဲ့သူများဖြစ်ကြသော စုရန်းဆင်၊ ဒေါ်ခင်ရွှေ ဦးမြင့်မောင်တို့က ယနေ့မှစ၍ (၇)ရက်အတွင်း ဆောင်ရွက် ပေးပါရန်နှင့် သတ်မှတ်ရက်အတွင်း ဆောင်ရွက်မပေးပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အကြောင်းကြားအပ်ပါသည်။

ဦးကျော်စိုးမိုး (၅/မလန (နိုင်) ၀၂၈၀၄၉)
အမှတ် - ၁၄၉/ခ၊ ဇေယျာသုခလမ်း၊
နှင်းဆီကုန်း (က)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊
ရန်ကုန်မြို့။

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9G/9599 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

## ဒေါ်မနုစိန်
### အသက်(၈၁)နှစ်

ရခိုင်ပြည်နယ်၊ တောင်ကုတ်ခရိုင်၊ တောင်ကုတ်မြို့နယ်၊ လက်ပံကျွန်းကျေးရွာအုပ်စု၊ သက္ကယ်ကျွန်းကျေးရွာနေ (ဦးအောင်ထွန်း)၏ဇနီး၊ သားကြီး ဦးဆန်းထွန်း(ထွေ/အုပ်၊ တောင်ကုတ်ခရိုင်)၊ ဇနီးဒေါ်ခင်သက်ဝေနှင့် ဒေါ်မမကြီး၊ ဒေါ်မမငယ်(အထပြ၊ အ.ထ.က-တောင်ကုတ်)၊ ဒေါ်စန္ဒာ(ဒေါ်နီလာ) တို့၏မွေးသမိခင်၊ မြေးများဖြစ်ကြသော ဗိုလ်ကြီး သက်ဦးလင်းထွန်း(နည်းပြအရာရှိ၊ DSA- ပြင်ဦးလွင်)၊ မောင်ဇေယျာလင်းထွန်း (ဒုတိယနှစ် ဆေးတက္ကသိုလ်-၂၊ ရန်ကုန်)၊ မစုစန္ဒီကျော်(တတိယတန်း၊ အ.ထ.က၊ တောင်ကုတ်)တို့၏ အဘွားသည် (၁၃-၁၀-၂၀၂၃) ရက်နေ့ (၁၂:၁၅)နာရီတွင် ကွယ်လွန်သွားပြီဖြစ်ပါ၍ (၁၅-၁၀-၂၀၂၃) ရက်နေ့ မွန်းလွဲ၁ နာရီတွင် သက္ကယ်ကျွန်းကျေးရွာတွင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ပုလောမြို့နယ်အသင်း(ရန်ကုန်)
## ဦးစိုးဝင်း
### အသင်းဝင်အမှတ်(၂၀၃၂)
### အသက်(၇၁)နှစ်

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဈေးကြိုရပ်ကွက်၊ ရတနာထွန်းပွဲရုံနယ်မြေ၊ ပတ္တမြားလမ်း၊ အမှတ်(၈)နေ ဒေါ်ခင်လှဲ့မူ ၏ခင်ပွန်း ဦးစိုးဝင်း သည် ၁၉-၁၀-၂၀၂၃ရက်(ကြာသပတေးနေ့) နံနက် ၈:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၀-၂၀၂၃ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် ဂူသွင်းမည်ဖြစ်ပါသည်။

**နာယက၊ အမှုဆောင်အဖွဲ့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ (၄၁)လမ်း၊ အမှတ်(၁၃၁)ဒုတိယလွှာ၊ အခန်းနံပါတ်(၅)၊ ဧရိယာအကျယ်အဝန်း (၁၇ပေ x ၄၂ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို မူလပိုင်ရှင်ဖြစ်သူ ဦးခင်မောင်ဆန်း (၁၂/ဗတထ(နိုင်)၀၁၇၈၉၁)မှ လက်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိပြီး အရှုပ်အရှင်းကင်းရှင်းကြောင်းဝန်ခံရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နီနီအေး(၁၃/တကန(နိုင်)၀၆၂၉၅၀)က အပြီးအပိုင်ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တိုက်ခန်း၏ တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဖော်ပြပါတိုက်ခန်းနှင့် အဆိုပါတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးခံစား သက်ဆိုင်ခွင့်ရှိသူမည်သူမဆို တိုက်ခန်းများနှင့်ပတ်သက်သည့် စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သက်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စရပ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးရဲထူးကျော် (LL.B)
အထက်တန်းရှေ့နေ (စဉ်-၃၇၅၈၂)
အမှတ် (၉)ပလ္လာ၊ ၁၀၇လမ်း
မင်္ဂလာတောင်ညွန့်ရပ်ကွက်
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၉-၄၀၈၇၈၇၃၄၄

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၇)၊ အကွက်အမှတ်(မောသီရိတိုးချဲ့)၊ ဦးပိုင်(၄၁၅)၊ ဧရိယာ(၀.၀၆၉)ဧကရှိ အမှုတွဲအမှတ်၊ ၇၄၁-၅/၂၀၀၃-၀၄(စီ)အရဦးဇော်လင်း အမည်ပေါက်ပြီး ၎င်းကွယ်လွန်၍ဖခင် ဦးသောင်းရွှေမှ အမွေဆက်ခံစာချုပ် (၁၅၂I/၂၀၀၈)ဖြင့်ချုပ်ဆိုပြီး၎င်းထံမှ ဦးဘိုတင်ကဧရိယာ(၀.၀၃၄)ကေ အားစာချုပ်အမှတ်(၄၄၀I/၂၀၂၀)ဖြင့် လည်းကောင်း၊ ဦးသောင်းရွှေ ကွယ်လွန်၍ ကျန်မြေဧရိယာ(၀.၀၃၄)ကေ အား ဇနီး ဒေါ်အေးဆိုင်မှ အမွေဆက်ခံ စာချုပ်(၁၅၉IV/၂၀၂၃) ဖြင့် ချုပ်ဆိုပြီး ၎င်းထံမှ ဦးဘိုတင်က ကျန်မြေဧရိယာ (၀.၀၃၄)ကေအား စာချုပ်အမှတ် (၅၁၁I/၂၀၂၃)ဖြင့်လည်းကောင်း ဝယ်ယူပြီးဖြစ်၍ ဦးဘိုတင် ၈/မမန(နိုင်) ၁၅၀၃၉၅ အမည်ဖြင့် မြေငှားဂရန် အမည်ပြောင်းထပ်မံအသစ်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူရှိက (၁၅)ရက်အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## မွေးသက္ကရာဇ်အမှန်

ကျောက်မဲမြို့နယ်၊ အမှတ်(၁) ရပ်ကွက်၊ နယ်မြေ(၃)နေ ဦးမော်ခိုင်ချို၏ သမီးဖြစ်သူ ဒေါ်ထင်ရဲလီ ၁၃/ကမန(နိုင်)၀၂၃၄၅၉ ၏ မွေးသက္ကရာဇ် အမှန်မှာ ၁-၁၀-၁၉၇၈ ဖြစ်ပါကြောင်း။

**ဒေါ်ထင်ရဲလီ**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း ကြေညာခြင်း

လားရှိုးမြို့နေ မသော်တာအောင် ၁၃/သပန(နိုင်) ၀၄၄၁၈၇ ၏ ပတ်စ်ပို့နံပါတ် မမှတ်မိမှာ ပျောက်ဆုံးသွားပါကြောင်း ကြေညာအပ်ပါသည်။

ဖုန်း-၀၉-၂၆၅၅၆၅၁၁

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၇)၊ အကွက်အမှတ်(မောသီရိတိုးချဲ့)၊ ဦးပိုင်(၉၄၅)၊ ဧရိယာ(၀.၀၆၉)ကေရှိ အမှုတွဲအမှတ် ၂၈၆-၅/၂၀၀၆-၀၇(အေ)အရ ဒေါ်အေးဆွေ အမည်ပေါက်ပြီး၎င်းထံမှဧရိယာ(၀.၀၃၅)ကေအားဒေါ်ဖန်းလန်က ရောင်းဝယ်စာချုပ်(၁၄၇I/၂၀၁၂)ဖြင့် ဝယ်ယူပြီး မိခင်ဒေါ်အေးဆွေ၊ ဖခင်ဦးအိုက်ခမ်း၊အစ်ကို ဦးဝင်းဆွေ၊ အစ်မဒေါ်ခမ်းမွန်၊ ညီ ဖြစ်သူ ဦးထွန်းကျော်တို့သည် အသီးသီးကွယ်လွန်ခဲ့ပြီးဖြစ်၍ ကျန်ညီအစ်ကို ဦးစိုင်းထွန်းအေးနှင့် ဦးစိုင်းအောင်မြတ်တို့မှ ကျန်မြေ(၀.၀၃၄)ကေအား(၁၃-၅-၂၀၂၂)နေ့တွင်အမွေဆက်ခံစာချုပ်(၂၅၂IV/၂၀၂၂) ဖြင့်ဆက်ခံပြီး၎င်းတို့၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဦးရန်လောက်လူထံမှ(၂၁-၅-၂၀၂၃)ရက်တွင် ရောင်းဝယ်စာချုပ် (၄၂၈I/၂၀၂၃)ဖြင့် ဒေါ်ဖန်းလန် ၁၃/ကလတ(နိုင်)၀၃၀၆၀၃ ကဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်သဖြင့် မြေငှားဂရန် အမည်ပြောင်း ထပ်မံအသစ်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူရှိက(၁၅) ရက်အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ စနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် တည်ငြိမ်အေးချမ်းရေး (Peace and Stability) သည် အရေးအကြီးဆုံးဖြစ်...**

❖ **တည်ငြိမ်အေးချမ်းရေး ဆိုသည်မှာလည်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေခံပြီး ဆောင်ရွက်ရန် လိုအပ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၃ ခုနှစ်၊ မေလ ၅ ရက်နေ့တွင် ပြုလုပ်သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁/၂၀၂၃) သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)



## ရန်ကုန်မျက်စိအထူးကုဆေးရုံကြီးတွင် နေ့စဉ်လူနာ ၅၀၀ ခန့် ကုသပေးလျက်ရှိ

ရန်ကုန် အောက်တိုဘာ ၂၀

ရန်ကုန်မြို့တာမွေမြို့နယ် နတ်မောက်လမ်းရှိ ရန်ကုန်မျက်စိအထူးကုဆေးရုံကြီးတွင် အထွေထွေမျက်စိရောဂါနှင့် မျက်စိဘာသာရပ်ဆိုင်ရာ ဌာနခုနစ်ခုထားရှိပြီး နေ့စဉ် အတွင်းတိမ်လူနာ ၅၀ ခန့်၊ ပြင်ပလူနာ ၄၅၀ ခန့်တို့ကို မျက်စိရောဂါအထူးကုဆရာဝန်ကြီးများဖြင့် ကုသပေးလျက်ရှိကြောင်း သိရသည်။

"ဒီဆေးရုံက တစ်နိုင်ငံလုံးမှာရှိတဲ့ မျက်စိကုသမှုခက်ခဲတဲ့၊ လူနာတွေကို နောက်ဆုံးအဆင့်လွှဲပြောင်းကုသပေးရတဲ့ ဆေးရုံကြီးဖြစ်ပါတယ်။ အရင်က မျက်စိအတွင်းတိမ်လူနာ၊ အထွေထွေမျက်စိလူနာ၊ ရေတိမ်လူနာကုသပေးသလို ၂၀၁၄-၂၀၁၅ နောက်ပိုင်းမှာ

စာမျက်နှာ ၁၀ ကော်လံ ၃ ❖

## မိုင်းဟိန်း(တိုးချဲ့)ကြိုးပြင်ကာကွယ်တော သတ်မှတ်

နေပြည်တော် အောက်တိုဘာ ၂၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(င)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ မံစီမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၈,၈၄၁)ဧကရှိသော နယ်မြေကို **"မိုင်းဟိန်း(တိုးချဲ့) ကြိုးပြင်ကာကွယ်တော"** အဖြစ် အမိန့်ကြော်ငြာစာအမှတ်(၁၂၄/၂၀၂၃)အရ ၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက် (၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်)မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ❍



### ယနေ့ သတင်းအညွှန်း

တရုတ်နိုင်ငံက ဂရပ်ဖိုက်တင်ပို့မှုကို ဒီဇင်ဘာ ၁ ရက်မှ စတင်ကန့်သတ်မည် — နိုင်ငံတကာသတင်း စာ ၁၃

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ တိုင်းဒေသကြီးအချိန်တိုအတွင်းဖွံ့ဖြိုးဖို့ ဆက်ပြီးတော့ MSME လုပ်ငန်းတွေကို အားပေးမြှင့်တင်သွားပါမယ် — သေး၊ ငယ်၊ လတ် စီးပွားရေးလုပ်ငန်း စာ ၁၄

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ တပ်မတော်စခန်းများအား KIA အဖွဲ့က အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက် — ပြည်တွင်းသတင်း စာ ၁၆

## လေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်

နေပြည်တော် အောက်တိုဘာ ၂၀

ယနေ့ ညနေ ၅ နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ပိုမိုအားကောင်းလာနိုင်ကာ အောက်တိုဘာ ၂၂ ရက်တွင် ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်း၌ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

## MNL အမှတ်ပေးပြိုင်ပွဲတွင် ရောဝတီအသင်း အနိုင်ရ

ရန်ကုန် အောက်တိုဘာ ၂၀

၂၀၂၃ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၇) ပထမနေ့ကို အောက်တိုဘာ ၂၀ ရက်က ပြန်လည်ကျင်းပရာ ရောဝတီအသင်း နိုင်ပွဲရရှိပြီး ရတနာပုံနှင့် မဟာယူနိုက်တက် သရေကျခဲ့သည်။

စာမျက်နှာ ၁၀ ကော်လံ ၃ ✻

